တပေါ  စ  တေံ  မင်္ဂလ  မုတ္တမံ၊  မြိုးခြံစွာ  ကျင့်သုံးနေထိုင်ခြင်းသည်  မြတ်သောမင်္ဂလာမည်၏။


# မြန်မာ့အလင်း

၁၂၇၆ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၆ ခုနှစ်၊ နယုန်လဆန်း ၂ ရက်၊ ၂၀၀၄ ခုနှစ်၊ မေ ၂၀ ရက်၊ ကြာသပတေးနေ့၊ အတွဲ (၄၁)၊ အမှတ် (၂၃၀)


**နိုင်ငံရေးဦးတည်ချက် (၄) ရပ်**

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေး နှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

**စီးပွားရေးဦးတည်ချက် (၄) ရပ်**

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာ နှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူ တို့၏ လက်ဝယ်တွင်ရှိရေး

**လူမှုရေးဦးတည်ချက် (၄) ရပ်**

* တစ်မျိုးသားလုံး၏ စိတ်ဓာတ် နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့်ယဉ်ကျေးမှုအမွေအနှစ်များ၊အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

# ပို့ကုန်နှင့်သွင်းကုန်အခြေအနေအမြဲလေ့လာထိန်းကျောင်းမှတိုင်းပြည်စီးပွားရေးတိုးတက်မည်ဖြစ် ရေနံနှင့်သဘာဝဓာတ်ငွေ့ထုတ်လုပ်ရေး ကြီးမားကျယ်ပြန့်၍နောင်တွင်ပြည်ထောင်စုကဆောင်ရွက်သင့် သစ်တောသယံဇာတစီးပွားဖြစ်ထုတ်လုပ်ရေး၊သစ်အချောထည်တိုးချဲ့ထုတ်လုပ်ရေးဆောင်ရွက်လျက်ရှိ စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးသိပ္ပံနှင့်နည်းပညာဖွံ့ဖြိုးတိုးတက်ရန်အစဉ်ကြိုးပမ်းဆောင်ရွက် ပို့ဆောင်ဆက်သွယ်ရေးလုပ်ငန်းချောမွေ့ရန် ဆောင်ရွက်ရာတစ်နှစ်ထက်တစ်နှစ်ပိုမိုတိုးတက်လာ

ရန်ကုန်  မေ  ၁၉

မေ ၁၉ ရက်တွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စုခန်းမ၌ဆက်လက်ကျင်းပသော အမျိုးသားညီလာခံ စုံညီအစည်းအဝေးတွင် အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီဝင် တရားရုံးချုပ် တရားသူကြီးဦးတင်အေး၏ **"စီးပွားရေးကဏ္ဍ"** ရှင်းလင်းတင်ပြချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်။

*စာမျက်နှာ ၅ ကော်လံ ၁* ✻

အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင် စခန်းရှိ ပြည်ထောင်စုခန်းမ၌ ဆက်လက်ကျင်းပရာ သဘာပတိအဖြစ် အမျိုးသား ညီလာခံ ကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ဆောင်ရွက်စဉ်နှင့် တက်ရောက်သူများကို တွေ့ရစဉ်။ (သတင်းစဉ်)




## ကဏ္ဍအလိုက်ရှင်းလင်းတင်ပြချက်များ

✻ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏လူနေမှုဘဝတစ်ပြေးညီတိုးတက်ဖွံ့ဖြိုးလာစေရန် ပြည်ထောင်စု အဆင့်ကသာ စီးပွားရေးမူဝါဒများချမှတ်ပေးပြီး နိုင်ငံတော်တစ်ဝန်းလုံး လွှမ်းခြုံဆောင်ရွက်ပေးသင့်။

တရားရုံးချုပ် တရားသူကြီးဦးတင်အေး၏စီးပွားရေးကဏ္ဍ ရှင်းလင်းတင်ပြချက်(စာမျက်နှာ–၅)

✻ ပြည်ထောင်စုတစ်ဝန်းလုံးရှိ မြေကေပေါင်း ၁၆၇၁၆၀၀၀နှင့်စပ်လျဉ်းပြီး မြေယာစီမံခန့်ခွဲမှုများကို ပြည်ထောင်စု၏ အကြီးဆုံးဥပဒေပြုအဖွဲ့က ဥပဒေများပြဋ္ဌာန်းပေးပါမှ တစ်နိုင်ငံလုံးအနေဖြင့် တူညီမှုရှိမည်။

ရှေ့နေချုပ် ဦးအေးမောင်၏စိုက်ပျိုးရေးနှင့်မွေးမြူရေးကဏ္ဍ ရှင်းလင်းတင်ပြချက် (စာမျက်နှာ–၆)

✻ စွမ်းအင်၊ လျှပ်စစ်၊ သတ္တုနှင့် သစ်တောကဏ္ဍများ နိုင်ငံတစ်ဝန်းလုံးနှင့် အကျုံးဝင်နေသဖြင့် ပြည်ထောင်စု ဥပဒေပြုစာရင်းတွင်ဖော်ပြရန် ဆွေးနွေးအကြံပြု။

ရှေ့နေချုပ် ဦးအေးမောင်၏ စွမ်းအင်၊ လျှပ်စစ်၊ သတ္တုနှင့် သစ်တောကဏ္ဍ ရှင်းလင်းတင်ပြချက် (စာမျက်နှာ–၉)

✻ စက်မှုလုပ်ငန်းများကို ပြည်ထောင်စုကဆောင်ရွက်မှသာ ပိုမိုတိုးတက်ဖွံ့ဖြိုးနိုင်မှာဖြစ်ပြီး လိုအပ်သည့်ဥပဒေများကို ပြည်ထောင်စု လွှတ်တော်က ပြဋ္ဌာန်းပေးသင့်။

လုပ်ငန်းကော်မတီအတွင်းရေးမှူး ဦးသောင်းညွှန့်၏ စက်မှုလက်မှုကဏ္ဍ ရှင်းလင်းတင်ပြချက် (စာမျက်နှာ–၁၀)

✻ ပို့ဆောင်ရေးနှင့် စပ်လျဉ်းသည့် ဥပဒေများပြဋ္ဌာန်းဖို့လိုအပ်လာလျှင် ပြည်ထောင်စုလွှတ်တော်က ပြဋ္ဌာန်းမှသာ နိုင်ငံတစ်ဝန်းလုံး တစ်ပြေးညီ ကျင့်သုံးနိုင်မည်။

လုပ်ငန်းကော်မတီအတွင်းရေးမှူး ဦးသောင်းညွှန့်၏ ပို့ဆောင်ဆက်သွယ်ရေးကဏ္ဍရှင်းလင်းတင်ပြချက် (စာမျက်နှာ–၁၁)

**အမျိုးသားညီလာခံကို ကြိုဆိုပါ၏။**

20-5 (01).p65 1 03/26/1905, 3:11 PM

မြန်မာ့အလင်း

## အယ်ဒီတာ့ အာဘော်

(၂၀၀၆ ခုနှစ်၊ မေလ ၂၀ ရက်)

# အသေးစိတ် အခြေခံရမည့်မူများအားလုံး သိမ်မွေ့နက်နဲ ပြည်ထောင်စုသားအားလုံး၏အကျိုး ဦးတည်စဉ်းစား

အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို မေလ ၁၈ ရက်နေ့ နံနက်ပိုင်းတွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စုခန်းမ၌ ဆက်လက်ကျင်းပရာ အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုးက နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံ ဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှု အပိုင်းများအတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများနှင့်စပ်လျဉ်း၍လည်းကောင်း၊ လုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ ရှေ့နေချုပ် ဦးအေးမောင်က ကာကွယ်ရေးနှင့်လုံခြုံရေးကဏ္ဍကို လည်းကောင်း ရှင်းလင်းတင်ပြသည်။

ထို့နောက် အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီ အတွင်းရေးမှူး ဦးသောင်းညွန့်က နိုင်ငံခြားရေးကဏ္ဍကိုလည်းကောင်း၊ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဝင်များဖြစ်ကြသော ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသိန်းစိန်နှင့် ဒုတိယရှေ့နေချုပ် ဒေါက်တာထွန်းရှင်တို့က ဘဏ္ဍာရေးနှင့် စီမံကိန်းကဏ္ဍကိုလည်းကောင်း ရှင်းလင်းတင်ပြခဲ့ကြသည်။

နိုင်ငံတော်အချုပ်အခြာအာဏာများ၏ ခက်မ သုံးဖြာဖြစ်သော ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေး အာဏာနှင့် တရားစီရင်ရေးအာဏာတို့ကို တတ်နိုင်သမျှ ပိုင်းခြားသုံးစွဲရန်နှင့် အချင်းချင်း အပြန်အလှန် ထိန်းကျောင်းရန်ဟူသည့် အခြေခံရမည့်မူနှင့် ထိုသို့ပိုင်းခြားထားသည့် နိုင်ငံတော်အာဏာသုံးရပ်ကို ပြည်ထောင်စု၊ တိုင်းဒေသကြီးများ သို့မဟုတ် ပြည်နယ်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုများအား ခွဲဝေအပ်နှင်းရန် ဆိုသည့် အခြေခံရမည့်မူများကို အမျိုးသားညီလာခံက ချမှတ်ထားပြီးဖြစ်သည်။

ယခုကျင်းပလျက်ရှိသည့် အမျိုးသားညီလာခံအနေဖြင့် ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာနှင့် တရားစီရင်ရေးအာဏာတို့ကို ပြည်ထောင်စု၊ တိုင်းဒေသကြီးများ သို့မဟုတ် ပြည်နယ်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုများအား ခွဲဝေအပ်နှင်းရေး (Division of Power)နှင့် ထိုနိုင်ငံတော် အာဏာသုံးရပ်ကို ခွဲဝေအပ်နှင်းသည့်အခါ တတ်နိုင်သမျှ အချင်းချင်းအပြန်အလှန် ထိန်းကျောင်းရေး (Check and Balance)အတွက် လိုအပ်မည့် အသေးစိတ်အခြေခံရမည့်မူများကို ဆွေးနွေးချမှတ်သွား ရမည် ဖြစ်သည်။

နိုင်ငံတော်တွင် ကာကွယ်ရေးနှင့် လုံခြုံရေးအင်အားတောင့်တင်းမှ တိုင်းတစ်ပါး၏ ကျူးကျော်မှုကို ကာကွယ်နိုင်မည် ဖြစ်သည်။ နိုင်ငံတော်ကို ကာကွယ်နိုင်ရန် အင်အားတောင့်တင်းပြီး ခေတ်မီသည့် တစ်ခုတည်းသော တပ်မတော်ထားရှိရန် လိုအပ်သည်။

နိုင်ငံတော်၏ ဘဏ္ဍာရေးနှင့် စီမံကိန်းလုပ်ငန်းများကို နိုင်ငံတစ်ဝန်းလုံး တစ်ပြေးညီကျင့်သုံးမှ တိုးတက်မည်ဖြစ်သည်။ ပြည်သူများ၏ လူနေမှုအဆင့် မြင့်တင်ရေးနှင့် အမျိုးသားစီးပွားရေး ဖွံ့ဖြိုးစေရေး ရှေးရှု ဆောင်ရွက်ရမည်ဖြစ်သည်။

မြန်မာနိုင်ငံ၌ နိုင်ငံရေးစနစ်၊ စီးပွားရေးစနစ်များသည် အခြေခံကစပြီး ပြောင်းလဲကျင့်သုံးရမည် ဖြစ်၍ ထိုသို့ ပြောင်းလဲသွားသည့် နိုင်ငံရေးစနစ်၊ စီးပွားရေးစနစ်နှင့် သဟဇာတဖြစ်ရမည့်အပြင် ပြောင်းလဲကျင့်သုံးသည့် နိုင်ငံရေးစနစ်၊ စီးပွားရေးစနစ်ကို ကောင်းစွာ ပဲ့ကိုင်ထိန်းကျောင်းနိုင်စွမ်းရှိသည့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ် ခိုင်ခိုင်မာမာရှိရန် အလွန်အရေးကြီးပေသည်။

အတိတ်ဖြစ်ရပ်များကို သင်ခန်းစာယူ၍ ပစ္စုပ္ပန်ကာလ၌ မြင်တွေ့ကြားသိနေသည့် ဂိုဏ်းဂဏစွဲ၊ ဝါဒစွဲ၊ နယ်ချဲ့အလိုတော်ရိ ဖောက်ပြန်ရေးဝါဒီများ၏ အန္တရာယ်ကိုသတိမူပြီး အနာဂတ်နိုင်ငံတော်ကို အမှန်တကယ် အမှီအခိုကင်း၍ လောင်းရိပ်ရှင်းပြီး ကိုယ့်ပြည်သူများကသာ ကိုယ့်အရေးအရာအားလုံးကို ဆုံးဖြတ်နိုင်သည့် အခြေအနေမျိုးရှိစေရန် ကြိုးစားကြရမည်ဖြစ်သည်။ ယနေ့အထိ အမျိုးသားညီလာခံက ရရှိနေသည့် အသီးအပွင့်ဖြစ်သည့် အခြေခံမူ ၁၀၄ ချက်ကို မျက်ခြည်ပြတ်မခံဘဲ လိုအပ်သည့် အသေးစိတ်အခြေခံရမည့်မူများရရှိရန် အမျိုးသားညီလာခံ ကိုယ်စားလှယ်ကြီးများအားလုံးက ဆက်လက်ပြီး ဖွဲ၊ သတ္တိရှိရှိကြိုးပမ်းကြရန် လိုပေသည်။

သို့ဖြစ်ရာ အမျိုးသားညီလာခံကိုယ်စားလှယ်များအနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေ မူကြမ်းရေးဆွဲရာတွင် ပါဝင်ရမည့် အသေးစိတ်အခြေခံရမည့် မူအားလုံးသည် သိမ်မွေ့နက်နဲသည့်အလျောက် ပြည်ထောင်စုသားအားလုံး၏ အကျိုးစီးပွားကို ဦးတည် စဉ်းစားလုပ်ဆောင်သွားကြရန် တိုက်တွန်း ရေးသားလိုက်ရပါသည်။ ။

## မြဝတီရုပ်မြင်သံကြား

၂၀-၅-၂၀၀၆
(ကြာသပတေးနေ့)

**နံနက်ပိုင်း**

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ အဖွင့်သီချင်း
- ၇:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
- ၇:၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

**ညပိုင်း**

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၄:၂၀ ၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၄:၂၅ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၄:၃၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
- ၄:၄၅ ၇။ ရွှင်ကြည်ပြုံးစရာ တေးကဗျာ
- ၄:၅၅ ၈။ မျိုးချစ်တပ်မတော်
- ၅:၀၅ ၉။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် Hypothesis Testing (I) (စီးပွားရေး၊ စီးပွားစီမံ)
- ၅:၃၅ ၁၀။ တိုင်းကျိုးပြည်ပြုတို့ရှေးရှု
- ၅:၄၅ ၁၁။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၆:၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၁၃။ နိုင်ငံတကာသတင်း
- ၆:၂၀ ၁၄။ မိုးလေဝသသတင်း
- ၆:၂၅ ၁၅။ မြန်မာ့ရှုခင်း
- ၆:၄၀ ၁၆။ လျှပ်တစ်ပြက်
- ၇:၀၀ ၁၇။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"လက်ကိုင်အိတ်ဒီဇိုင်း အဆန်းနဲ့ အရမ်းကိုလှ"** (အပိုင်း-၃)
- ၈:၀၀ ၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၂၀။ လျှပ်တစ်ပြက်
- ၂၁။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
- ၂၂။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"အမှန်တရားဘက်က လှုပ်ရှားစားသမား"** (အပိုင်း-၂)

## ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

# ညောင်တုန်း ရေနံနှင့်သဘာဝဓာတ်ငွေ့မြေ တွင်းသစ်အမှတ်(၂၂)အား ဝန်ကြီးဗိုလ်မှူးချုပ်လွန်းသီစစ်ဆေး

ရန်ကုန် မေ ၁၉

**စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီသည် တာဝန်ရှိသူများလိုက်ပါလျက် ယမန်နေ့မွန်းလွဲပိုင်းက ဧရာဝတီတိုင်း ညောင်တုန်းမြို့နယ်ရှိ ညောင်တုန်း ရေနံနှင့်သဘာဝဓာတ်ငွေ့မြေမှ ငါးမိုင်အကွာ ညောင်တုန်းမြို့၏ အရှေ့ဘက် တစ်မိုင်ခွဲအကွာရှိ အသစ်ထပ်မံ ရှာဖွေတွေ့ရှိသော တွင်းသစ် အမှတ်(၂၂)သို့ သွားရောက် ကြည့်ရှုစစ်ဆေးသည်။**

ရှေးဦးစွာ ဝန်ကြီးအား ညောင်တုန်း ရေနံနှင့်သဘာဝဓာတ်ငွေ့မြေ ရှင်းလင်းဆောင်၌ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း အင်ဂျင်နီယာချုပ် (တူးဖော်ရေး) ဦးရဲခေါင်က ညောင်တုန်း တွင်းအမှတ်(၂၂)ကို အောင်မြင်စွာ တူးဖော်ဆောင်ရွက်ခဲ့မှုအခြေအနေ၊ လက်ရှိ ထုတ်လုပ်နေမှုအခြေအနေတို့ကို ရှင်းလင်းတင်ပြရာ ခေတ္တ ဦးဆောင်ညွှန်ကြားရေးမှူး ဦးမြင့်ကြည်က ဖြည့်စွက် ရှင်းလင်းတင်ပြပြီး ဝန်ကြီးက ညောင်တုန်း ဘူမိအနေအထားနှင့် ဆက်စပ်လျက်ရှိသည့် မအူပင်၊ ပန်းတနော်ဒေသများအတွင်း တွင်းသစ်များ ဆက်လက်ရှာဖွေတူးဖော်နိုင်ရေး၊ ရေနံနှင့် သဘာဝဓာတ်ငွေ့ တိုးတက်ထုတ်လုပ်နိုင်ရေး၊ ယခုတွင်းသစ်အမှတ်(၂၂)မှ ညောင်တုန်း-မြို့ချောင်း ၁၀ လက်မ ပိုက်လိုင်း အတွင်းသို့ လိုင်းပေါင်းဆက်သွယ်လျက်ရှိသည့် ခြောက်လက်မ သဘာဝဓာတ်ငွေ့ပိုက်လိုင်းအသစ်ကို အချိန်မီ ဆက်သွယ်ခင်းကျင်းနိုင်ရေး လိုအပ်သည်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးပြီး ရှေ့လုပ်ငန်းစဉ်များကို ချမှတ်ပေးသည်။

### ကြည့်ရှုစစ်ဆေး

ထို့နောက် ဝန်ကြီးသည် တွင်းတူးဖော်ရေး ဆောင်ရွက်ခဲ့ကြသည့် ဝန်ထမ်းများအား ဂုဏ်ပြုဆုငွေများကို ချီးမြှင့်သည်။ ဆက်လက်၍ ဝန်ကြီးသည် တွင်းသစ်အမှတ်(၂၂) သို့ သွားရောက်ကာ တွင်းတူးဖော်ပြီးစီးမှုနှင့် ထုတ်လုပ်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။ **(အပေါ်ပုံ)** အဆိုပါ တွင်းသစ်အမှတ်(၂၂)မှ သဘာဝဓာတ်ငွေ့ ကုဗပေ ၃ ဒသမ ၇ သန်းခန့်ကို နေ့စဉ်ထုတ်လုပ်ပေးနိုင်မည် ဖြစ်သည်။ ယင်းနောက် ဝန်ကြီးသည် တွင်းသစ်အမှတ်(၂၂)မှ ညောင်တုန်း-မြို့ချောင်း ၁၀ လက်မပိုက်လိုင်းအတွင်းသို့ လိုင်းပေါင်းဆက်သွယ်လျက်ရှိသည့် ၃ ဒသမ ၃ မိုင် အရှည်ရှိ ခြောက်လက်မ သဘာဝဓာတ်ငွေ့ပိုက်လိုင်းအသစ် ဆက်သွယ်ရေးလုပ်ငန်းခွင်သို့ သွားရောက် ကြည့်ရှုစစ်ဆေးသည်။ အဆိုပါ ပိုက်လိုင်းကို ၂၀၀၆ ခုနှစ် မေလ နောက်ဆုံးပတ်ခန့်တွင် ဆက်သွယ်ပြီးစီးမည်ဖြစ်ပြီး ပြီးစီးပါက တွင်းသစ်အမှတ်(၂၂)မှထွက်ရှိမည့် သဘာဝဓာတ်ငွေ့ ကုဗပေ ၃ ဒသမ ၇ သန်းကို တိုးတက် ပို့လွှတ်နိုင်မည်ဖြစ်သည်။ ဆက်လက်၍ ဝန်ကြီးသည် ညောင်တုန်းမြို့နယ်ရှိ မြန်မာ့ရေနံနှင့်ဓာတုဗေဒလုပ်ငန်း ရေနံဓာတ်ငွေ့ရည် စက်ရုံ စမ်းသပ်လည်ပတ်နေမှုအခြေအနေကို သွားရောက် ကြည့်ရှုစစ်ဆေးသည်။

### ပေးပို့ဖြန့်ဖြူး

ယခုအခါ ညောင်တုန်း ရေနံနှင့်သဘာဝဓာတ်ငွေ့မြေတွင် တွင်းပေါင်း ၁၇ တွင်းမှ နေ့စဉ်သဘာဝဓာတ်ငွေ့ ကုဗပေ ၉၆ ဒသမ ၉ သန်းခန့်နှင့် လေဆီ(Condensate) ၁၂၂၀ စည်ခန့်ကို ထုတ်လုပ်ပေးလျက်ရှိသည်။ ထွက်ရှိလာသော သဘာဝဓာတ်ငွေ့များကို ရန်ကုန်ဒေသနှင့် မြန်မာပြည်အလယ်ပိုင်းဒေသများရှိ သဘာဝဓာတ်ငွေ့သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံများ၊ စက်ရုံ၊ အလုပ်ရုံများသို့ လုံလောက်စွာ ပေးပို့ဖြန့်ဖြူးလျက်ရှိကြောင်း သတင်း ရရှိသည်။ **(သတင်းစဉ်)**

# သီတဂူဆရာတော်တရားပွဲ

**ရန်ကုန် မေ ၁၉**

မြန်မာနိုင်ငံ တောင်တန်းဒေသ ဗုဒ္ဓသာသနာပြုအဖွဲ့နှင့် ထေရဝါဒ ဗုဒ္ဓသာသနာပြု(ဗဟို)အဖွဲ့ဥက္ကဋ္ဌဖြစ်သော အဂ္ဂမဟာ သီရိသုဓမ္မ မဏိဇောတဓရ အဏ္ဏဝါ ဦးသန်းအောင် အနီးကပ် ကြီးကြပ်၍ အသစ်တစ်ဖန် ပြန်လည် တည်ဆောက်ပြီး စစ်ကိုင်းတောင်ရိုး ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် အဓိပတိ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ အဂ္ဂမဟာပဏ္ဍိတ သီတဂူဆရာတော် အရှင် ဒေါက်တာဉာဏိဿရ (D.Litt;) လှူဒါန်းသော တောင်တွင်းကြီးမြို့နယ် သံဖြူမဟာအောင်မြေ (အရှိချင်းကျေးရွာရှိ) တိလောကမှန်ကူ သယမ္ဘူ ရာပြည့်စေတီတော် ရွှေထီးတော်တင် လှူပွဲ မင်္ဂလာအခမ်းအနားကို ဇွန် ၂ ရက် ဗုဒ္ဓဟူးနေ့ နံနက်တွင်ကျင်းပမည်ဖြစ်ရာ ထီးတင်ပွဲ အကြိုအဖြစ် ဇွန် ၁ ရက် ည ၇ နာရီတွင် တောင်တွင်းကြီးမြို့နယ် သံဖြူမဟာအောင်မြေ ရာပြည့်ကွင်း၌ သီတဂူဆရာတော် အရှင် ဒေါက်တာ ဉာဏိဿရ(D.Litt;)အရှင်သူမြတ်က နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားတော်မူမည်ဟုသိရသည်။ **(က-ပ)**

## သံအမတ်ကြီး ဦးစိုးမြင့်အား ပူးတွဲခန့်အပ်

**ရန်ကုန် မေ ၂၀**

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌသည် အီဂျစ် အာရပ်သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုမြန်မာနိုင်ငံတော် သံအမတ်ကြီးဦးစိုးမြင့်အား အယ်လ်ဂျီးရီးယား ပြည်သူ့ဒီမိုကရက်တစ်သမ္မတ နိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စု မြန်မာနိုင်ငံတော်၏ သံအမတ်ကြီး အဖြစ် ပူးတွဲခန့်အပ်လိုက်ပြီးဖြစ်သည်။

**(သတင်းစဉ်)**

## တာထွက်ကောင်း၍ လမ်းကြောင်းမှန်

* တို့တိုင်းမြန်ပြည်၊ ဝပြောစည်၍
အရှည်ခိုင်ခံ့၊ တည်တံ့စေရန်
ရည်သန်စိတ်ထား၊ ပြည်ချစ်သားတိုင်း
မျိုးချစ်တိုင်းမှာ၊ ရှိကြပါ၏။
* စိတ်မှာမှန်းရည်၊ ဖြစ်တည်လိုမှု
ရှေးရှုသွားရာ၊ လမ်းမဟာတွက်
တာစထွက်ရန်၊ ညီလာခံသည်
အမှန်လှုပ်ရှား နေချေပြီ။
* စိတ်ထားမွန်မြတ်၊ ကောင်းမြတ်စေတနာ
ဓာတ်ခံပါ၍၊ ပြည်ရွာအကျိုး
အမျိုးမြန်မာ၊ ဂုဏ်သိက္ခာလျှင်
အထွတ်တင်လျက်၊ ကင်းစင်အမှောင်
အနှောင်မဲ့ကင်း၊ လွတ်လပ်ခြင်းနှင့်
ရှင်းလင်းအမြင်၊ ကြည်လင်သူများ
ပေါင်းစုအားဖြင့်၊ လှုပ်ရှားနေဟန်
ညီလာခံသည်၊ သွင်ဟန်ကျနု
တည်ငြိမ်လှ၍
အားရဖွယ်ရာ တွေ့ရပါ၏။
* အနှောင်မဲ့ကင်း၊ အမြင်ရှင်း၍
စိတ်ရင်းမှုမှန် ညီလာခံ
အမှန်အောင်ရမည်။
* တာထွက်ကောင်း၍
လမ်းကြောင်းအမှန် ညီလာခံ
အမှန်အောင်ရမည်။ ။

**မေရှု**

## ရောင်သွေးစုံလင် ညီလာသဘင်

☆ ရောင်သွေးစုံ ယှက်ကာစု
သက်တန့်ဟု ခေါ်တွင်နေ
အာကာဗွေ ထင်လာကိုင်း
စက်ဝိုင်းပြေပြေ၊
နှစ်သက်လို့ ရွှင်မြူးသာစေ
"မိုး"နဲ့ "နေ" ပေးယူမှု
ကြောင်းခြင်းရာ ပေါင်းဆုံကြ
ရောင်သွေးဖြာ ပန်းရ
ရှုလို့မဝ။
☆ ညောင်နှစ်ပင် သာစခန်း
မိုးဆမ်းစ ဝသန်ခါ
လက်တွဲကာ ညီနောင်များ
အမျိုးသားညီလာ၊
ဆွေးနွေးစို့ စုံညီညာ
တက်ကြွစွာ ပါဝင်ရေး
စေတနာ မေတ္တာမွေး
ပြည်ထောင်စုအရေး။
☆ 'ရှမ်း' 'ဗမာ' 'မွန်' 'ကယား'
သွေးရင်းသား 'ရခိုင်' 'ကရင်'
'ချင်း' 'ကချင်' လက်ယှက်ထား
ရိုးသားခုံမင်၊
ပြည်နယ်တိုင်း ရောင်သွေးစုံလင်
သွင်ပြင်က တစ်မြေတစ်သား
တစ်ပြည်ထောင် တိုင်းရင်းသား
သွေးကမခြား။
☆ ပြည်ထောင်စု ခန်းမကြီး
အံ့ချီးပ ထည်ထည်ဝါ
တည်းခိုရာ ဆောင်ဆောင်ခန်း
စီတန်းညီညာ၊
ဆိုင်ခန်းက စီရီကာ
ကိုယ်လက်ပါ လှုပ်လှုပ်ရှား
လေ့ကျင့်ကာ ပျော်ပျော်ပါး
ဘက်စုံကစား။
☆ စုံညီစွာ တစ်စုတစ်ဝေး
ကျွေးမွေးတဲ့ ရိပ်သာမွန်
ချိန်မှန်စွာ ဝန်ဆောင်ပေး
နွေးထွေး ကျေပွန်၊
ဆင်ပြင်က သင့်တင့်ကောင်းမွန်
တတ်ပွန်တဲ့ အခင်းအကျင်း
ရိပ်သာကို ဝင်ဝင်ချင်း
ရနံ့ကသင်း။
☆ လိုအပ်ခါ အမြန်မနှေး
စစ်ဆေးဖို့ ဆေးရုံပါ
ဆံသကာ ခဝါပေး
ညစ်ထေး လျှော်စရာ၊
မကျန်ရ ဖြူတီပါလာ
မေကညာ ချိန်မရွေး
တန်းစီကာ အလှည့်ပေး
တေးဆိုကြသေး။ ။

**ကျော်စောဟန်**

■ **ကျောဖုံးမှ**

ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ၊ မြို့(ခေါ်)ခမီ အမျိုးသားညီညွတ်ရေးအဖွဲ့၊ တစ်သီးပုဂ္ဂလတို့မှ ရွေးချယ်ခြင်းခံရသော ကိုယ်စားလှယ်များ၊ တိုင်းရင်းသားကိုယ်စားလှယ်များဖြစ်ကြသည့် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ စစ်ကိုင်းတိုင်း၊ တနင်္သာရီတိုင်း၊ ပဲခူးတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်း၊ ရန်ကုန်တိုင်း၊ ဧရာဝတီတိုင်းတို့မှ တိုင်းရင်းသားကိုယ်စားလှယ်များ၊ တောင်သူလယ်သမားကိုယ်စားလှယ်များဖြစ်သည့် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ စစ်ကိုင်းတိုင်း၊ တနင်္သာရီတိုင်း၊ ပဲခူးတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်း၊ ရန်ကုန်တိုင်း၊ ဧရာဝတီတိုင်းတို့မှ တောင်သူလယ်သမားကိုယ်စားလှယ်များ၊ အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များ၊ အလုပ်သမား ကိုယ်စားလှယ်များဖြစ်ကြသည့် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ် (တောင်ပိုင်း)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ စစ်ကိုင်းတိုင်း၊ တနင်္သာရီတိုင်း၊ ပဲခူးတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်း၊ ရန်ကုန်တိုင်း၊ ဧရာဝတီတိုင်းတို့မှ အလုပ်သမားကိုယ်စားလှယ်များ၊ နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များ ဖြစ်ကြသည့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး၊ နိုင်ငံတော်သမ္မတရုံး၊ ပြည်သူ့လွှတ်တော်ရုံး၊ အစိုးရအဖွဲ့ရုံး၊ တရားရုံးချုပ်၊ ရှေ့နေချုပ်ရုံး၊ စာရင်းစစ်ချုပ်ရုံး၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်ရုံး၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ၊ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီနှင့် ဝန်ကြီးဌာန အသီးသီးမှ နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များ၊ အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များတွင် တစ်ဦးချင်း ဖိတ်ကြားထားသူများနှင့် ငြိမ်းချမ်းရေး ရယူထားသော အဖွဲ့အစည်းများဖြစ်ကြသည့် ရှမ်းပြည်နယ်(မြောက်ပိုင်း) အထူးဒေသ(၁)၊ ရှမ်းပြည်နယ်(မြောက် ပိုင်း) အထူးဒေသ(၂)၊ရှမ်းပြည်နယ် (မြောက်ပိုင်း) အထူးဒေသ(၃)၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း)အထူးဒေသ(၄)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)အထူးဒေသ(၅)(KDA)၊ ရှမ်းပြည်နယ်(တောင်ပိုင်း)အထူးဒေသ(၆)၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)အထူးဒေသ(၇)၊ ကချင်ပြည်နယ်အထူးဒေသ(၁)၊ ကချင်ပြည်နယ်အထူးဒေသ(၂)၊ကယားပြည်နယ် အထူးဒေသ(၁)၊ ကယားပြည်နယ် အထူးဒေသ(၂)၊ ကယားပြည်နယ် အထူးဒေသ(၃)၊ ကရင်နီအမျိုးသားတိုးတက်ရေးပါတီ(KNDP)နဂါးအဖွဲ့၊ ကရင်နီအမျိုးသားတိုးတက်ရေးပါတီ (KNPP)ခွဲထွက်(ဟိုယာ)၊ ကရင်နီအမျိုးသားစည်းလုံးညီညွတ်ရေးအဖွဲ့ (ကမစည)၊ ရှမ်းပြည်နယ်လူမျိုးပေါင်းစုံ ပြည်သူ့လွတ်မြောက်ရေးအဖွဲ့(ရလလဖ)၊ မွန်ပြည်သစ်ပါတီ၊ တိုးတက်သောဗုဒ္ဓဘာသာကရင်အမျိုးသားအစည်းအရုံး(DKBA)၊ ဟောင်သရောအထူးဒေသအဖွဲ့၊ ဘုရားကုန်းအထူးဒေသအဖွဲ့၊ ရှမ်းပြည်နယ်အမျိုးသား တပ်မတော်၊ ဗမာပြည်ကွန်မြူနစ်ပါတီ(ရခိုင်အဖွဲ့)၊ ဟိုမိန်းဒေသ သက်သာချောင်ချိရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့၊ ရွှေပြည်အေး(MTA) အလင်းဝင်အဖွဲ့၊ မန်ပန်ဌာနေပြည်သူ့စစ်အဖွဲ့၊ မွန်လက်နက်ကိုင်ငြိမ်းချမ်းရေးအဖွဲ့(ချောင်ချိဒေသ)၊ မွန်(ခွဲထွက်) နိုင်စိုက်ချမ်းအဖွဲ့၊ ရခိုင်တပ်မတော် (အေအေ)အဖွဲ့တို့မှ ညီလာခံကိုယ်စားလှယ်များ တက်ရောက်ကြပြီး အစည်းအဝေး တက်ရောက်ကြောင်း မှတ်တမ်းတွင် မှတ်တမ်းတင်လက်မှတ်ရေးထိုးကြသည်။

ယနေ့ကျင်းပသည့် အမျိုးသားညီလာခံ စုံညီအစည်းအဝေးတွင် သဘာပတိအဖြစ် အမျိုးသားညီလာခံကျင်းပရေးကော်မရှင် ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က ဆောင်ရွက်ပြီး အခမ်းအနားမှူးအဖြစ် အမျိုးသားညီလာခံကျင်းပရေး ကော်မရှင် အတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ဆောင်ရွက်သည်။

ရှေးဦးစွာအခမ်းအနားမှူးအမျိုးသားညီလာခံကျင်းပရေးကော်မရှင် အတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ယနေ့(၁၉-၅-၂၀၀၄)ရက်တွင်ကျင်းပသည့် အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် ညီလာခံကိုယ်စားလှယ် ၁၀၈၈ ဦးရှိသည့်အနက် ညီလာခံကိုယ်စားလှယ် ၁၀၇၂ ဦး တက်ရောက်သည့်အတွက် ရာခိုင်နှုန်းအားဖြင့် ၉၈ဒသမ ၅၃ ရာခိုင်နှုန်း ရှိသဖြင့် စုံညီအစည်းအဝေးအထမြောက်ကြောင်းနှင့်အစည်းအဝေးစတင်ဖွင့်လှစ်ကြောင်း ကြေညာသည်။

အစီအစဉ်အရ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းများအတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများနှင့် စပ်လျဉ်း၍ အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီက ကဏ္ဍအလိုက်ရှင်းလင်းတင်ပြရာတွင် ရှေးဦးစွာ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဝင် တရားရုံးချုပ် တရားသူကြီး ဦးတင်အေးက **"စီးပွားရေးကဏ္ဍ"**ကို ရှင်းလင်းတင်ပြပြီး အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုးက **"စိုက်ပျိုးရေးနှင့်မွေးမြူရေးကဏ္ဍ"**ကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ ရှေ့နေချုပ်ဦးအေးမောင်က **"စိုက်ပျိုးရေး နှင့် မွေးမြူရေးကဏ္ဍ"**နှင့် **"စွမ်းအင်၊လျှပ်စစ်၊သတ္တုနှင့် သစ်တောကဏ္ဍ"**တို့ကို ရှင်းလင်းတင်ပြပြီး စုံညီအစည်းအဝေးကို ခေတ္တရပ်နားသည်။

ယင်းနောက် စုံညီအစည်းအဝေးကို နံနက် ၁၀ နာရီ ၄၅ မိနစ်တွင် ပြန်လည်ကျင်းပရာ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီ အတွင်းရေးမှူး ဦးသောင်းညွန့်က **"စက်မှုလက်မှုကဏ္ဍ"**နှင့် **"ပို့ဆောင်ဆက်သွယ်ရေးကဏ္ဍ"**တို့ကို ရှင်းလင်းတင်ပြပြီး ယနေ့ ကျင်းပသည့် အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို နံနက်ပိုင်းတွင် ရပ်နားလိုက်သည်။

(အမျိုးသား ညီလာခံကျင်းပရေး လုပ်ငန်းကော်မတီ၏ ကဏ္ဍအလိုက် ရှင်းလင်း တင်ပြချက်များကို သီးခြားဖော်ပြထားပါသည်။)

အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို မေ ၂၀ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်သည်။ **(သတင်းစဉ်)**

## ညီလာခံ ကိုယ်စားလှယ်များ တက်ရောက်

**အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စုခန်းမ၌ ဆက်လက်ကျင်းပရာ အမျိုးသားညီလာခံ ကိုယ်စားလှယ်များ တက်ရောက်ကြစဉ်။**

**(သတင်းစဉ်)**

# မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်သို့ အလှူငွေနှင့်ပစ္စည်းများ ပေးအပ်လှူဒါန်း

ရန်ကုန် မေ ၁၉

**မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်သို့ စေတနာရှင်အလှူရှင်များက အလှူငွေနှင့်ပစ္စည်းများပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ သံလွင်လမ်းရှိ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံအမျိုးသမီးရေးရာ အဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေ တက်ရောက်၍ အလှူငွေနှင့် ပစ္စည်းများလက်ခံသည်။** (အပေါ်ပုံ)

အခမ်းအနားသို့ မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ပါမောက္ခ ဒေါက်တာ ဒေါ်မေမေရီ၊ ဒေါ်ခင်လေးသက်၊ ဒေါ်သန်းသန်းနွဲ့နှင့် ဒေါ်ခင်ခင်ဝင်း၊ အထွေထွေ အတွင်းရေးမှူး ပါမောက္ခဒေါက်တာဒေါ်ခင်အေးဝင်း၊ ယဉ်ကျေးမှုအဖွဲ့ အကြံပေးပုဂ္ဂိုလ်များ၊ အမှုဆောင် အဖွဲ့ဝင်များနှင့် အလှူရှင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာ ဒေါ်ခင်ဝင်းရွှေက လှူဒါန်းခြင်းနှင့်စပ်လျဉ်း၍ ကျေးဇူးတင်စကားပြောကြားသည်။

### ပေးအပ်လှူဒါန်း

ထို့နောက် အလှူရှင် သုခမိန်ဗီဒီယိုထုတ်လုပ်ရေးနှင့် ကတ္တီပါရင်ခွင် ရုပ်ရှင်ထုတ်လုပ်ရေးအဖွဲ့က ငွေကျပ်သိန်း ၃၀၊ ရွှေနေချုပ်ဦးအေးမောင်နှင့်ဇနီး ဒေါ်ခင်မြမြတို့က ငွေကျပ်နှစ်သိန်း၊အမှတ်(၂)စက်မှု ဝန်ကြီးဌာနက ငွေကျပ်သုံးသိန်း၊ ဦးအောင်ဇော်ရဲမြင့်(ရဲတံခွန်ကုမ္ပဏီ)က ငွေကျပ်ငါးသိန်း၊ ဓနအောင်ကုမ္ပဏီ မန်နေဂျင်းဒါရိုက်တာဦးစိုးသိန်းနှင့်ဇနီး ဒေါ်ခင်ချိုအုန်း(ဒုတိယတိုင်းဥပဒေအရာရှိ–ရန်ကုန်)က ငွေကျပ် ငါးသိန်းနှင့် ငွေကျပ်ခြောက်သိန်းတန်ဖိုးရှိ ရင်ထိုး ၅၀၀၀၊ ဒေါ်သီသီလွင်၊ ဒေါ်နီနီလွင်၊ ဒေါ်လွင်လွင်မေ၊ ဒေါ်သွဲ့ယဉ်ယဉ်ကျော် တို့က ငွေကျပ်နှစ်သိန်း၊ Tri Star General Trading Co. Ltd. က ငွေကျပ်ခြောက်သိန်းတစ်သောင်းတန်ဖိုးရှိ ROSE တံဆိပ် အပ်ချုပ်စက်ခေါင်းအလုံး ၂၀ တို့ကို အသီးသီး ပေးအပ်လှူဒါန်းကြရာ အဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါက်တာ ဒေါ်ခင်ဝင်းရွှေက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

**(သတင်းစဉ်)**

# စွမ်းအင်ဒုတိယဝန်ကြီး မြန်အောင်ရေနံမြေ စစ်ဆေး ရေနံနှင့် သဘာဝဓာတ်ငွေ့များ တိုးတက်ထုတ်လုပ်ရန်မှာကြား

ရန်ကုန် မေ ၁၉

**စွမ်းအင်ဝန်ကြီးဌာနဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေးသည် တာဝန်ရှိသူများ လိုက်ပါလျက် မေ ၁၆ရက်တွင် ဧရာဝတီတိုင်း မြန်အောင်ဒေသရှိ ရေနံနှင့် သဘာဝဓာတ်ငွေ့မြေသို့ သွားရောက်စစ်ဆေးသည်။**

ဒုတိယဝန်ကြီးနှင့် အဖွဲ့အား ရေနံမြေရှိ လုပ်ငန်းခွင် ရှင်းလင်းဆောင်၌ အထွေထွေမန်နေဂျာဦးနုက မြန်အောင်ရေနံနှင့် သဘာဝဓာတ်ငွေ့မြေ၏ ရေနံထုတ်လုပ်မှုသမိုင်းအကျဉ်း၊ ရေနံအထွက်နှုန်းတိုးမြှင့်ရေးအစီအမံများနှင့် တွင်းသစ်အမှတ် (၁၆၆) အောင်မြင်စွာ တူးဖော်ဆောင်ရွက်ခဲ့မှု အခြေအနေများကို လည်းကောင်း၊ ညွှန်ကြားရေးမှူး ဦးကျော်လှိုင်က မြန်အောင်ရေနံမြေ၏ ရေနံထုတ်လုပ်နိုင်မည့် ရှေ့အလားအလာများကို လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

### ကြိုးစားဆောင်ရွက်

ဒုတိယဝန်ကြီးက ပြည်တွင်းသုံးစွဲမှုဖူလုံစေရေးအတွက် ရေနံနှင့်သဘာဝဓာတ်ငွေ့များကို တိုးတက်ထုတ်လုပ်သွားရန်၊ ထုတ်ယူရရှိသော ရေနံများကိုလည်း လေလွင့်ဆုံးရှုံးမှုမရှိအောင် ထိန်းသိမ်းကြရန်၊ နိုင်ငံခြားငွေနှင့် ရင်းနှီးဝယ်ယူရသော ရေနံတွင်းသုံးပစ္စည်းများ ပျက်စီးဆုံးရှုံးမှုမရှိစေရေး၊ တွင်းသစ်များဆက်လက်တူးဖော်ရေး ကြိုးစားဆောင်ရွက်ကြရန် မှာကြားသည်။

ဆက်လက်၍ တွင်းသစ်အမှတ် (၁၆၆)သို့ သွားရောက်ကာ တူးဖော်ပြီးစီးမှုနှင့် ထုတ်လုပ်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။ အဆိုပါတွင်းသစ်အမှတ် (၁၆၆)မှ နေ့စဉ်ရေနံစိမ်း ၈၂စည်နှင့် သဘာဝဓာတ်ငွေ့ ကုဗပေ ၁ ဒသမ ၁၁၀ သန်းထုတ်လုပ်ပေးလျက်ရှိသည်။

ယခုအခါ မြန်အောင်၊ ရွှေပြည်သာရေနံမြေမှ နေ့စဉ်ရေနံစိမ်း ၅၀၂ စည်နှင့် သဘာဝဓာတ်ငွေ့ ကုဗပေ ၂ဒသမ ၃၆၁ သန်း ထုတ်လုပ်ပေးလျက်ရှိပြီး ထွက်ရှိလာသော သဘာဝဓာတ်ငွေ့များကို ပိုက်လိုင်းများဖြင့် မြန်အောင် သဘာဝဓာတ်ငွေ့သုံးဓာတ်အားပေး စက်ရုံနှင့် ကြခင်းဘိလပ်မြေစက်ရုံတို့သို့ ဖြန့်ဖြူးပေးလျက်ရှိသည်။

### တိုးတက်ထုတ်လုပ်

ယခုအချိန်ထိ စမ်းသပ်တိုင်းတာမှုနှင့် ထုတ်လုပ်မှုများအရ မြန်အောင်၊ ရွှေပြည်သာ ရေနံမြေတွင် နောက်ထပ်ထုတ်ယူနိုင်မည့်ရေနံစည်ပေါင်းဝဒသမ ၄၉၂ သန်းခန့်နှင့် သဘာဝဓာတ်ငွေ့ ကုဗပေသန်းပေါင်း ၁၃၀၀၀ခန့်ကျန်ရှိနေသောကြောင့် ရေနံနှင့်သဘာဝဓာတ်ငွေ့များ ပိုမိုတိုးတက်ထုတ်လုပ်လာနိုင်တော့မည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

**စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေး ဧရာဝတီတိုင်း မြန်အောင်ရေနံနှင့် သဘာဝဓာတ်ငွေ့မြေရှိ တွင်းသစ်အမှတ် (၁၆၆)ကို အောင်မြင်စွာ တူးဖော်ဆောင်ရွက်ခဲ့သည့် ဝန်ထမ်းများအား ဂုဏ်ပြုဆုငွေ ပေးအပ်စဉ်။ (စွမ်းအင်)**

# အီရတ်တို့အား အချုပ်အခြာအာဏာ အမြန်လွှဲပေးရန် ပြင်သစ်က အမေရိကန်အား ထပ်မံတိုက်တွန်းပြောကြား

ပါရီ မေ ၁၆

**အီရတ်နိုင်ငံ၏ အနာဂတ်အရေးကို အလွန်အမင်းစိုးရိမ်ကြောင်း ပြင်သစ်နိုင်ငံက ယမန်နေ့၌ ထုတ်ဖော်ပြောကြားလိုက်ပြီး အကျဉ်းသားမတရားနှိပ်စက်မှုများ၊ နိုင်ငံခြားသား ဓားစာခံများ ဖမ်းဆီးမှုနှင့် ဆက်လက်အကြမ်းဖက်မှုတို့သည် နိုင်ငံနှင့်ဒေသတွင်း၌ ထိန်းချုပ်မရခြင်းကိုပြသကြောင်း ပြောကြားသည်။**

ပြင်သစ်နိုင်ငံခြားရေးဝန်ကြီး မီချယ်ဘာနီယာသည် အမေရိကန်အရာရှိများနှင့် ဆွေးနွေးရန်အတွက် ဝါရှင်တန်သို့ သောကြာနေ့က ရောက်ခဲ့ပြီး ပြင်သစ်နိုင်ငံသည် အီရတ်တွင်ရှိသော မည်သည့်ငြိမ်းချမ်းရေးထိန်းသိမ်းသည့် တပ်ဖွဲ့ကိုမျှ တပ်ဖွဲ့များ လွှတ်မည်မဟုတ်ကြောင်း ထပ်မံအတည်ပြုပြောကြားလိုက်ပြီး အမေရိကန်ဦးဆောင်သော သိမ်းပိုက်တပ်များက အီရတ်တို့အား အချုပ်အခြာအာဏာအပြည့်အဝလွှဲပြောင်းပေးရန်လည်း အသေအချာတစ်ဖန် တိုက်တွန်းလိုက်သည်။

ကုလသမဂ္ဂလုံခြုံရေးကောင်စီ၌ ပါဝင်သော ပြင်သစ်၊ ရုရှားနှင့် အခြားနိုင်ငံများသည် ဇွန် ၃၀ရက်၌ သိမ်းပိုက်မှုတရားဝင် အဆုံးသတ်ရေးနှင့် ဆိုင်သော ကုလသမဂ္ဂဆုံးဖြတ်ချက်ကို ထောက်ခံခြင်း မပြုမီ အီရတ်တို့အနေဖြင့် ၎င်းတို့၏ အနာဂတ်အတွက် အဓိကကျသော ပြောဆိုချက်တစ်ရပ်ရှိရန် အမေရိကန် ပြည်ထောင်စုက အသေအချာလုပ်စေလိုကြသည်။

### ထည့်သွင်းသင့်

ယင်းဆုံးဖြတ်ချက်တွင် အီရတ်အဖွဲ့အစည်းအမျိုးမျိုး ပါဝင်သော နိုင်ငံတကာထောက်ခံသည့် ညီလာခံအတွက် အစီအစဉ်များထည့်သွင်းသင့်ကြောင်း ဘာနီယာကပြောကြားသည်။ ထို့ပြင်ဘာနီယာက ဇွန် ၃၀ရက်နောက်ပိုင်းနေရာယူမည့် ကြားဖြတ်အစိုးရအနေဖြင့် အီရတ်လက်နက်ကိုင်တပ်များအပေါ် အာဏာရှိရမည်ဖြစ်ပြီး လာမည့်နှစ်၌ ရွေးချယ်မည့်အနာဂတ်အစိုးရအဖွဲ့သည် မည်သည့် နိုင်ငံခြားငြိမ်းချမ်းရေးလုပ်ငန်းကိုမဆို အဆုံးသတ်စေနိုင်သော အာဏာရှိသင့်ကြောင်း ဘာနီယာက ပြောကြားသည်။

**အမ်အင်အေ၊ရိုက်တာ**

## ကင်းလှည့်ပျံသန်း

**ဖော်လူဂျာမြို့အနီးတွင် အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးက စစ်ယာဉ်တစ်စီးဖြင့် လုံခြုံရေးစောင့်ကြပ်နေစဉ် အမေရိကန် စစ်ရဟတ်ယာဉ်တစ်စင်းက ကင်းလှည့်ပျံသန်းနေသည်ကို မေ ၁၇ ရက်က တွေ့ရစဉ်။**

(ဓာတ်ပုံ–အင်တာနက်)

# ကန်တပ်ဖွဲ့ဝင်တို့၏ ရက်စက်ကြမ်းကြုတ်မှုကို အီရန်ခေါင်းဆောင် အယာတိုလာခါမေနီ ပြစ်တင်ရှုတ်ချ

**တီဟီရန် မေ ၁၇**

အီရန်ခေါင်းဆောင်အကြီးအကဲတစ်ဦးဖြစ်သည့် အယာတိုလာအလီခါမေနီ က အမေရိကန်တပ်ဖွဲ့ဝင်များ အီရတ်မှထွက်ခွာပေးရန်နှင့် အီရတ်မြို့ကြီးများ၌ အမေရိကန်တပ်ဖွဲ့ဝင်များ၏ ရက်ဖွယ်ကောင်းပြီး မိုက်မဲစွာ လုပ်ဆောင်နေမှုများကို အမေရိကန်ပြည်ထောင်စုအား ရှုတ်ချကြောင်း တနင်္ဂနွေနေ့က ပြောကြားလိုက်သည်။

အီရန်ခေါင်းဆောင်သည် အမေရိကန်ဦးဆောင်သော ကျူးကျော်မှုကို ၎င်း၏ ဝေဖန်ပြောဆိုမှုနှင့် ၎င်း၏အနောက်ပိုင်း အိမ်နီးချင်းများကို ကျူးကျော်မှုများအား နှုတ်ဆိတ်နေခဲ့သည့်တိုင်အောင် အီရတ်မှ သိမ်းပိုက်ရေးတပ်များ စောနိုင်သမျှစောစီးစွာ ထွက်ခွာပေးရန်အတွက် ထပ်ကာတလဲလဲ ပြောကြားခဲ့သည်။အမေရိကန်တပ်ဖွဲ့ဝင်များက အီရတ်အကျဉ်းသားများအား ညှဉ်းပန်းနှိပ်စက်ခြင်းနှင့် နာဂျက်ဖ်နှင့် ကာဘာလာမြို့ကြီးများကို ယခုသီတင်းပတ်တွင် ကျူးကျော်တိုက်ခိုက်ခြင်းကို အီရန်နိုင်ငံက ဒေါသထွက်လျက်ရှိသည်။အမေရိကန်တပ်ဖွဲ့ဝင်များသည် နာဂျက်ဖ်နှင့် ကာဘာလာကို ကျူးကျော် တိုက်ခိုက်ခြင်းသည် ရိုင်းစိုင်းမှု၊ အရှက်တရားကင်းမဲ့မှုနှင့် မိုက်မဲစွာ လုပ်ဆောင်နေခြင်းများသာဖြစ်သည်ဟု ခါမေနီက ပြောကြားသည်ကို အီရန်သတင်းဌာနက ကောက်နုတ်တင်ပြသွားသည်။

**အမ်အင်အေ၊ရိုက်တာ**

*** ရှေ့ဖုံးမှ**

**သဘာပတိကြီးခင်ဗျား–**

ယခု ဆက်လက်ပြီး စီးပွားရေးကဏ္ဍကို ရှင်းလင်းတင်ပြမှာဖြစ်ပါတယ်။ အေးချမ်းသာယာပြီးခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ပေါ်ထွန်းရေးကိုရှေးရှု၍ နိုင်ငံတော်က ပြည်သူတို့ရဲ့လူနေမှုဘဝဖွံ့ဖြိုးတိုးတက်စေဖို့ စီးပွားရေး ဦးတည်ချက်များချမှတ်ပြီး နှစ်တိုနှစ်ရှည် စီမံကိန်းများဖြင့် စီးပွားရေးဆိုင်ရာ ကိစ္စရပ်များကို စနစ်တကျညှိနှိုင်းပေါင်းစပ်ကာ ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။

နိုင်ငံတော်ရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်လာစေဖို့ ကြိုးပမ်းဆောင်ရွက်ရာမှာ–

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး၊
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

စတဲ့ ဦးတည်ချက်များဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်းတွေ့ရှိနိုင်ပါတယ်။

နိုင်ငံတစ်နိုင်ငံမှာ စီးပွားရေးဟာ နိုင်ငံရေးနဲ့ လူမှုရေးတို့ကို ချိတ်ဆက်ပေးတဲ့ အဓိကကွင်းဆက်ဖြစ်တာကြောင့် စီးပွားရေးကွင်းဆက် အားကောင်းဖို့ လိုအပ်ပါတယ်။ စီးပွားရေးကွင်းဆက် အားရှိမှသာ နိုင်ငံရေးနဲ့ လူမှုရေးကွင်းဆက်များလည်း ခိုင်ခံ့မှာဖြစ်ကြောင်း လေ့လာတွေ့ရှိရပါတယ်။

**သဘာပတိကြီးခင်ဗျား–**

ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတော်သစ်တည်ဆောက်ရေးကို အထောက်အကူပြုစေမယ့် စီးပွားရေးစနစ်ဟာ ဈေးကွက်စီးပွားရေးစနစ်ပဲဖြစ်ပါတယ်။

**အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို ရန်ကုန်တိုင်း မှော်ဘီမြို့နယ်ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စုခန်းမ၌ ဆက်လက် ကျင်းပရာ နိုင်ငံတော်ဖွဲ့စည်း ပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါ ဝင် မည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းများအတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများနှင့်စပ်လျဉ်း၍ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဝင် တရားရုံးချုပ် တရားသူကြီး ဦးတင်အေးက “စီးပွားရေးကဏ္ဍ”ကို ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)**

ဒါကြောင့် **“ ကူးသန်းရောင်းဝယ်ရေး”** နဲ့ စပ်လျဉ်းပြီး ဥပဒေပြုဖို့ လိုအပ်လာရင် ဥပဒေပြဋ္ဌာန်းပေးနိုင်ရေးအတွက် ပြည်ထောင်စုဥပဒေပြုစာရင်းတွင် ဖော်ပြသင့်ကြောင်း လေ့လာတွေ့ရှိရပါတယ်။

**သဘာပတိကြီးခင်ဗျား–**

နိုင်ငံတော်ရဲ့ စီးပွားရေးစနစ်ကို လွတ်လပ်တဲ့ ဈေးကွက်စီးပွားရေးစနစ်သို့ ကူးပြောင်းရာမှာ ပုဂ္ဂလိကစီးပွားရေးသမားများက စည်းကမ်းတကျ ဆောင်ရွက်နိုင်အောင် ထိန်းကျောင်းပေးဖို့ လိုအပ်ပါတယ်။ အဲဒီလို ထိန်းကျောင်းရာမှာ သမဝါယမကဏ္ဍက နိုင်ငံတော်ရဲ့စီးပွားရေးကို ချိန်ခွင်လျှာမျှအောင် ဝင်ရောက်ဆောင်ရွက်ပေးရမှာဖြစ်ပါတယ်။

အခုအခါ နိုင်ငံတော် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် သမဝါယမကဏ္ဍကိုလည်း မြှင့်တင်ဆောင်ရွက်လျက်ရှိပါတယ်။ ကျွမ်းကျင်ဝန်ထမ်းများ လေ့ကျင့်မွေးထုတ်ပေးနိုင်ဖို့ သမဝါယမကောလိပ်များကို တိုးချဲ့ဖွင့်လှစ်ခြင်း၊ ဒီဂရီကောလိပ်အဆင့် တိုးမြှင့်ခြင်းနဲ့ သမဝါယမအသင်းများမှ ထုတ်လုပ်တဲ့ ကုန်ပစ္စည်းများကို ပြည်တွင်းပြည်ပဈေးကွက် တိုးချဲ့ရရှိဖို့ သမဝါယမဈေးပွဲတော်များကို ကျင်းပပြုလုပ်ခဲ့ပါတယ်။ အခုအခါ သမဝါယမ လုပ်ငန်းများနဲ့ စပ်လျဉ်းပြီး လိုအပ်တဲ့ ဥပဒေတွေကို နိုင်ငံတော်က ပြဋ္ဌာန်းပေးထားပါတယ်။ ဖော်ပြပါ သမဝါယမလုပ်ငန်းများကို ဥပဒေများနဲ့အညီ ကျယ်ပြန့်စွာ ဆောင်ရွက်လျက်ရှိတဲ့အလျောက် နောင်တွင်လည်း သမဝါယမလုပ်ငန်းများ အောင်မြင်မှုရှိလာတာနဲ့အမျှ တဖြည်းဖြည်း တိုးချဲ့လုပ်ကိုင်ဆောင်ရွက်လာနိုင်ဖွယ်ရာ ရှိပါတယ်။

နိုင်ငံတစ်ဝန်းလုံးရှိ သမဝါယမအသင်းများက လုပ်ငန်းများ ဆောင်ရွက်ရာတွင် လည်းကောင်း၊ သမဝါယမအသင်းအချင်းချင်း ဆက်သွယ်၍ လုပ်ငန်းများဆောင်ရွက်ရာတွင် လွယ်ကူမှုရှိစေရေးအတွက်လည်းကောင်း၊ ပြည်ပ

# နိုင်ငံတစ်နိုင်ငံတွင် စီးပွားရေးသည် နိုင်ငံရေးနှင့်လူမှုရေး ချိတ်ဆက်သည့်ကွင်းဆက်ဖြစ် စီးပွားရေးကွင်းဆက်အားရှိမှ နိုင်ငံရေးနှင့်လူမှုရေးကွင်းဆက် ခိုင်ခံ့မည်ဖြစ်သည်ကိုတွေ့ရှိ

ဒါကြောင့် ဈေးကွက်စီးပွားရေးစနစ်ပီပြင်စွာ ဖြစ်ပေါ်လာစေရေးအတွက် နိုင်ငံတော်ကလိုအပ်တဲ့ စီးပွားရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများကို ဆောင်ရွက်ပေးလျက်ရှိပါတယ်။

၁၉၈၈ခုနှစ် နောက်ပိုင်းမှစ၍ မြန်မာ့စီးပွားရေး အဆောက်အအုံတွင် ဈေးကွက်စီးပွားရေးစနစ်ရဲ့ အခြေခံများကို တည်ဆောက်နိုင်စေဖို့ စီးပွားရေးနဲ့ ဥပဒေဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများကို ဆောင်ရွက်လာခဲ့ပါတယ်။ ထင်ရှားတဲ့ စီးပွားရေးပြုပြင်ပြောင်းလဲမှု အချို့ဟာဆိုရင်–

(၁) တောင်သူလယ်သမားများအား မိမိတို့နှစ်သက်ရာသီးနှံများကို ရွေးချယ် စိုက်ပျိုးခွင့်ပြုပြီး ကြိတ်ခွဲခြင်း၊ သယ်ပို့ခြင်းနှင့် ရောင်းဝယ် ကုန်သွယ်ခြင်းများကို နည်းလမ်းတကျ လုပ်ကိုင်ခွင့်ပြုခြင်း၊

(၂) ပြည်ပမှ ရင်းနှီးမြှုပ်နှံမှုများအား လုပ်ကိုင်ခွင့်ပေးခြင်း၊

(၃) အခြေခံအဆောက်အအုံဆိုင်ရာ ပံ့ပိုးမှုများအား တိုးတက်ဖြစ်ထွန်းစေခြင်း၊

(၄) ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာစေရန် အားပေးခြင်း၊

(၅) ပို့ကုန်မြှင့်တင်ခြင်းနှင့် ပို့ကုန်သွင်းကုန်ဆိုင်ရာ လုပ်ဆောင်မှုများ လွယ်ကူချောမွေ့စေခြင်း

စတာတွေကို ဆောင်ရွက်ပေးလျက်ရှိတာကို တွေ့ရှိရပါတယ်။ ဈေးကွက်စီးပွားရေးစနစ်ကို အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ဖို့ နိုင်ငံတော်က လိုအပ်တဲ့ ဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများနဲ့ အမိန့်ကြော်ငြာစာများ ကို ထုတ်ပြန်ပေးလျက်ရှိပါတယ်။

ဥပဒေဆိုင်ရာ အဓိကဆောင်ရွက်ချက်များဟာဆိုရင် ရှိရင်းစွဲဥပဒေများကို ပြန်လည်စိစစ်ပြီး ပြင်ဆင်ဖို့လိုတဲ့ ဥပဒေတွေကို ပြင်ဆင်ခြင်း၊ ရုပ်သိမ်းသင့်တဲ့ ဥပဒေတွေကို ရုပ်သိမ်းခြင်း၊ အသစ်ပြဋ္ဌာန်းသင့်တဲ့ ဥပဒေတွေကိုလည်း ပြဋ္ဌာန်းခြင်းတို့ကို ပြုလုပ်ခဲ့ပါတယ်။ အဲဒီလို ပြဋ္ဌာန်းပေးခဲ့တဲ့ ဥပဒေအချို့ကို တင်ပြရမယ်ဆိုရင် ၁၉၈၈ခုနှစ်မှာ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေ၊ ၁၉၈၉ ခုနှစ်မှာ နိုင်ငံတော်ပိုင်စီးပွားရေးလုပ်ငန်းများဥပဒေ၊ နိုင်ငံခြားငါးဖမ်းရေယာဉ်များ ငါးလုပ်ငန်းလုပ်ကိုင်ခြင်းဥပဒေ၊ ၁၉၉၀ပြည့်နှစ်မှာ ပုဂ္ဂလိက စက်မှုလုပ်ငန်းဥပဒေ၊ မြန်မာနိုင်ငံခရီးသွားလာရေးဥပဒေ၊ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥပဒေ၊ မြန်မာနိုင်ငံတော် ငွေရေးကြေးရေးအဖွဲ့အစည်းများဥပဒေ၊ မြန်မာ့စိုက်ပျိုးရေးနှင့် ကျေးလက်ဖွံ့ဖြိုးရေးဘဏ်ဥပဒေနဲ့ မြန်မာ့ပင်လယ်ငါးလုပ်ငန်းဥပဒေတို့ကို ပြဋ္ဌာန်းပေးခဲ့ပါတယ်။ ၁၉၉၁ ခုနှစ်မှာဆိုရင် အိမ်တွင်းစက်မှုလုပ်ငန်းမြှင့်တင်ရေးဥပဒေနဲ့ ရေချိုငါးလုပ်ငန်းဥပဒေတို့ကို ပြဋ္ဌာန်းပေးခဲ့ပြီး ၁၉၉၂ခုနှစ်မှာ သစ်တောဥပဒေနဲ့ အကောက်ခွန်နှုန်း ဥပဒေတို့ကို ပြဋ္ဌာန်းပေးခဲ့ပါတယ်။ ၁၉၉၃ ခုနှစ်မှာဆိုရင် မြန်မာနိုင်ငံဟိုတယ်နှင့်ခရီးသွားလာရေးဥပဒေနဲ့ မြန်မာ့အာမခံလုပ်ငန်းဥပဒေတို့ကို ပြဋ္ဌာန်းပေးခဲ့ပါတယ်။ ၁၉၉၄ခုနှစ်မှာ သိပ္ပံနှင့်နည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ မြန်မာ့သတ္တုတွင်းဥပဒေနဲ့ မြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှုဥပဒေတွေကို ပြဋ္ဌာန်းပေးပြီး ၁၉၉၅ခုနှစ်မှာ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကို ပြဋ္ဌာန်းပေးခဲ့ပါတယ်။ ၁၉၉၆ခုနှစ်မှာ အာမခံလုပ်ငန်းလုပ်ကိုင်ခွင့်ဥပဒေ၊ ၁၉၉၇ခုနှစ်မှာ မြန်မာ့စိုက်ပျိုးရေးနှင့် ကျေးလက်ဖွံ့ဖြိုးရေးဘဏ်ဥပဒေကို ပြင်ဆင်သည့်ဥပဒေနှင့် နိုင်ငံတော်ပိုင် စီးပွားရေးလုပ်ငန်းများဥပဒေကို ပြင်ဆင်သည့်ဥပဒေတို့ကို ပြဋ္ဌာန်းပေးခဲ့ပါတယ်။ ၁၉၉၉ ခုနှစ်မှာ ပြည်ပ အလုပ်အကိုင်ဆိုင်ရာဥပဒေနှင့် မြန်မာနိုင်ငံကုန်သည် သင်္ဘောအကြံဥပဒေကို ပြင်ဆင်သည့်ဥပဒေ၊ ၂၀၀၂ခုနှစ်မှာ တရားမဝင်သော နည်းလမ်းဖြင့် ရရှိသည့်ငွေကြေးနှင့် ပစ္စည်းများထိန်းချုပ်ရေးဥပဒေနှင့် မြေသြဇာဥပဒေ၊ ၂၀၀၃ခုနှစ်တွင် မြန်မာ့ကျောက်မျက်ရတနာဥပဒေကို ပြင်ဆင်သည့် ဥပဒေကိုပြဋ္ဌာန်းပေးခဲ့ပါတယ်။ အမျိုးသားညီလာခံကလည်း စီးပွားရေးနဲ့စပ်လျဉ်းပြီး–

(၁) နိုင်ငံတော်၏ စီးပွားရေးစနစ်သည် ဈေးကွက်စီးပွားရေး စနစ်ဖြစ်သည်၊

(၂) နိုင်ငံတော်သည် အမျိုးသားစီးပွားရေး တိုးတက်ဖွံ့ဖြိုးရေးအတွက် နိုင်ငံတော်၊ ဒေသဆိုင်ရာအဖွဲ့အစည်းများ၊ သမဝါယမအဖွဲ့အစည်းများ၊ ဖက်စပ်အဖွဲ့အစည်းများ၊ ပုဂ္ဂလိကစသည့် စီးပွားရေးအင်အားစု အားလုံးကို စီးပွားရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခွင့်ပြုသည်၊

(၃) နိုင်ငံတော်သည် စီးပွားရေးလုပ်ငန်းများတွင် တရားသဖြင့် ယှဉ်ပြိုင်ခြင်းကို ပျက်ပြားစေရန် တစ်ဦးတစ်ယောက်ကဖြစ်စေ၊ အစုအဖွဲ့ကဖြစ်စေ လက်ဝါးကြီးအုပ်ဆောင်ရွက်မှု သို့မဟုတ် ဈေးကစားမှုပြုခြင်းဖြင့် အများပြည်သူတို့၏ အကျိုးစီးပွားကို ထိခိုက်နစ်နာစေခြင်းမှ တားဆီးကာကွယ်မည်

လို့ အခြေခံရမယ့်မူများကို ချမှတ်ထားပါတယ်။

အဲဒါတွေကို လေ့လာမယ်ဆိုရင် ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေးအတွက် နိုင်ငံတော်အနေနဲ့ မူဝါဒများချမှတ်ပေးခြင်း၊ မြောက်မြားစွာသော စီးပွားရေးနဲ့ တရားဥပဒေဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများကို ဟန်ချက်ညီညီ ပြုလုပ်ပေးခဲ့ခြင်းများကို တွေ့ရှိရမှာဖြစ်ပါတယ်။ အချို့စီးပွားရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများဟာ တစ်ကြိမ်တစ်ခါတည်း ပြုပြင်ပြောင်းလဲရုံဖြင့် မလုံလောက်တဲ့အတွက် အချို့ကို အခြားပြောင်းလဲမှုများနဲ့ ဟန်ချက်ညီညီ ပေါင်းစပ်ပြုပြင်ဆောင်ရွက်ပေးနိုင်မှသာ ထိရောက်မှုရှိနိုင်မှာဖြစ်ပါတယ်။

အဲဒီလို တိုင်းရင်းသားပြည်သူတစ်ရပ်လုံးရဲ့ လူနေမှုဘဝများ တစ်ပြေးညီ တိုးတက်ဖွံ့ဖြိုးလာစေဖို့ နောင်အခါမှာလည်း ပြည်ထောင်စုအဆင့်ကသာ စီးပွားရေး မူဝါဒများချမှတ်ပေးပြီး စီးပွားရေးဆိုင်ရာ လိုအပ်တဲ့ ဥပဒေများ ပြဋ္ဌာန်းပေးခြင်း၊ စီးပွားရေး စီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော်ခြင်းတို့ကို နိုင်ငံတော်တစ်ဝန်းလုံးအတွက် လွှမ်းခြုံဆောင်ရွက်ပေးသင့်ပါတယ်။

ဒါကြောင့် **“စီးပွားရေး”**ဆိုင်ရာ ဥပဒေများ ပြဋ္ဌာန်းခြင်း၊ စီးပွားရေးဆိုင်ရာ မူဝါဒများ ချမှတ်တဲ့ ဥပဒေများပြဋ္ဌာန်းပေးခြင်း စသည်တို့ကို ဆောင်ရွက်ပေးနိုင်ဖို့ အဲဒီအကြောင်းကိစ္စများကို ပြည်ထောင်စုဥပဒေပြုစာရင်းတွင် ဖော်ပြသင့်ကြောင်း လေ့လာတွေ့ရှိရပါတယ်။

**သဘာပတိကြီးခင်ဗျား–**

နိုင်ငံတော်ရဲ့ စီးပွားရေးနဲ့ ကူးသန်းရောင်းဝယ်ရေးဟာဆိုရင် ဆက်စပ်လျက်ရှိပါတယ်။ အခုအခါ ဈေးကွက်စီးပွားရေးစနစ်နဲ့အညီ ပြည်တွင်းပြည်ပကူးသန်းရောင်းဝယ်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ နိုင်ငံပိုင်၊ သမဝါယမပိုင်နဲ့ ပုဂ္ဂလိကပိုင်အခန်းတို့က အသီးသီးကျယ်ပြန့်စွာ ပါဝင်ဆောင်ရွက်လျက်ရှိတာကို တွေ့ရှိရပါတယ်။ နိုင်ငံပိုင် အဖွဲ့အစည်းများအနေနဲ့ ပြည်တွင်းပြည်ပမှ လုပ်ငန်းရှင်များနဲ့ ပူးပေါင်းပြီး ဖက်စပ်များဖွဲ့စည်းတည်ထောင်ခြင်းနဲ့ ပုဂ္ဂလိကလုပ်ငန်းရှင်များကိုလည်း အစုစပ်လုပ်ငန်းများ၊ ကုမ္ပဏီလီမိတက်များ တည်ထောင်ခွင့် ပြုလျက်ရှိပါတယ်။ ပြည်တွင်းထွက်ကုန်ပစ္စည်းများဈေးကွက်ပိုမို ရရှိရေးနဲ့ ပို့ကုန်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေဖို့ ပြည်တွင်းမှာ ကုန်စည်ပြပွဲများ၊ ဈေးပွဲတော်များ ကျင်းပပြုလုပ်ခြင်းနဲ့ ပြည်ပကုန်စည်ပြပွဲများတွင် ပါဝင်ပြသခြင်းများ ပြုလုပ်လျက် ရှိပါတယ်။ နိုင်ငံတော်စီးပွားရေးလုပ်ငန်းများနဲ့ ကူးသန်းရောင်းဝယ်ရေး လုပ်ငန်းများတွင် ပုဂ္ဂလိကအခန်းကဏ္ဍမှ သွက်လက်ကျယ်ပြန့်စွာ ပါဝင်လာစေရေးအတွက် နိုင်ငံတော်မှ ဆက်လက်ဆောင်ရွက်လျက်ရှိပါတယ်။

အဲဒီလို နိုင်ငံတစ်ဝန်းလုံးအနေနဲ့ ကူးသန်းရောင်းဝယ်ရေးဆိုင်ရာ လုပ်ငန်းများ တိုးတက်ဖွံ့ဖြိုးလာစေဖို့ဆောင်ရွက်လျက်ရှိတဲ့ နည်းတူနောင်အခါမှာလည်း ပြည်ထောင်စုအဆင့်က လိုအပ်တာတွေကို ဆောင်ရွက်ပေးမှသာ တစ်နိုင်ငံလုံး တစ်ပြေးညီတိုးတက်ဖွံ့ဖြိုးလာနိုင်မှာ ဖြစ်ပါတယ်။

နိုင်ငံများနှင့် လုပ်ငန်းဆက်သွယ်ရာတွင် လွယ်ကူမှုရှိစေရေးအတွက် လည်းကောင်း လိုအပ်သည့်မူဝါဒများ၊ လမ်းညွှန်မှုများကို ပြည်ထောင်စုအဆင့်ကသာ ဆောင်ရွက်ပေးသင့်ပါတယ်။ ဒါကြောင့် **“သမဝါယမ”** လုပ်ငန်းများနဲ့စပ်လျဉ်းပြီး ဥပဒေပြုဖို့လိုအပ်လာရင် ဥပဒေပြဋ္ဌာန်းပေးနိုင်ရေးအတွက် ပြည်ထောင်စု ဥပဒေပြုစာရင်းတွင် ဖော်ပြသင့်ကြောင်း လေ့လာတွေ့ရှိရပါတယ်။

**သဘာပတိကြီးခင်ဗျား–**

နိုင်ငံတော်ဟာ နိုင်ငံတော်ရဲ့ စီးပွားရေးလုပ်ငန်းများနဲ့ ကုန်သွယ်ရေးလုပ်ငန်းများတွင် ပုဂ္ဂလိကအခန်းကဏ္ဍမှ သွက်လက်ကျယ်ပြန့်စွာ ပါဝင်လာစေရေးအတွက် တွန်းအားပေးဆောင်ရွက်လျက်ရှိတဲ့အားလျော်စွာ နိုင်ငံတော်စီးပွားရေး အဖွဲ့အစည်းအချို့နဲ့ ပုဂ္ဂလိကလုပ်ငန်းရှင်များကလည်း ကော်ပိုရေးရှင်းများ၊ ကုမ္ပဏီများ၊ အစုစပ်များဖွဲ့စည်းပြီး ကူးသန်းရောင်းဝယ်ရေးလုပ်ငန်းများကို မိမိတို့တစ်နိုင်တစ်ပိုး စွမ်းဆောင်လျက်ရှိကြပါတယ်။ အဲဒီလို စွမ်းဆောင်နိုင်အောင် နိုင်ငံတော်ကလည်း ကော်ပိုရေးရှင်းများ၊ ကုမ္ပဏီများ၊ အစုစပ်များနဲ့ စပ်လျဉ်းတဲ့ လိုအပ်တဲ့ဥပဒေတွေကို ပြဋ္ဌာန်းပေးထားပါတယ်။

နောင်တွင်လည်း ကော်ပိုရေးရှင်းများ၊ ကုမ္ပဏီများ၊ အစုစပ်များ ဖွဲ့စည်းတည်ထောင်ပြီး စီးပွားရေးလုပ်ငန်းများကို ဆောင်ရွက်တဲ့နေရာမှာ စနစ်တကျရှိစေဖို့နဲ့ နိုင်ငံတကာကျင့်စဉ်များနဲ့လည်း ညီညွတ်နိုင်စေဖို့ **“ကော်ပိုရေးရှင်း၊ ဘုတ်အဖွဲ့၊ လုပ်ငန်း၊ ကုမ္ပဏီ၊ အစုစပ်”**နဲ့စပ်လျဉ်းပြီး ဥပဒေပြုဖို့လိုအပ်လာရင် ဥပဒေပြဋ္ဌာန်းပေးနိုင်ဖို့ ပြည်ထောင်စုဥပဒပြုစာရင်းတွင် ဖော်ပြသင့်ကြောင်း လေ့လာတွေ့ရှိရပါတယ်။

**သဘာပတိကြီးခင်ဗျား–**

အခုအခါ ပြည်ပပို့ကုန်များကို တိုးချဲ့တင်ပို့နိုင်သကဲ့သို့ ပြည်ပမှကုန်ပစ္စည်းများကိုလည်း ပိုမိုတင်သွင်းလာနိုင်တာ တွေ့ရပါတယ်။ ပြည်ပသို့ ပို့ကုန်တန်ဖိုးနဲ့ ပြည်ပမှ သွင်းကုန်တန်ဖိုးများဟာ တတ်နိုင်သမျှညီမျှခြင်း သို့တည်းမဟုတ် ပို့ကုန်တန်ဖိုးဟာ သွင်းကုန်တန်ဖိုးထက် ပိုနေမှသာ နိုင်ငံတော်ရဲ့ ဘဏ္ဍာရေးအခြေအနေဟာ ကောင်းမွန်နေမှာဖြစ်ပါတယ်။ အဲဒါကြောင့် ပြည်ပသို့ ပို့ကုန်နဲ့ပြည်ပမှ သွင်းကုန်အခြေအနေတို့ကို ဗဟိုအဖွဲ့အစည်းများက အမြဲတစေလေ့လာပြုပြင်ထိန်းကျောင်းပေးမှသာ တိုင်းပြည်ရဲ့ စီးပွားရေးအခြေအနေဟာ တိုးတက်ကောင်းမွန်နေမှာဖြစ်ပါတယ်။

ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေးအတွက် နိုင်ငံတော်က စီးပွားရေးဦးတည်ချက်ချမှတ်ပြီး လိုအပ်တာတွေကို ကူညီပံ့ပိုးလျက်ရှိတဲ့အလျောက် ကုန်ပစ္စည်းများထုတ်လုပ်ခြင်း၊ ရောင်းချခြင်း၊ ဖြန့်ဖြူးခြင်းစတဲ့ လုပ်ငန်းပမာဏဟာ တဖြည်းဖြည်းတိုးတက်ကြီးမားလာမှာဖြစ်ပါတယ်။ နောင်အခါမှာလည်း ဈေးကွက်စီးပွားရေးစနစ်နဲ့အညီ ကုန်ပစ္စည်းများထုတ်လုပ်ရောင်းချဖြန့်ဖြူးခြင်း လုပ်ငန်းများကို နိုင်ငံတော်စီးပွားရေးအဖွဲ့အစည်းများကလည်းကောင်း၊ ပုဂ္ဂလိကများကလည်းကောင်း၊ အပြိုင်အဆိုင် ထုတ်လုပ်ရောင်းချလာနိုင်မှာဖြစ်ပါတယ်။ အဲဒီလို ကုန်ပစ္စည်းများ ထုတ်လုပ်ရောင်းချဖြန့်ဖြူးတဲ့အခါ စားသုံးသူများစိတ်ချယုံကြည်စွာ စားသုံးနိုင်ဖို့အတွက် ကုန်ပစ္စည်းများရဲ့အရည်အသွေးများ သတ်မှတ်ဖို့လည်း လိုအပ်လာတာကို တွေ့ရပါတယ်။ ဒါကြောင့် ပြည်တွင်းကုန်သွယ်ရေးနဲ့ ပြည်ပကုန်သွယ်ရေးလုပ်ငန်းများချောမွေ့ပြေပြစ်စေဖို့နဲ့ နိုင်ငံတစ်ဝန်းလုံး တညီတညွတ်တည်းဖြစ်စေရေးအတွက် **“သွင်းကုန်၊ ထုတ်ကုန်နှင့်ယင်းကုန်ပစ္စည်းများ၏ အရည်အသွေးသတ်မှတ်ခြင်း”**နဲ့ စပ်လျဉ်းပြီး ဥပဒေပြုဖို့ လိုအပ်လာရင် ဥပဒေပြဋ္ဌာန်းပေးနိုင်ဖို့ ပြည်ထောင်စု ဥပဒေပြုစာရင်းတွင် ဖော်ပြသင့်ကြောင်း လေ့လာတွေ့ရှိရပါတယ်။

**သဘာပတိကြီးခင်ဗျား–**

ဝန်ဆောင်မှုလုပ်ငန်းများမှ နိုင်ငံခြားငွေတိုးတက်ရရှိဖို့နဲ့ ဟိုတယ်နဲ့ ခရီးသွားလာမှုလုပ်ငန်းများ တိုးတက်လာစေဖို့အတွက် နိုင်ငံပိုင်အခန်းကဏ္ဍမှသာမက ပုဂ္ဂလိကပိုင်အခန်းကဏ္ဍကပါ

**စာမျက်နှာ ၆ ကော်လံ ၁**

# နိုင်ငံတော်၏ နှစ်စဉ်တိုးတက်လာသည့် လူဦးရေနှင့်အညီ တိုးချဲ့ စိုက်ပျိုးထုတ်လုပ်လှုမှုဘဝ စားသောက်မှုပြည့်စုံရေးသည် အရေးကြီး၊ စိုက်ပျိုးရေးလုပ်ငန်းဇောက်ချလုပ်ကိုင်

ရန်ကုန် မေ ၁၉

**ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စုခန်းမ၌ ယနေ့ဆက်လက်ကျင်းပသော အမျိုးသားညီလာခံ စုံညီအစည်းအဝေးတွင် အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ တရားသူကြီးချုပ်ဦးအောင်တိုးနှင့် အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်း ကော်မတီဒုတိယဥက္ကဋ္ဌ ရှေ့နေချုပ် ဦးအေးမောင်တို့၏ "စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍ"ရှင်းလင်းတင်ပြချက် အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်။**

**သဘာပတိကြီးခင်ဗျား–**

အခုဆက်လက်ပြီး ရှင်းလင်းတင်ပြမှာကတော့ စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍမှာ ပါရှိသင့်တဲ့ ကိစ္စရပ်တွေပဲဖြစ်ပါတယ်။ ကျွန်တော်တို့ နိုင်ငံတော်ရဲ့ စီးပွားရေးဦးတည်ချက်လေးရပ်အနက် ပထမဆုံး ဦးတည်ချက်တစ်ရပ်ဟာ"စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး"ဖြစ်ပါတယ်။ အမျိုးသားညီလာခံကလည်း "နိုင်ငံတော်သည် လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ ကူးပြောင်းနိုင်ရန် နည်းပညာ၊ အရင်းအနှီး၊ စက်ပစ္စည်း၊ ကုန်ကြမ်း အစရှိသည်တို့ကို အတတ်နိုင်ဆုံး ဖြည့်ဆည်းမည်"လို့ စိုက်ပျိုးရေးနှင့်စပ်လျဉ်းပြီး အသေးစိတ်အခြေခံရမယ့်မှု ချမှတ်ထားပါတယ်။ စိုက်ပျိုးရေးအတွက် အရေးပါတဲ့ လယ်ယာကဏ္ဍရဲ့ အဓိကရည်မှန်းချက်များမှာ ပြည်တွင်းစားနပ်ရိက္ခာ ဖူလုံစေရေးအတွက် သီးနှံများတိုးချဲ့စိုက်ပျိုးထုတ်လုပ်ရန်၊ ပြည်တွင်းစက်မှုလက်မှုလုပ်ငန်းများအတွက် လိုအပ်သော စက်မှုကုန်ကြမ်းသီးနှံများကို စိုက်ပျိုးထုတ်လုပ်ရန်နဲ့ ပြည်ပသို့လယ်ယာထွက်ကုန်သီးနှံများ ပိုမိုတင်ပို့နိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ရန်ဖြစ်ပါတယ်။ ဒါ့အပြင် နယ်စပ်ဒေသဖွံ့ဖြိုးရေးကို အထောက်အကူပြုမယ့် စိုက်ပျိုးရေးလုပ်ငန်းများကိုလည်း တိုးချဲ့ဆောင်ရွက်ဖို့ဖြစ်ပါတယ်။

အဲဒီရည်မှန်းချက်များကို အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ဖို့ အခုအခါ ပြည်ထောင်စုတစ်ဝန်းလုံးအတွက် မြေရာစီမံခန့်ခွဲမှုနဲ့စပ်လျဉ်းပြီး မူဝါဒများချမှတ်ခြင်း၊ လိုအပ်တဲ့ဥပဒေများပြဋ္ဌာန်းပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါတယ်။

နောင်အခါမှာလည်း ပြည်ထောင်စုတစ်ဝန်းလုံးမှာရှိတဲ့ မြေကေပေါင်း ၁၆၇၁၈၆၀၀၀(တစ်ရာခြောက်ဆယ့်ခုနစ်သန်းတစ်သိန်းရှစ်သောင်းခြောက်ထောင်)တို့နဲ့စပ်လျဉ်းပြီး မြေယာစီမံခန့်ခွဲမှုများကို ပြည်ထောင်စုရဲ့ အမြင့်ဆုံး ဥပဒေပြု အဖွဲ့အစည်းတွေက ဆွေးနွေးညှိနှိုင်းပြီး လိုအပ်တဲ့ဥပဒေများကို ပြဋ္ဌာန်းပေး ပါမှ တစ်နိုင်ငံလုံးအနေနဲ့ တူညီမှုရှိမှာဖြစ်ပါတယ်။

၁၉၄၈ခုနှစ်မှာ မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိပြီးတဲ့နောက် ၁၉၄၇ ခုနှစ်



**အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို ရန်ကုန်တိုင်း မှော်ဘီမြို့နယ်ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စုခန်းမ၌ ဆက်လက် ကျင်းပရာ နိုင်ငံတော်ဖွဲ့ စည်း ပုံ အခြေခံဥပဒေရေးဆွဲရာတွင် ပါ ဝင် မည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းများအတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများနှင့်စပ်လျဉ်း၍ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဒုတိယဥက္ကဋ္ဌ ရှေ့နေချုပ် ဦးအေးမောင်က "စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍနှင့် စွမ်းအင်၊ လျှပ်စစ်၊ သတ္တုနှင့် သစ်တောကဏ္ဍ"တို့ကို ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)**

ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေအရ "လယ်လုပ်သူသာ လယ်ပိုင်ရမည်" ဟူသော မူနဲ့အညီ မြန်မာနိုင်ငံမှာ အမြင့်ဆုံးဥပဒေပြုအဖွဲ့အစည်းဖြစ်တဲ့ ပါလီမန်က ၁၉၄၈ခုနှစ် လယ်ယာမြေနိုင်ငံပိုင်ပြုလုပ်ရေး အက်ဥပဒေကို ပြဋ္ဌာန်းခဲ့ပါတယ်။ အဲဒီဥပဒေကို လက်တွေ့အကောင်အထည်ဖော်တဲ့အခါ ဥပဒေဟာ ပြည့်စုံခြင်းမရှိတဲ့အတွက် ၁၉၅၃ခုနှစ် လယ်ယာမြေနိုင်ငံပိုင်ပြုလုပ်ရေးအက်ဥပဒေနဲ့ ၁၉၅၄ခုနှစ် လယ်ယာမြေ နိုင်ငံပိုင်ပြုလုပ်ရေး နည်းဥပဒေတို့ကို အသစ်ရေးဆွဲပြဋ္ဌာန်းဆောင်ရွက်ခဲ့ရပါတယ်။ ၁၉၅၃ခုနှစ် လယ်ယာမြေ နိုင်ငံပိုင်ပြုလုပ်ရေးအက်ဥပဒေအရ ၁၉၅၄ခုနှစ်မှအစပြုပြီး မြေရှင်ကြီးများထံမှ လယ်ယာမြေများကို နိုင်ငံပိုင်အဖြစ် သိမ်းယူခြင်း၊ သိမ်းယူပြီးသည့်လယ်ယာမြေများကို တောင်သူလယ်သမားများအား တစ်တုံးထွန်အတိုင်းအတာပမာဏဖြင့် ဝေငှပေးခြင်းများကို ဆောင်ရွက်ခဲ့ပါတယ်။

လယ်ယာမြေနိုင်ငံပိုင်ပြုလုပ်ရေး မဆောင်ရွက်ရသေးတဲ့ ဒေသများတွင်မူ သီးစားချထားမှုကို မြေရှင်များက မိမိတို့သဘောအလျောက် ချထားပေးခဲ့ကြပြီး မြေပိုင်ရှင်နှင့် သီးစားအငြင်းပွားမှုများကို သက်ဆိုင်ရာကျေးရွာသူကြီးကလည်းကောင်း၊ တရားရုံးများကလည်းကောင်း ဆုံးဖြတ်ဆောင်ရွက်ပေးခဲ့ကြပါတယ်။ လယ်ယာမြေနိုင်ငံပိုင်ပြုလုပ်ရေးလုပ်ငန်းမှာ အားနည်းချက်များ၊ ချို့ယွင်းချက်များ၊ အမှားအယွင်းများပေါ်ပေါက်ခဲ့တဲ့အတွက် ၁၉၅၈ခုနှစ်မှစပြီး လယ်ယာမြေနိုင်ငံပိုင်ပြုလုပ်ခြင်းလုပ်ငန်းကို ရပ်ဆိုင်းထားခဲ့ပါတယ်။

၁၉၆၃ခုနှစ်မှာ တော်လှန်ရေးကောင်စီက ဥပဒေအမှတ်(၈)ဖြင့် ၁၉၆၃ ခုနှစ် သီးစားချထားရေးဥပဒေကို ပြဋ္ဌာန်းပေးခဲ့ပါတယ်။

၁၉၆၃ခုနှစ်မှစ၍ ၁၉၇၆ခုနှစ်အထိ မြေယာစီမံခန့်ခွဲမှုလုပ်ငန်းများကို ၁၉၆၃ခုနှစ် သီးစားချထားရေးဥပဒေနှင့်နည်းဥပဒေများအရ ဖွဲ့စည်းခဲ့တဲ့ မြေယာကော်မတီအဆင့်ဆင့်ဖြင့် ဆောင်ရွက်ခဲ့ပါတယ်။ ၁၉၇၆ခုနှစ်တွင် မြေယာကော်မတီအဆင့်ဆင့်၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များကို ပြည်သူ့ကောင်စီအဆင့်ဆင့်ရဲ့ အလုပ်အမှုဆောင်အဖွဲ့အဆင့်ဆင့်တို့ကို လွှဲပြောင်းပေးခဲ့ပါတယ်။

၁၉၈၈ခုနှစ် စက်တင်ဘာလ ၁၈ရက်နေ့တွင် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့က အမိန့်ကြော်ငြာစာအမှတ်(၂/၈၈)ဖြင့် ပြည်သူ့ကောင်စီအဆင့်ဆင့်ကို ဖျက်သိမ်းခဲ့ပါတယ်။ ၁၉၈၈ခုနှစ် စက်တင်ဘာလ ၁၉ရက်နေ့မှာ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ရဲ့ ဥပဒေအမှတ်(၈/၈၈)ဖြင့် **"စကားရပ်များအစားထိုးသည့်ဥပဒေ"**ကို ပြဋ္ဌာန်းပေးခဲ့ပြီး ယင်းဥပဒေအရ လယ်ယာနှင့်သစ်တောဝန်ကြီးဌာနက လယ်ယာမြေစီမံခန့်ခွဲမှုလုပ်ငန်းများကို ဥပဒေနဲ့အညီ လွှဲပြောင်းဆောင်ရွက်ခဲ့ပါတယ်။

အဲဒီလို ခေတ်အဆက်ဆက်က မြေယာစီမံခန့်ခွဲမှုများနဲ့စပ်လျဉ်းပြီး လိုအပ်တဲ့ဥပဒေတွေကို နိုင်ငံတော်ရဲ့အမြင့်ဆုံးဥပဒေပြုအဖွဲ့အစည်းတွေကသာ ပြဋ္ဌာန်းဆောင်ရွက်တဲ့နည်းတူ နောင်တွင်လည်း **"မြေယာစီမံခန့်ခွဲမှု"**နဲ့စပ်လျဉ်းပြီး ဥပဒေပြုဖို့ လိုအပ်လာရင် ဥပဒေပြဋ္ဌာန်းပေးနိုင်ဖို့ ပြည်ထောင်စုဥပဒေပြုစာရင်းတွင်ဖော်ပြသင့်ကြောင်း လေ့လာတွေ့ရှိရပါတယ်။

**သဘာပတိကြီးခင်ဗျား–**

စပါးသီးနှံဟာ တိုင်းရင်းသားပြည်သူများရဲ့ နေ့စဉ်စားသုံးတဲ့ အဓိကသီးနှံဖြစ်ပါတယ်။ ဒါကြောင့် ဆန်စပါးဖူလုံစွာစားသုံးနိုင်ဖို့နဲ့ ပိုလျှံတဲ့ဆန်များကို

***စာမျက်နှာ ၇ ကော်လံ ၁***

**စာမျက်နှာ ၅ မှ**

ပါဝင်ကြိုးပမ်းဆောင်ရွက်လျက်ရှိတာကို တွေ့ရပါတယ်။ ၁၉၉၆ခုနှစ်ကို မြန်မာ့ခရီးသွားနှစ်အဖြစ် သတ်မှတ်ပြီးတဲ့နောက် မြန်မာနိုင်ငံအတွင်းသို့ လာရောက်ခဲ့တဲ့ ကမ္ဘာလှည့်ခရီးသည်များဟာ တဖြည်းဖြည်းတိုးတက်များပြားလာတာကို တွေ့ရပါတယ်။ အဲဒီလို မြန်မာနိုင်ငံအတွင်းသို့ ကမ္ဘာလှည့်ခရီးသည်များ လာရောက်လည်ပတ်မှု တိုးတက်များပြားလာတဲ့အလျောက် ကမ္ဘာလှည့်ခရီးသည်များ မြန်မာပြည်တွင်းသို့လာရောက်စဉ် အဆင့်အတန်းရှိရှိ တည်းခိုနေထိုင် သွားလာနိုင်ရေးအတွက် လိုအပ်တာတွေကို ဆောင်ရွက်ပေးကြရမှာဖြစ်ပါတယ်။ နောင်တွင်လည်း ကမ္ဘာလှည့်ခရီးသည်များ သက်သောင့်သက်သာစွာ အဆင့်အတန်းရှိရှိ တည်းခိုနေထိုင်သွားလာနိုင်ရေးအတွက် ဟိုတယ်နှင့်တည်းခိုခန်းများနဲ့စပ်လျဉ်း၍လည်းကောင်း၊ ခရီးသွားလာရေးလုပ်ငန်းများနဲ့စပ်လျဉ်း၍လည်းကောင်း ဥပဒေပြုဖို့လိုအပ်လာရင် ဥပဒေများကို ပြဋ္ဌာန်းပေးဖို့ရှိမှာဖြစ်ပါတယ်။ ဒါကြောင့် **"ဟိုတယ်နှင့်တည်းခိုခန်း"**နဲ့စပ်လျဉ်း၍လည်းကောင်း၊ **"ခရီးသွားလာရေးလုပ်ငန်း"**များနဲ့စပ်လျဉ်း၍လည်းကောင်း ဥပဒေပြုဖို့လိုအပ်လာရင် ဥပဒေပြဋ္ဌာန်းပေးနိုင်ဖို့ ပြည်ထောင်စုဥပဒေပြုစာရင်းတွင် ဖော်ပြသင့်ကြောင်း လေ့လာတွေ့ရှိရပါတယ်။

**သဘာပတိကြီးခင်ဗျား–**

ပြည်ထောင်စုဥပဒေပြုစာရင်းတွင် ဖော်ပြသင့်တဲ့ စီးပွားရေးကဏ္ဍပါကိစ္စရပ်တွေကို စုစည်းတင်ပြရမယ်ဆိုရင်–

၁။ စီးပွားရေး၊
၂။ ကူးသန်းရောင်းဝယ်ရေး၊
၃။ သမဝါယမ၊
၄။ ကော်ပိုရေးရှင်း၊ ဘုတ်အဖွဲ့၊ လုပ်ငန်း၊ ကုမ္ပဏီ၊ အစုစပ်၊
၅။ သွင်းကုန်၊ ထုတ်ကုန်နှင့် ယင်းကုန်ပစ္စည်းများ၏ အရည်အသွေးသတ်မှတ်ခြင်း၊
၆။ ဟိုတယ်နှင့်တည်းခိုခန်း၊
၇။ ခရီးသွားလာရေးလုပ်ငန်း

တို့ဖြစ်ပါတယ်။

ဖော်ပြပါ ကိစ္စရပ်တွေကို ပြည်ထောင်စုဥပဒေပြုစာရင်းတွင် ဖော်ပြရန် အသေးစိတ်အခြေခံရမယ့်မူများ ချမှတ်သင့်၊ မသင့် ညီလာခံ ကိုယ်စားလှယ်များက ဆွေးနွေးအကြံပြုနိုင်ကြဖို့ ရှင်းလင်းတင်ပြအပ်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

ဆက်လက်ပြီး စီးပွားရေးကဏ္ဍအောက်မှာပဲ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းတွင် ဖော်ပြသင့်တဲ့ ကိစ္စရပ်များကို ရှင်းလင်းတင်ပြသွားမှာဖြစ်ပါတယ်။

ကျွန်တော်တို့နိုင်ငံမှာ ဈေးကွက်စီးပွားရေးစနစ်ကို ကျင့်သုံးလာတာနဲ့အမျှ စီးပွားရေးနဲ့ ကူးသန်းရောင်းဝယ်ရေးဆိုင်ရာ လုပ်ငန်းများဟာ တဖြည်းဖြည်းတိုးတက်များပြားလာတဲ့အလျောက် အဲဒီ စီးပွားရေး၊ ကူးသန်းရောင်းဝယ်ရေးဆိုင်ရာ လုပ်ငန်းများမှာ ပုဂ္ဂလိကအများအပြားက ပါဝင်ဆောင်ရွက်လာတာကို တွေ့ရပါတယ်။ နိုင်ငံတော်ရဲ့ စီးပွားရေးနဲ့ ကူးသန်းရောင်းဝယ်ရေး တိုးတက်ဖွံ့ဖြိုးလာတာနဲ့အညီ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း စီးပွားရေးနဲ့ ကူးသန်းရောင်းဝယ်ရေး လုပ်ငန်းများဟာလည်း တိုးတက်များပြားလာမှာ ဖြစ်ပါတယ်။ နိုင်ငံတစ်ဝန်းလုံး လိုက်နာကျင့်သုံးရမယ့် စီးပွားရေး သို့မဟုတ် ကူးသန်းရောင်းဝယ်ရေးဆိုင်ရာ ဥပဒေတွေကို ပြည်ထောင်စုလွှတ်တော်က လိုအပ်သလို ပြဋ္ဌာန်းပေးသွားမှာဖြစ်ပြီး အဲဒီလို ပြည်ထောင်စုလွှတ်တော်က ပြဋ္ဌာန်းပေးလိုက်တဲ့ ဥပဒေများနဲ့အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်တဲ့ စီးပွားရေး ဒါမှမဟုတ် ကူးသန်းရောင်းဝယ်ရေး ကိစ္စများနဲ့စပ်လျဉ်းပြီး သက်ဆိုင်ရာ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်တွေက ဥပဒေပြဋ္ဌာန်းပေးဖို့ရှိကောင်း ရှိနိုင်မှာဖြစ်ပါတယ်။

ဒါ့ကြောင့် **"ပြည်ထောင်စုကပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်သည့် စီးပွားရေးကိစ္စများ"**နဲ့ **"ပြည်ထောင်စုက ပြဋ္ဌာန်းသည့် ဥပဒေနဲ့အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်းဆောင်ရွက်သည့် ကူးသန်းရောင်းဝယ်ရေးကိစ္စများ"**နဲ့စပ်လျဉ်းပြီး သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွက် ဥပဒေပြုဖို့လိုအပ်လာရင် ဥပဒေပြဋ္ဌာန်းပေးနိုင်ဖို့ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းတွင် ဖော်ပြသင့်ကြောင်း လေ့လာတွေ့ရှိရပါတယ်။

**သဘာပတိကြီးခင်ဗျား–**

နိုင်ငံတော်ရဲ့ စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေးဟူသော ဦးတည်ချက်တစ်ရပ်ကို ချမှတ်ဆောင်ရွက်လျက်ရှိရာ သမဝါယမပိုင်အခန်းမှလည်း စိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်းများ တိုးချဲ့ဖွဲ့စည်းရေး၊ ကျေးလက်ဒေသရှိ သမဝါယမအသင်းများအား စိုက်ပျိုးထုတ်လုပ်ရေးကို ဦးတည်ဆောင်ရွက်သော သမဝါယမအသင်းများအဖြစ် ပြုပြင်ဖွဲ့စည်းခြင်းများပြုလုပ်ကာ နိုင်ငံတော်ရဲ့ စီးပွားရေးဦးတည်ချက်များကို ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။

အခုအခါ သမဝါယမသီးနှံ စိုက်ပျိုးထုတ်လုပ်ရေးနဲ့ ပြည်ပပို့ကုန်လုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ရေးကို အစီအစဉ်ချမှတ်ဆောင်ရွက်လျက်ရှိရာ ပြည်နယ်၊ တိုင်း(၁၄)ခုတွင် စိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်းများ ဖွဲ့စည်းထားရှိပြီး ဖြစ်တဲ့အပြင် ပြည်နယ်၊ တိုင်းအလိုက် စိုက်ပျိုးထုတ်လုပ်ရေး အထူးဒေသ မြို့နယ်များသတ်မှတ်ကာ သမဝါယမသီးနှံ စိုက်ပျိုးထုတ်လုပ်မှု တိုးတက်ရေးကို အလေးထားဆောင်ရွက်လျက်ရှိပါတယ်။

အဲဒီလို နိုင်ငံတော်စီးပွားရေး တိုးတက်ဖွံ့ဖြိုးရေးအတွက် သမဝါယမအသင်းများကလည်း တစ်တပ်တစ်အား ပါဝင်ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။ နောင်အခါမှာလည်း သမဝါယမလုပ်ငန်းများနဲ့ စပ်လျဉ်းပြီး နိုင်ငံတစ်ဝန်းလုံးကို လိုက်နာကျင့်သုံးရမယ့် ကိစ္စရပ်များအတွက် ဥပဒေပြုဖို့လိုအပ်လာရင် ဥပဒေပြဋ္ဌာန်းပေးနိုင်ရေးအတွက် ဥပဒေပြုခွင့်အာဏာကို ပြည်ထောင်စုလွှတ်တော်သို့ အပ်နှင်းသင့်ကြောင်း ကျွန်တော် ရှင်းလင်းတင်ပြခဲ့ပြီးဖြစ်ပါတယ်။ ပြည်ထောင်စုလွှတ်တော်က တစ်ပြည်လုံး အတိုင်းအတာနဲ့ လိုအပ်မယ့်ဥပဒေတွေကို ပြဋ္ဌာန်းပေးမှာဖြစ်သော်လည်း သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အလိုက်ဆောင်ရွက်မယ့် သမဝါယမ လုပ်ငန်းများနဲ့စပ်လျဉ်းပြီး သက်ဆိုင်ရာ တိုင်းဒေသကြီး လွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်တွေက မိမိတို့ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း လိုက်နာကျင့်သုံးရမယ့်ဥပဒေများပြုဖို့လိုအပ်လာရင် ဥပဒေများပြဋ္ဌာန်းပေးနိုင်ရေးအတွက် **"ပြည်ထောင်စုက ပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်းဆောင်ရွက်သည့် သမဝါယမကိစ္စများ"**ဆိုင်ရာ ကိစ္စများကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြု စာရင်းတွင် ဖော်ပြသင့်ကြောင်း လေ့လာတွေ့ရှိရပါတယ်။

**သဘာပတိကြီးခင်ဗျား–**

စီးပွားရေးကဏ္ဍနဲ့ စလျဉ်းပြီး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းတွင် ဖော်ပြသင့်တဲ့ ကိစ္စရပ်များကို စုစည်းတင်ပြရမယ်ဆိုရင်–

၁။ ပြည်ထောင်စုက ပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်းဆောင်ရွက်သည့် စီးပွားရေးကိစ္စများ၊
၂။ ပြည်ထောင်စုက ပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်သည့် ကူးသန်းရောင်းဝယ်ရေးကိစ္စများ၊
၃။ ပြည်ထောင်စုက ပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်သည့် သမဝါယမကိစ္စများ

ဖြစ်ပါတယ်။

ဒါကြောင့် ဖော်ပြပါကိစ္စရပ်တွေကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းတွင် ဖော်ပြရန် အသေးစိတ်အခြေခံရမယ့်မူများ ချမှတ်သင့်၊ မသင့် ညီလာခံကိုယ်စားလှယ်များက ဆွေးနွေးအကြံပြုနိုင်ကြဖို့ ရှင်းလင်းတင်ပြအပ်ပါတယ်။ ။

*စာမျက်နှာ ၆ မှ*

ပြည်ပသို့တင်ပို့ရောင်းချနိုင်ဖို့ တိုးချဲ့စိုက်ပျိုးသွားဖို့ လိုအပ်ပါတယ်။ နိုင်ငံတော်ရဲ့ လူဦးရေဟာ နှစ်စဉ်တိုးတက်လျက်ရှိတဲ့အတွက် တိုးတက်လာတဲ့လူဦးရေနဲ့အညီ အချိုးညီညီထုတ်လုပ်နိုင်ဖို့အတွက် တိုးချဲ့စိုက်ပျိုးသွားကြရမှာဖြစ်ပါတယ်။

ကျွန်တော်တို့နိုင်ငံမှာ စိုက်ပျိုးနိုင်တဲ့မြေရိုင်းဧရိယာဧကပေါင်း ၁၆၂၅၆၀၀၀ ဧက(တစ်ဆယ့်ခြောက်သန်း နှစ်သိန်းငါးသောင်းခြောက်ထောင်)ဧကခန့် ရှိနေပါတယ်။ ဒါကြောင့် စိုက်ပျိုးနိုင်တဲ့မြေရိုင်းများဖြစ်တဲ့ မြေလွတ်၊ မြေလပ်နဲ့ မြေရိုင်းများကို လိုအပ်သလိုဖော်ထုတ်ပြီး တိုးချဲ့စိုက်ပျိုးသွားဖို့ ဖြစ်ပါတယ်။ နောင်အခါမှာလည်း အဲဒီလို တိုးချဲ့စိုက်ပျိုးနိုင်ရေးအတွက် **"မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများဖော်ထုတ်ခြင်း"**ဆိုင်ရာဥပဒေပြုဖို့လိုအပ်လာရင် ဥပဒေပြဋ္ဌာန်းပေးနိုင်ဖို့ ပြည်ထောင်စုဥပဒေပြုစာရင်းတွင်ဖော်ပြသင့်ကြောင်း လေ့လာတွေ့ရှိရပါတယ်။

**သဘာပတိကြီးခင်ဗျား–**

တည်ဆဲမြေနှင့်အခွန်ဥပဒေများအရ မြေခွန်တော်နှုန်းထားများသတ်မှတ်ခြင်း၊ မြေခွန်စည်းကြပ်ခြင်း၊ မြေယာပိုင်ခွင့်များကို မှတ်တမ်းတင်ထိန်းသိမ်းခြင်း လုပ်ငန်းများကို ဆောင်ရွက်ရပါတယ်။ ဒါ့အပြင် မြေနှင့်လယ်ယာကဏ္ဍဆိုင်ရာ စာရင်းအင်းများကောက်ယူပြုစုခြင်း၊ ကြေးတိုင်မြေမျိုးများပြင်ဆင်ခြင်း၊ မြေခွန်စည်းကြပ်ခြင်း၊ လယ်ယာမြေစီမံခန့်ခွဲမှုလုပ်ငန်းများ စတဲ့လုပ်ငန်းတွေကို ဆောင်ရွက်နိုင်ဖို့ လိုအပ်တဲ့ဥပဒေများ၊ နည်းဥပဒေများကို ထုတ်ပြန်ထားပါတယ်။ နောင်တွင်လည်း ဒီလုပ်ငန်းတွေကိုဆောင်ရွက်ရာမှာ နိုင်ငံတစ်ဝန်းလုံးတူညီမှုရှိမှသာ မြေယာစီမံခန့်ခွဲမှုကို တစ်ပြေးညီဆောင်ရွက်နိုင်မှာဖြစ်ပြီး မှန်ကန်တိကျသောကိန်းဂဏန်းနှင့် စာရင်းဇယားများကို ကောက်ယူစုဆောင်း

ပြည်သူများဟာ အကျိုးကျေးဇူးများစွာ ခံစားနေကြရပြီဖြစ်ပါတယ်။ အဲဒီလို နိုင်ငံတော်က တည်ဆောက်ပေးထားတဲ့ ဆည်မြောင်း၊ တာတမံ၊ ရေကန်၊ ရေနုတ်မြောင်းများနဲ့ စိုက်ပျိုးရေရရှိရေးလုပ်ငန်းများ အနက် နောင်အခါမှာ ပြည်ထောင်စုကသာ ထိန်းသိမ်းစီမံခန့်ခွဲသွားသင့်တဲ့ ဆည်များ၊ တာတမံများနဲ့ စိုက်ပျိုးရေရရှိရေးလုပ်ငန်းများရှိမှာဖြစ်သလို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များက ထိန်းသိမ်းစီမံခန့်ခွဲသွားသင့်တဲ့ ဆည်များ၊ တာတမံများ၊ ရေကန်များ၊ ရေနုတ်မြောင်းများနဲ့ စိုက်ပျိုးရေရရှိရေး လုပ်ငန်းများလည်း ရှိမှာဖြစ်ပါတယ်။ ဒါ့ပြင်နောင်တွင် နိုင်ငံတော်က တည်ဆောက်ပြီး စီမံခန့်ခွဲသွားမယ့် ဆည်မြောင်းများ၊ တာတမံများနဲ့ စိုက်ပျိုးရေရရှိရေး လုပ်ငန်းများ ရှိနိုင်မှာဖြစ်သလို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များက တည်ဆောက်ပြီး စီမံခန့်ခွဲသွားမယ့် ဆည်မြောင်းများ၊ တာတမံများနဲ့ စိုက်ပျိုးရေရရှိရေး လုပ်ငန်းများလည်း ရှိနိုင်မှာဖြစ်ပါတယ်။ ဒါကြောင့် **"ပြည်ထောင်စုက စီမံခန့်ခွဲသည့် ဆည်မြောင်း၊ တာတမံနဲ့ စိုက်ပျိုးရေရရှိရေးလုပ်ငန်းများ"**နဲ့ စပ်လျဉ်းပြီး ဥပဒေပြုဖို့လိုအပ်လာရင် ဥပဒေပြဋ္ဌာန်းပေးနိုင်ဖို့ ပြည်ထောင်စုဥပဒေပြုစာရင်းတွင် ဖော်ပြသင့်ကြောင်း လေ့လာတွေ့ရှိရပါတယ်။

**သဘာပတိကြီးခင်ဗျား–**

မိုးလေဝသ၊ ဇလဗေဒနဲ့ မြေငလျင်ဖြစ်စဉ်တို့မှာ လူသားတို့ သတ်မှတ်ထားတဲ့ နိုင်ငံ၊ ပြည်နယ်၊ ဒေသ နယ်နိမိတ်အလိုက် ဖြစ်ပေါ်မှုမရှိဘဲ သဘာဝ အလျောက်သာ နေရာအနှံ့ဖြစ်ပေါ်လေ့ရှိပါတယ်။ မိုးလေဝသ၊ ဇလဗေဒနဲ့ မြေငလျင်တိုင်းတာရေးလုပ်ငန်းများကို ဆောင်ရွက်ရာမှာ ဗဟိုမှဦးစီးပြီး နိုင်ငံအလိုက်၊ တိုင်း သို့မဟုတ် ပြည်နယ်အလိုက် ဒေသအချင်းချင်းပူးပေါင်း ဆောင်ရွက်ဖို့ လိုအပ်ပါတယ်။ မြန်မာနိုင်ငံအနေနဲ့လည်း ကမ္ဘာ့မိုးလေဝသ အဖွဲ့ချုပ်တွင် အဖွဲ့ဝင်အဖြစ် ပါဝင်တဲ့အတွက် ကမ္ဘာ့မိုးလေဝသအဖွဲ့ချုပ်က သတ်မှတ်ထားတဲ့လုပ်ငန်းရပ်ဆိုင်ရာ ကန့်သတ်ချက်စည်းမျဉ်းများကို လိုက်နာ

အတွက် လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ ကူးပြောင်းနိုင်အောင် စီစဉ် ဆောင်ရွက်လျက်ရှိပါတယ်။ လယ်ယာမြေသီးနှံစိုက်ပျိုးထုတ်လုပ်မှု စွမ်းအား တိုးတက်စေရေးအတွက် ရှေးဟောင်းသမားရိုးကျ နည်းလမ်းများအစား ခေတ်မီ တိုးတက်တဲ့ စက်မှုနည်းပညာများကို အသုံးပြုပြီး စိုက်ပျိုးရေးထွန်းကားလာ စေဖို့ နိုင်ငံတော်အနေနဲ့ အောက်ပါလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိ ပါတယ်–

(၁) လယ်ယာမြေသီးနှံစိုက်ပျိုးထုတ်လုပ်ရေးတွင် စက်မှုတပ်ဆင်ပြီး ထွန်ယက်၊ ရိတ်သိမ်း၊ ခြွေလှေ့ခြင်းလုပ်ငန်းများကိုဆောင်ရွက်ပေးခြင်း၊

(၂) ပြည်တွင်းပြည်ပမှ လယ်ယာသုံးစက်ကိရိယာများဝယ်ယူပြီး တောင်သူလယ်သမားများသို့ ဖြန့်ဖြူးရောင်းချခြင်း၊

(၃) မြန်မာ့လယ်ယာလုပ်ငန်းများနှင့် ကိုက်ညီဆီလျော်သော လယ်ယာသုံး စက်ကိရိယာများကို တီထွင်စမ်းသပ်ခြင်း၊

(၄) မြန်မာ့လယ်ယာလုပ်ငန်းနှင့် ကိုက်ညီဆီလျော်သော လယ်ယာသုံး စက်ကိရိယာအမျိုးအပြားထုတ်လုပ်ပြီး တောင်သူလယ်သမားများသို့ ဖြန့်ဖြူးရောင်းချခြင်း၊

(၅) လယ်ယာမြေတိုးချဲ့စိုက်ပျိုးနိုင်ရန်အတွက် မြေယာသစ်များကို စက်ကိရိယာအကူအညီများဖြင့် ဖော်ထုတ်ပေးခြင်း၊

(၆) သီးနှံစိုက်ပျိုးထုတ်လုပ်ခြင်း လုပ်ငန်းများအတွက် မြေအောက်ရေ ရှာဖွေတူးဖော်ပေးခြင်း

စသည်တို့ဖြစ်ပါတယ်။

လယ်ယာလုပ်ငန်းခွင်တွင် စက်ကိရိယာများ တိုးချဲ့တပ်ဆင်အသုံးပြုခြင်းဖြင့် စက်မှုလယ်ယာစနစ်သို့ အသွင်ကူးပြောင်းလာနိုင်ဖို့ မြန်မာ့စက်မှု လက်မှုဖွံ့ဖြိုးရေးတိုးတက်ရေးကော်မတီကို ဖွဲ့စည်းခဲ့ပြီး ဒေသဆိုင်ရာကော်မတီ

## လယ်ယာမြေစီမံခန့်ခွဲမှုလုပ်ငန်းများဆောင်ရွက်နိုင်ရန် လိုအပ်သည့်ဥပဒေများ၊ နည်းဥပဒေများထုတ်ပြန်ထား နိုင်ငံတစ်ဝန်းလုံးတူညီမှုရှိမှ မြေယာစီမံခန့်ခွဲမှုကိုတစ်ပြေးညီဆောင်ရွက်နိုင်ပြီး မှန်ကန်တိကျသောကိန်းဂဏန်းများကောက်ယူနိုင်မည်

နိုင်မှာဖြစ်ပါတယ်။ ဒါကြောင့် **"ကြေးတိုင်နှင့် မြေစာရင်း"**ဆိုင်ရာ ဥပဒေပြုဖို့ လိုအပ်လာရင် ဥပဒေပြဋ္ဌာန်းပေးနိုင်ဖို့ ပြည်ထောင်စုဥပဒေပြုစာရင်းတွင် ဖော်ပြသင့်ကြောင်း လေ့လာတွေ့ရှိရပါတယ်။

**သဘာပတိကြီးခင်ဗျား–**

နိုင်ငံတော်တစ်ဝန်းလုံးမှာရှိတဲ့ မြေများတိုင်းတာခြင်း၊ မြေပုံရေးဆွဲခြင်း၊ မြေကြီးမြေပုံနှင့် မြေစာရင်းမှန်ကန်ရေးလုပ်ငန်းများဟာ စိုက်ပျိုးရေးတိုးတက် အောင် ဆောင်ရွက်ရာမှာ အရေးကြီးတဲ့ အခန်းကဏ္ဍကပါဝင်လျက်ရှိပါတယ်။ ဒါ့အပြင် လိုအပ်တဲ့အခါကောင်းကင်မှ မြေများတိုင်းတာခြင်း၊ ဓာတ်ပုံရိုက်ခြင်း၊ မြေပုံထုတ်ခြင်း စသည်တို့ ပြုလုပ်ဖို့လည်းရှိပါတယ်။ အဲဒီလုပ်ငန်းတွေနဲ့ စပ်လျဉ်းပြီး နောင်တွင်လည်း မူဝါဒလမ်းညွှန်မှုပေးဖို့ရှိပါက ဥပဒေပြဋ္ဌာန်းပြီး လမ်းညွှန် နိုင်ဖို့အတွက် **"မြေတိုင်း"**ဆိုင်ရာကိစ္စရပ်များကို ပြည်ထောင်စုဥပဒေပြု စာရင်းတွင် ဖော်ပြသင့်ကြောင်း လေ့လာတွေ့ရှိရပါတယ်။

**သဘာပတိကြီးခင်ဗျား–**

လူနေမှုဘဝမှာစားသောက်မှုပြည့်စုံရေးဟာအရေးကြီးတဲ့အတွက် နိုင်ငံတော် အနေနဲ့ အဓိကအခြေခံဖြစ်တဲ့ စိုက်ပျိုးရေးလုပ်ငန်းကိုမြှင့်တင်နိုင်ဖို့ ဇောက်ချ လုပ်ကိုင်လျက်ရှိတာကို တွေ့ရှိရမှာဖြစ်ပါတယ်။ စိုက်ပျိုးရေးလုပ်ငန်းမှာ မြေနဲ့ရေဟာ ပင်မလိုအပ်ချက်များဖြစ်တာကြောင့် စိုက်ပျိုးရေရရှိရေးအတွက် နိုင်ငံတော်ရဲ့ ရေသယံဇာတအရင်းအမြစ်များ ဖော်ထုတ်ခြင်း၊ ရေစီမံခန့်ခွဲမှု လုပ်ငန်းရပ်များဖြစ်တဲ့ ဆည်ရေပေးဝေခြင်း၊ မြစ်ရေတင်ပေးဝေခြင်းနဲ့ ရေဘေး ကာကွယ်ရေး လုပ်ငန်းများကို ပြည်ထောင်စုတစ်ဝန်းလုံးမှာ ဆောင်ရွက် လျက်ရှိပါတယ်။ နိုင်ငံတော်ဟာ စိုက်ပျိုးရေးကဏ္ဍ တိုးတက်စေရေးအတွက် ဆည်ရေပေးဝေရေး လုပ်ငန်းများနဲ့ ရေဘေးကာကွယ်ရေးလုပ်ငန်းများအတွက် ဆည်များ၊ တာတမံများကို အားသွန်ခွန်စိုက်တည်ဆောက် အကောင်အထည် ဖော်လျက်ရှိပါတယ်။ တည်ဆောက်အကောင်အထည်ဖော်ပြီးတဲ့ ဆည်မြောင်းများ၊ တာတမံများကို ရေရှည်တည်တံ့ ကောင်းမွန်နေစေရေးအတွက် ထိန်းသိမ်းပြုပြင် ခြင်းများကိုလည်း ဆောင်ရွက်လျက်ရှိပါတယ်။

၁၉၈၈–၈၉ ဘဏ္ဍာရေးနှစ်မှ ၂၀၀၄ခုနှစ်မေလ၁၄ရက်နေ့အထိနိုင်ငံတော်က ဆည်မြောင်း၊ တာတမံစီမံကိန်းပေါင်း ၁၅၉ခုကို အောင်မြင်စွာတည်ဆောက် ပေးခဲ့ပြီး အဲဒီတည်ဆောက်ပေးခဲ့တဲ့ ဆည်မြောင်း၊ တာတမံတွေက တစ်ဆင့် စိုက်ပျိုးဧကပေါင်း သိန်းပေါင်းများစွာကို ရေများပေးဝေနိုင်ခဲ့တဲ့အတွက် နိုင်ငံတော်ရဲ့လယ်ယာစီးပွား တိုးတက်လာပြီး တောင်သူလယ်သမားနဲ့

ဖို့လိုအပ်ပါတယ်။ ဒါ့ပြင် မိုးလေဝသ၊ ဇလဗေဒ၊ မြေငလျင်တိုင်းတာရေး၊ လေကြောင်းမိုးလေဝသ၊ စိုက်ပျိုးရေးမိုးလေဝသ စတဲ့လုပ်ငန်းရပ်များကို ဆောင်ရွက်တဲ့အခါမှာ ကျွမ်းကျင်မှုရှိဖို့လိုအပ်ပြီး ကျွမ်းကျင်မှုဆိုင်ရာတို့ကိုလည်း လိုအပ်သလိုကြီးကြပ်ကွပ်ကဲကာ အစဉ်သဖြင့် တိုးတက်အောင် ဆောင်ရွက်ပေး ရမှာဖြစ်ပါတယ်။ မိုးလေဝသ၊ ဇလဗေဒနှင့် မြေငလျင်တိုင်းတာရေး လုပ်ငန်းရပ် များဟာ ကျွမ်းကျင်မှုဆိုင်ရာ သဘာဝသိပ္ပံပညာရပ်များဖြစ်တဲ့အတွက် ခေတ်မီ သိပ္ပံနည်းပညာများနဲ့ တိုင်းထွာချက်ယူသည်မှအစ မှတ်တမ်းပြုစုခြင်း၊ သုတေ သနပြုခြင်း၊ ခန့်မှန်းခြင်း စသည်တို့အတွက် အဆင့်မြင့်ကျွမ်းကျင်မှုပညာရပ်များ တတ်ကျွမ်းထားရန် လည်းလိုအပ်ပါတယ်။ အဲဒီလို အဆင့်မြင့်ကျွမ်းကျင်မှုရှိမှသာ ဆောင်ရွက်လို့ရတဲ့ မိုးလေဝသ၊ ဇလဗေဒနဲ့ မြေငလျင်တိုင်းတာရေးလုပ်ငန်း များကို နောင်တွင်လည်း ပြည်ထောင်စုအဆင့်ကသာ ကြီးကြပ်ကွပ်ကဲ ဦးဆောင်သွားသင့်ပါတယ်။ ဒါကြောင့် **"မိုးလေဝသ၊ ဇလဗေဒနှင့် မြေငလျင် တိုင်းတာရေး"**လုပ်ငန်းများနဲ့ စပ်လျဉ်းပြီး ဥပဒေပြုဖို့ လိုအပ်လာရင် ဥပဒေ ပြဋ္ဌာန်းပေးနိုင်ဖို့ ပြည်ထောင်စုဥပဒေပြုစာရင်းတွင် ဖော်ပြသင့်ကြောင်း လေ့လာ တွေ့ရှိရပါတယ်။

**သဘာပတိကြီးခင်ဗျား–**

အခုအခါ စာချုပ်စာတမ်းမှတ်ပုံတင်ခြင်းဆိုင်ရာဥပဒေကို ပြဋ္ဌာန်းထား ရှိတဲ့အတွက် ကျွန်တော်တို့ဟာ အဲဒီဥပဒေနဲ့အညီ ကျင့်သုံးဆောင်ရွက်လျက် ရှိပါတယ်။ စာချုပ်စာတမ်းမှတ်ပုံတင်ခြင်းဟာ မိမိတို့နိုင်ငံအတွင်း၌သာမက ပြည်ပနိုင်ငံများမှ ပုဂ္ဂိုလ်များနဲ့လည်း ဆက်သွယ်မှုရှိနိုင်ပါတယ်။ နောင်အခါ မှာလည်း အဲဒီ **"စာချုပ်စာတမ်းမှတ်ပုံတင်ခြင်း"**ဆိုင်ရာကိစ္စများနဲ့ စပ်လျဉ်းပြီး ဥပဒေပြုဖို့လိုအပ်လာရင် ဥပဒေပြဋ္ဌာန်းပေးနိုင်ရေးအတွက် ပြည်ထောင်စု ဥပဒေပြုစာရင်းတွင် ဖော်ပြသင့်ကြောင်း လေ့လာတွေ့ရှိရပါတယ်။

**သဘာပတိကြီးခင်ဗျား–**

အခုအခါ လယ်ယာကုန်ထုတ်လုပ်မှုတိုးတက်ပြီး တောင်သူလယ်သမားများ ဝင်ငွေတိုးတက်စေဖို့နဲ့ လုပ်ငန်းခွင်မှာ အချိန်ကုန်လုပင်ပန်းမှု သက်သာစေဖို့

များရဲ့ ကြီးကြပ်မှုနဲ့ အခုအခါ ပြည်နယ်၊ တိုင်းအလိုက် စက်မှုဇုန်များ ထူထောင်ခြင်း၊ ပြည်တွင်းပြည်ပလုပ်ငန်းရှင်များရဲ့ လယ်ယာလုပ်ငန်းသုံး စက်ကိရိယာများကို ပြပွဲများပြုလုပ်ပြီး ပညာပေးပြသခြင်းစသည်တို့ကို ဆောင်ရွက်လျက်ရှိပါတယ်။ စက်မှုလယ်ယာသို့ အသွင်ကူးပြောင်းရာမှာ အထောက်အကူဖြစ်စေမယ့် စက်မှုဇုန်များကို ပြည်နယ်၊ တိုင်းများတွင် တည်ထောင်လျက်ရှိပါတယ်။

လယ်ယာသုံးစက်ကိရိယာများကို စက်မှုလယ်ယာဦးစီးဌာန မြန်မာ့ အကြီးစားစက်မှုလုပ်ငန်း စက်မှုဇုန်များနဲ့ ပုဂ္ဂလိကလုပ်ငန်းရှင်တို့အား ပြည်တွင်းမှာ ထုတ်လုပ်၍လည်းကောင်း၊ ပြည်ပမှ တင်သွင်း၍လည်းကောင်း တောင်သူလယ်သမားများကို နှစ်စဉ်ဖြန့်ဖြူးရောင်းချပေးလျက်ရှိပါတယ်။

နောင်တွင်လည်း နိုင်ငံတစ်ဝန်းလုံးမှာ သိပ္ပံနည်းကျခေတ်မီ တိုးတက်တဲ့ စိုက်ပျိုးရေးဖြစ်ပေါ်ထွန်းကားလာစေဖို့ နိုင်ငံတော်ကစက်မှုလယ်ယာနဲ့ စပ်လျဉ်းတဲ့ ကိစ္စရပ်တွေကို ဦးစီးဆောင်ရွက်ပြီး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တွေကို လိုအပ်သလိုဖြန့်ဖြူးပေးသင့်ပါတယ်။ ဒါကြောင့် **"စက်မှုလယ်ယာ"**နဲ့ စပ်လျဉ်းပြီး ဥပဒေပြုဖို့ လိုအပ်လာရင် ဥပဒေပြဋ္ဌာန်းပေးနိုင်ဖို့ ပြည်ထောင်စု ဥပဒေပြုစာရင်းတွင် ဖော်ပြသင့်ကြောင်း လေ့လာတွေ့ရှိရပါတယ်။

**သဘာပတိကြီးခင်ဗျား–**

အခုအခါ နိုင်ငံတော်ဟာ ပြည်တွင်းစားနပ်ရိက္ခာဖူလုံရေး၊ ပြည်ပပို့ကုန် တိုးချဲ့တင်ပို့နိုင်ရေးနဲ့ ပြည်တွင်းစက်ရုံအလုပ်ရုံများအတွက် လိုအပ်တဲ့ ကုန်ကြမ်း များ ဖြည့်ဆည်းပေးနိုင်ရေးစတဲ့ ဦးတည်ချက်များနဲ့ လယ်ယာကဏ္ဍ ဖွံ့ဖြိုး တိုးတက်လာစေဖို့ စိုက်ပျိုးမြေသယံဇာတ တိုးချဲ့စိုက်ပျိုးရေး၊ စိုက်ပျိုးရေ ဖူလုံစွာရရှိရေး၊ လယ်ယာလုပ်ငန်းတွင် စက်ကိရိယာများ တပ်ဆင်အသုံးပြုရေး၊ နည်းပညာပြုပြင်ပြောင်းလဲရေးနဲ့ မျိုးကောင်းမျိုးသန့်များ ထုတ်လုပ်အသုံးပြု ရေးစတဲ့ နည်းလမ်းများကို ကျယ်ပြန့်စွာဆောင်ရွက်လျက်ရှိပါတယ်။ ဒါ့အပြင် ခေတ်မီစိုက်ပျိုးရေးနည်းပညာများ ပြန့်ပွားလာစေဖို့ စံပြစိုက်ခင်းများ တည် ထောင်ခြင်း၊ လယ်ယာသုံးစက်ကိရိယာများ အသုံးပြုပုံ လက်တွေ့ပြသခြင်း တို့ကိုလည်း ဆောင်ရွက်ပေးလျက်ရှိပါတယ်။ လယ်ယာထွက်သီးနှံများ အရည် အသွေးနဲ့ အထွက်နှုန်း တိုးတက်မြင့်မားလာစေဖို့ ရေမြေဒေသနဲ့ကိုက်ညီတဲ့ မျိုးသစ်များကိုလည်း သုတေသနပြု စမ်းသပ်ထုတ်ဖော် ဖြန့်ဖြူးပေးလျက် ရှိပါတယ်။ အဲဒီလိုရေမြေဒေသနဲ့ကိုက်ညီတဲ့ မျိုးသစ်များ စမ်းသပ်ထုတ်ဖော်

*စာမျက်နှာ ၈ ကော်လံ ၁*

**အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စုခန်းမ၌ ဆက်လက်ကျင်းပရာ အမျိုးသားညီလာခံကိုယ်စားလှယ်များ စုံညီအစည်းအဝေး တက်ရောက်ကြောင်း မှတ်တမ်းတင် လက်မှတ်ရေးထိုးကြစဉ်။ (သတင်းစဉ်)**

*စာမျက်နှာ ၇ မှ*

ဖြန့်ဖြူးပေးနိုင်ရေးအတွက် စိုက်ပျိုးရေးသုတေသနလုပ်ငန်းဟာ အဓိကအခန်းကဏ္ဍမှာ ပါဝင်လျက်ရှိပါတယ်။ အရည်အသွေးနဲ့ အထွက်နှုန်း တိုးတက်မြင့်မားတဲ့ မျိုးသစ်များကို သုတေသနပြုပြီး စမ်းသပ်ထုတ်ဖော် ဖြန့်ဖြူးပေးနိုင်မှသာ နိုင်ငံတော်ရဲ့လယ်ယာထွက်သီးနှံများ တိုးတက်မြင့်မားလာမှာဖြစ်ပါတယ်။ စိုက်ပျိုးရေးသုတေသနလုပ်ငန်းကို ဗဟိုကဦးစီးပြီး သိပ္ပံနည်းကျကျ ခေတ်မီစွာ ဆောင်ရွက်သွားနိုင်မှ အောင်မြင်မှုရရှိနိုင်မှာ ဖြစ်ပါတယ်။ ဒါကြောင့် နောင်အခါမှာလည်း **"စိုက်ပျိုးရေးသုတေသန"** လုပ်ငန်းများနဲ့စပ်လျဉ်းပြီး ဥပဒေပြုဖို့ လိုအပ်လာရင် ဥပဒေပြဋ္ဌာန်းပေးနိုင်ဖို့ ပြည်ထောင်စုဥပဒေပြုစာရင်းတွင် ဖော်ပြသင့်ကြောင်း လေ့လာတွေ့ရှိရပါတယ်။

**သဘာပတိကြီးခင်ဗျား–**

နိုင်ငံတော်အနေနဲ့ စိုက်ပျိုးရေးတိုးတက်ဖြစ်ထွန်းစေဖို့ အခြေခံလိုအပ်ချက်ဖြစ်တဲ့ စိုက်ပျိုးရေရရှိရေးအတွက် ဆည်မြောင်း၊ တာတမံများနဲ့ မြစ်ရေတင်လုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ဒါ့အပြင် သိပ္ပံနည်းကျခေတ်မီစွာ စိုက်ပျိုးနိုင်ရေးအတွက် အသုံးပြုရမယ့် ဓာတ်မြေသြဇာနဲ့ ပိုးသတ်ဆေး ထုတ်လုပ်ရေးလုပ်ငန်းများကိုလည်း စဉ်ဆက်မပြတ် သုတေသနပြုထုတ်လုပ်ပေးလျက်ရှိပါတယ်။ အဲဒီလို ထုတ်လုပ်ပေးလျက်ရှိတဲ့ ဓာတ်မြေသြဇာနဲ့ ပိုးသတ်ဆေးတွေကို ပြည်ထောင်စုတစ်ဝန်းလုံးသို့ လုံလုံလောက်လောက် ကျယ်ကျယ်ပြန့်ပြန့် ဖြန့်ဖြူးရောင်းချပေးလျက်ရှိပါတယ်။

ဒါကြောင့် **"ဓာတ်မြေသြဇာနှင့် ပိုးသတ်ဆေး ထုတ်လုပ်ရေး"** ဆိုင်ရာကိစ္စများကို ဥပဒေပြုဖို့လိုအပ်လာရင် ဥပဒေပြဋ္ဌာန်းနိုင်ဖို့ ပြည်ထောင်စုဥပဒေပြုစာရင်းတွင် ဖော်ပြသင့်ကြောင်း လေ့လာတွေ့ရှိရပါတယ်။

ဆီဖူလုံရေး၊ ပဲမျိုးစုံ၊ ကြံနဲ့ဝါများကို တိုးချဲ့စိုက်ပျိုးနိုင်ရေးအတွက် လုပ်ငန်းစီမံကိန်းများ ချမှတ်ဆောင်ရွက်လျက်ရှိပါတယ်။

နောင်အခါမှာလည်း ပြည်ထောင်စုအဆင့်အနေနဲ့ လယ်ယာစိုက်ပျိုးရေးမူဝါဒများ၊ လုပ်ငန်းစီမံကိန်းများကို တစ်နိုင်ငံလုံး အတိုင်းအတာအနေနဲ့ ချမှတ်ပေးလိုက်တဲ့အခါ တိုင်းဒေသကြီးနဲ့ ပြည်နယ်များက မိမိတို့တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်းဆောင်ရွက်ရမယ့် လယ်ယာစိုက်ပျိုးရေးဆိုင်ရာလုပ်ငန်းများကို အနီးကပ်ကြီးကြပ်ဆောင်ရွက်သွားကြရမှာဖြစ်ပါတယ်။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များက လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများကို အောင်မြင်အောင် အကောင်အထည်ဖော်တဲ့နေရာမှာ ဟန်ချက်ညီညီ အကောင်အထည်ဖော်ကြရမှာဖြစ်ပါတယ်။ တစ်ဖက်ဖက်က အားနည်းချက်ရှိလာရင် မိမိတို့ အကောင်အထည်ဖော်နေတဲ့လုပ်ငန်းများကို အနည်းနဲ့အများ ထိခိုက်နိုင်ပါတယ်။

ဒါ့အပြင် အပင်နှင့် သီးနှံဖျက်ပိုးမွှားရောဂါ ကာကွယ်ရေးနဲ့နှိမ်နင်းရေးတို့ဟာလည်း လယ်ယာစိုက်ပျိုးရေးအတွက် အလွန်းပဲအရေးကြီးပါတယ်။ အပင်နဲ့သီးနှံရောဂါကာကွယ်ရေးကို ကြိုတင်ဆောင်ရွက်ထားနိုင်မှုမရှိရင် သီးနှံများပျက်စီးပြီး တောင်သူလယ်သမားများအတွက် နစ်နာဆုံးရှုံးမှုရှိမှာဖြစ်ပါတယ်။ အဲဒါတွေကိုလည်း သက်ဆိုင်ရာများက အနီးကပ်ကြီးကြပ်ပေးဖို့ လိုအပ်ပါတယ်။ ဒါကြောင့်–

"၁။ လယ်ယာစိုက်ပျိုးရေး၊

၂။ အပင်နှင့်သီးနှံဖျက် ပိုးမွှားရောဂါကာကွယ်ရေးနှင့် နှိမ်နင်းရေး၊

၃။ ဓာတ်မြေသြဇာ စနစ်တကျ သုံးစွဲရေးနှင့် သဘာဝဓာတ်မြေသြဇာများ စနစ်တကျထုတ်လုပ်သုံးစွဲရေး"

ဆည်မြောင်း၊ တာတမံ၊ ရေကန်၊ ရေနုတ်မြောင်းနဲ့ စိုက်ပျိုးရေ ရရှိရေးလုပ်ငန်းများလည်း ရှိမှာဖြစ်ကြောင်း ကျွန်တော်စောစောက ရှင်းလင်းတင်ပြခဲ့ပြီးဖြစ်ပါတယ်။ အဲဒီလို **"တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်က စီမံခန့်ခွဲခွင့်ရှိသော ဆည်မြောင်း၊ တာတမံ၊ ရေကန်၊ ရေနုတ်မြောင်းနှင့် စိုက်ပျိုးရေရရှိရေးလုပ်ငန်းများ"**နဲ့စပ်လျဉ်းပြီး ဥပဒေပြုဖို့ လိုအပ်လာရင် ဥပဒေပြဋ္ဌာန်းပေးနိုင်ဖို့ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းတွင် ဖော်ပြသင့်ကြောင်း လေ့လာတွေ့ရှိရပါတယ်။

**သဘာပတိကြီးခင်ဗျား–**

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အချို့မှာ ရေချိုငါးလုပ်ငန်းများရှိမှာဖြစ်ပါတယ်။ ပုစွန်မွေးမြူထုတ်လုပ်ရေး အပါအဝင် ရေချိုငါးထုတ်လုပ်ရာမှာ ပုဂ္ဂလိကငါးမွေးမြူသူများနဲ့ စီးပွားရေးအဖွဲ့အစည်းများကလည်း လုပ်ကိုင်ဆောင်ရွက်ကြမှာ ဖြစ်ပါတယ်။ အခုအခါ ပုဂ္ဂလိကများအား အင်းများကို ကြေးတိုင်စနစ်ဖြင့် လုပ်ကိုင်စေခြင်း၊ မွေးမြူရေးစရိတ်ချေးငွေ တိုးတက်ထုတ်ချေးခြင်းနဲ့ သက်ဆိုင်ရာဌာနမှ ငါးသားပေါက်များ တိုးတက်ဖြန့်ဖြူးပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိတဲ့နည်းတူ နောင်တွင်လည်း အခုလို ဆောင်ရွက်ဖို့ ရှိမှာဖြစ်ပါတယ်။ အဲဒီလို ဆောင်ရွက်မှသာ ရေချိုငါးများကို တိုးတက်ထုတ်လုပ်နိုင်ပြီး ပြည်သူများအနေနဲ့လည်း ငါးများကို ဈေးနှုန်းသက်သာစွာ ဝယ်ယူစားသုံးနိုင်ကြမှာ ဖြစ်ပါတယ်။ ရေချိုငါးလုပ်ငန်းများ တိုးတက်ဖွံ့ဖြိုးလာစေရေးအတွက် အနီးကပ်ကြီးကြပ်ပေးရမယ့် အဖွဲ့အစည်းများဟာ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များသာ ဖြစ်ပါတယ်။ တိုင်းဒေသကြီး သို့မဟုတ်ပြည်နယ်များဟာ **"ရေချိုငါးလုပ်ငန်း"**နဲ့စပ်လျဉ်းပြီး ဆောင်ရွက်တဲ့အခါ စနစ်တကျရှိစေဖို့ ဥပဒေပြုဖို့လိုအပ်လာရင် ဥပဒေပြဋ္ဌာန်းပေးနိုင်ရေးအတွက် တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းတွင် ဖော်ပြသင့်ကြောင်း လေ့လာတွေ့ရှိရပါတယ်။

# နိုင်ငံတော်အနေဖြင့်တောင်သူလယ်သမားများဘဝမြှင့်တင်ပေးရေး စိုက်ပျိုးရေးချေးငွေများထုတ်ချေးလျက်ရှိ ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်လာသည့်အခါ သက်ဆိုင်ရာတိုင်းဒေသကြီးသို့မဟုတ်ပြည်နယ်များကတာဝန်ခွဲဝေယူ

**သဘာပတိကြီးခင်ဗျား–**

နိုင်ငံတော်ရဲ့ ရေပေါ်ရေအောက် သယံဇာတများကို စနစ်တကျ ထုတ်လုပ်သုံးစွဲရေးနဲ့ သဘာဝငါးမျိုးများနဲ့ သဘာဝအခြေအနေများကို ထိန်းသိမ်းသွားဖို့ လိုအပ်ပါတယ်။ အဲဒီလို ထိန်းသိမ်းရာမှာ ပြည်သူအများ စားသုံးနေတဲ့ ငါးများကိုလည်း စနစ်တကျ ဖမ်းဆီးစားသုံးရေးအတွက် ကြီးကြပ်ကွပ်ကဲသွားဖို့ လိုအပ်ပါတယ်။ ပြည်သူများ စားသုံးဖို့ သို့တည်းမဟုတ် နိုင်ငံခြားကို တင်ပို့ရောင်းချဖို့ ငါးများကို ဖမ်းဆီးတဲ့လုပ်ငန်း နှစ်မျိုးနှစ်စားရှိပါတယ်။ အဲဒီလို လုပ်ငန်းနှစ်မျိုးဟာဆိုရင် ပင်လယ်ငါးလုပ်ငန်းနဲ့ ရေချိုငါးလုပ်ငန်းတို့ ဖြစ်ပါတယ်။ ပင်လယ်ငါးလုပ်ငန်းနဲ့စပ်လျဉ်းပြီး တင်ပြရရင် ပင်လယ်ငါးများကို ပင်လယ်တွင်းမှာ ဖမ်းဆီးရတဲ့အတွက် အဲဒီပင်လယ်ပြင်တွေဟာ ပြည်နယ်အချို့နဲ့ တိုင်းဒေသကြီးအချို့တို့ ဆက်စပ်လျက်ရှိပါတယ်။ ပင်လယ်ငါးဖမ်းလုပ်ငန်းဟာဆိုရင် အခြားနိုင်ငံများနဲ့လည်း ဆက်စပ်လျက်ရှိတဲ့အတွက် ငါးဖမ်းတဲ့အခါ နိုင်ငံတကာဥပဒေ လုပ်ထုံးလုပ်နည်း၊ စည်းကမ်းများနဲ့အညီ ဖြစ်စေဖို့ လိုအပ်ပါတယ်။ ဒါကြောင့် နောင်အခါမှာလည်း **"ပင်လယ်ငါးလုပ်ငန်း"**နဲ့ စပ်လျဉ်းပြီး ဥပဒေပြုဖို့လိုအပ်လာရင် ဥပဒေပြဋ္ဌာန်းပေးနိုင်ဖို့ ပြည်ထောင်စုဥပဒေပြုစာရင်းတွင် ဖော်ပြသင့်ကြောင်း လေ့လာတွေ့ရှိရပါတယ်။

**သဘာပတိကြီးခင်ဗျား–**

အခု ကျွန်တော်ရှင်းလင်းတင်ပြခဲ့တာတွေဟာဆိုရင် ပြည်ထောင်စု ဥပဒေပြုစာရင်းတွင်ပါရှိသင့်တဲ့ စိုက်ပျိုးရေးနဲ့ မွေးမြူရေးကဏ္ဍမှာပါရှိမယ့် ကိစ္စရပ်များဖြစ်ပါတယ်။ အဲဒီကိစ္စရပ်တွေကို စုစည်းတင်ပြရမယ်ဆိုရင်–

၁။ မြေယာစီမံခန့်ခွဲမှု၊

၂။ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများဖော်ထုတ်ခြင်း၊

၃။ ကြေးတိုင်နှင့် မြေစာရင်း၊

၄။ မြေတိုင်း၊

၅။ ပြည်ထောင်စုက စီမံခန့်ခွဲသည့် ဆည်မြောင်း၊ တာတမံနှင့် စိုက်ပျိုးရေ ရရှိရေးလုပ်ငန်းများ၊

၆။ မိုးလေဝသ၊ ဇလဗေဒနှင့် မြေငလျင်တိုင်းတာရေး၊

၇။ စာချုပ်စာတမ်းမှတ်ပုံတင်ခြင်း၊

၈။ စက်မှုလယ်ယာ၊

၉။ စိုက်ပျိုးရေးသုတေသန၊

၁၀။ ဓာတ်မြေသြဇာနှင့် ပိုးသတ်ဆေးထုတ်လုပ်ရေး၊

၁၁။ ပင်လယ်ငါးလုပ်ငန်း

တို့ဖြစ်ပါတယ်။

ဒါကြောင့် ဖော်ပြပါကိစ္စရပ်တွေနဲ့စပ်လျဉ်းပြီး ဥပဒေပြုဖို့လိုအပ်လာရင် ဥပဒေပြဋ္ဌာန်းပေးနိုင်ဖို့ ပြည်ထောင်စုဥပဒေပြုစာရင်းတွင် ဖော်ပြရန် အသေးစိတ်အခြေခံရမယ့်မူများ ချမှတ်သင့်၊ မသင့် ညီလာခံကိုယ်စားလှယ်များက အကြံဉာဏ်များပေးကြဖို့ဖြစ်ပါတယ်။

အခုဆက်လက်ပြီး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းတွင် ဖော်ပြသင့်တဲ့ စိုက်ပျိုးရေးနဲ့ မွေးမြူရေးကဏ္ဍပါ ကိစ္စရပ်များကို တင်ပြသွားမှာဖြစ်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

နိုင်ငံတော်ရဲ့ လယ်ယာစိုက်ပျိုးရေး တိုးတက်လာတာနဲ့အမျှ ပြည်တွင်းစားနပ်ရိက္ခာဖူလုံရေး၊ ပြည်ပပို့ကုန်တိုးချဲ့တင်ပို့နိုင်ရေးနဲ့ ပြည်တွင်းစက်ရုံအလုပ်ရုံများအတွက် လိုအပ်သော ကုန်ကြမ်းများ ဖြည့်ဆည်းပေးရေးစတဲ့ ကြိုးပမ်းဆောင်ရွက်ချက်များလည်း အောင်မြင်မှုရှိလာမှာဖြစ်ပါတယ်။ အခုအခါ လယ်ယာစိုက်ပျိုးရေးကို ဦးစားပေးဆောင်ရွက်ရာမှာ စပါးပိုမိုထွက်ရှိရေး၊ တို့နဲ့စပ်လျဉ်းပြီး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အလိုက် ဥပဒေပြုဖို့ လိုအပ်လာရင် ဥပဒေပြဋ္ဌာန်းပေးနိုင်ဖို့ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းတွင် ဖော်ပြသင့်ကြောင်း လေ့လာတွေ့ရှိရပါတယ်။

**သဘာပတိကြီးခင်ဗျား–**

တောင်သူလယ်သမားများအနေနဲ့ မိမိတို့လယ်ယာများကို စိုက်ပျိုးရာမှာ အရင်းအနှီးများ လိုအပ်ကောင်း လိုအပ်မှာဖြစ်ပါတယ်။ ယခင် ကိုလိုနီနယ်ချဲ့များ အုပ်စိုးစဉ်အခါက အရင်းအနှီးလိုအပ်နေတဲ့ တောင်သူလယ်သမားများဟာ ငွေရှင်ကြေးရှင်များထံမှ အတိုးကြီးပေးပြီး ငွေများချေးယူရတဲ့အတွက် တောင်သူလယ်သမားများဟာ ငွေရှင်ကြေးရှင်တွေကိုသာ အလုပ်အကျွေးပြုခဲ့ရပြီး တောင်သူလယ်သမားများရဲ့ဘဝဟာ ဆင်းရဲမွဲသံသရာမှ ရုန်းထွက်နိုင်ခဲ့ခြင်း မရှိတာကိုတွေ့ခဲ့ရပါတယ်။ အဲဒါကြောင့် လွတ်လပ်ရေးရပြီးတဲ့နောက်ပိုင်း နိုင်ငံတော်အစိုးရက တောင်သူလယ်သမားများကို စိုက်ပျိုးရေး အမတော်ကြေးများ ထုတ်ချေးပြီး အဲဒီအမတော်ကြေးများကို သက်သာတဲ့အတိုးနှုန်းနဲ့ အတူ ပြန်လည်ပေးဆပ်စေခဲ့ပါတယ်။

ယခုအခါ တောင်သူလယ်သမားများအနေဖြင့် ချေးငွေများအချိန်မီ လုံလောက်စွာရရှိရေး၊ ချေးငွေများ ပြန်လည်ကောက်ခံရာမှာ ထိရောက်မှုရှိရေးနဲ့ ပိုလျှံသောငွေများကို လွယ်ကူစွာအပ်နှံနိုင်ရေးတို့အတွက် မြန်မာ့စိုက်ပျိုးရေးနဲ့ ကျေးလက်ဖွံ့ဖြိုးရေးဘဏ်ကို ဘဏ္ဍာရေးနဲ့ အခွန်ဝန်ကြီးဌာန လက်အောက်မှ လယ်ယာစိုက်ပျိုးရေးနဲ့ ဆည်မြောင်းဝန်ကြီးဌာနလက်အောက်သို့ ၁၉၉၆ခုနှစ် ဒီဇင်ဘာလမှ စတင်လွှဲပြောင်းပေးခဲ့ပြီး မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်အဖြစ် ပြောင်းလဲဖွဲ့စည်းပေးခဲ့ပါတယ်။ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ဟာ စိုက်ပျိုးရေးနဲ့ မွေးမြူရေးလုပ်ငန်းများ၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် တောင်သူလယ်သမားများနဲ့ မွေးမြူရေးလုပ်ကိုင်သူများအား နှစ်စဉ်ရာသီအလိုက် သီးနှံစိုက်ပျိုးစရိတ်များ၊ ခိုင်းကျွဲနွား၊ လှည်း၊ ရေစုပ်စက်၊ လက်တွန်းထွန်စက်နှင့် လယ်ယာသုံးကိရိယာများဝယ်ယူရန် ချေးငွေများ၊ နယ်စပ်ဒေသဖွံ့ဖြိုးရေး အထူးချေးငွေများ၊ ဥယျာဉ်ခြံစိုက်ပျိုးစရိတ်၊ မွေးမြူရေးစရိတ်စတဲ့ ဖွံ့ဖြိုးရေးချေးငွေများကို တိုးတက်ထုတ်ချေးလျက် ရှိပါတယ်။ အဲဒီလို နိုင်ငံတော်အနေနဲ့ တောင်သူလယ်သမားများရဲ့ဘဝ မြှင့်တင်ပေးရေးအတွက် စိုက်ပျိုးရေး ချေးငွေများကို ထုတ်ချေးလျက်ရှိရာ နောင်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်လာတဲ့အခါ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များအနေနဲ့ အဲဒီတာဝန်တွေကို ခွဲဝေယူပြီး တောင်သူလယ်သမားများရဲ့ဘဝ မြှင့်တင်ရေးကို အနီးကပ်ဆောင်ရွက်ပေးသင့်ကြပါတယ်။ ဒါ့အပြင် တောင်သူလယ်သမားများ လက်ထဲမှာ ငွေပိုငွေလျှံများ ရှိလာရင်လည်း လွယ်ကူစွာ စုဆောင်းထားနိုင်ဖို့ ဆောင်ရွက်ပေးကြရမှာ ဖြစ်ပါတယ်။ အဲဒီလို အရင်းအနှီးလိုအပ်တဲ့ တောင်သူလယ်သမားများကို စိုက်ပျိုးရေးချေးငွေများ အချိန်မီထုတ်ချေးနိုင်ဖို့နဲ့ ငွေပို ငွေလျှံရှိတဲ့ တောင်သူလယ်သမားများဟာလည်း မိမိတို့ရဲ့ငွေများကို လွယ်ကူစွာစုဆောင်းနိုင်ရေးအတွက် ဥပဒေပြုဖို့လိုအပ်လာရင် ဥပဒေပြဋ္ဌာန်းပေးနိုင်ဖို့ **"စိုက်ပျိုးရေးချေးငွေနှင့် စုငွေများ"**ဆိုင်ရာကိစ္စများကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းတွင် ဖော်ပြသင့်ကြောင်း လေ့လာတွေ့ရှိရပါတယ်။

**သဘာပတိကြီးခင်ဗျား–**

ဆည်မြောင်း၊ တာတမံစတဲ့လုပ်ငန်းများနဲ့ စပ်လျဉ်းပြီး တင်ပြရရင် ကျွန်တော်တို့ နိုင်ငံတော်အတွင်းမှာရှိတဲ့ ဆည်မြောင်း၊ တာတမံ၊ ရေကန်၊ ရေနုတ်မြောင်းများနဲ့ စိုက်ပျိုးရေရရှိရေး လုပ်ငန်းများအနက် ပြည်ထောင်စုက စီမံခန့်ခွဲမယ့် ဆည်မြောင်း၊ တာတမံများနဲ့ စိုက်ပျိုးရေ ရရှိရေးလုပ်ငန်းများ ရှိမှာဖြစ်သလို တိုင်းဒေသကြီး သို့ဟုတ် ပြည်နယ်တွေက စီမံခန့်ခွဲဖို့ရှိတဲ့

**သဘာပတိကြီးခင်ဗျား–**

ကျွန်တော်တို့နိုင်ငံဟာ စိုက်ပျိုးရေးကိုအခြေခံတဲ့ နိုင်ငံဖြစ်တဲ့အားလျော်စွာ စိုက်ပျိုးရေးတွင် ကျွဲ၊ နွားများကို အားထားနေရဆဲဖြစ်ပါတယ်။ အဲဒါကြောင့် နိုင်ငံတော်ဟာ တိရစ္ဆာန်မွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်စေဖို့အတွက် တိရစ္ဆာန်ရောဂါကာကွယ်ကုသရေးနှင့် မျိုးမြှင့်တင်ရေးလုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်လျက်ရှိပါတယ်။ တိရစ္ဆာန်အစားအစာများဖူလုံရေးအတွက် စားကျက်များပြုစုပျိုးထောင်ပေးလျက်ရှိတဲ့အပြင် နယ်စပ်တစ်လျှောက် ကျွဲ၊ နွားခိုးထုတ်မှုများကိုလည်း တားဆီးကာကွယ်လျက်ရှိပါတယ်။ ဒါ့အပြင် ပြည်သူတို့စားသုံးမှုဖူလုံစေဖို့ ကြက်၊ ဘဲ၊ ဝက်၊ ဆိတ်စသည်တို့အပါအဝင် တိရစ္ဆာန်မွေးမြူရေးလုပ်ငန်းများ တိုးတက်လာစေဖို့နဲ့ အသားထုတ်လုပ်မှုတိုးတက်လာစေဖို့အတွက် ဒေသအလိုက်တစ်နိုင်မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင် တိုးမြှင့်ပံ့ပိုးပေးလျက်ရှိပါတယ်။ ပြည်သူများ ဈေးနှုန်းသက်သာ ချောင်ချိစွာ စားသုံးနိုင်ဖို့အတွက် တိရစ္ဆာန်မွေးမြူရေးလုပ်ငန်းများကို အမြဲတစေ ကူညီပံ့ပိုးပေးနေရမှာဖြစ်ပါတယ်။ တိရစ္ဆာန်မွေးမြူရေးလုပ်ငန်းများ တိုးတက်များပြားလာတာနဲ့အညီ တိရစ္ဆာန်များဟာ အများပြည်သူတို့ နေထိုင်သွားလာရာမှာလည်းကောင်း၊ လုပ်ငန်းများ ဆောင်ရွက်ရာမှာ လည်းကောင်း၊ အနှောင့်အယှက်မဖြစ်စေဖို့ မိမိတို့မွေးမြူထားတဲ့ တိရစ္ဆာန်များကို စနစ်တကျထိန်းကျောင်းပေးကြရမှာဖြစ်ပါတယ်။ နောင်တွင်လည်း တိရစ္ဆာန်မွေးမြူရေး၊ ရောဂါကာကွယ်ရေးနှင့်ကုသရေးကိုလည်းကောင်း၊ တိရစ္ဆာန်များကို စနစ်တကျ ထိန်းကျောင်းရေးကိုလည်းကောင်း သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များက အနီးကပ်ကြီးကြပ်ပေးဖို့လိုအပ်မှာ ဖြစ်ပါတယ်။

ဒါကြောင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အလိုက် **"တိရစ္ဆာန်မွေးမြူရေး၊ ရောဂါကာကွယ်ရေးနှင့်ကုသရေးနှင့်စနစ်တကျထိန်းကျောင်းရေး"**တို့နဲ့ စပ်လျဉ်း၍ ဥပဒေပြုဖို့လိုအပ်လာရင် ဥပဒေပြဋ္ဌာန်းပေးနိုင်ဖို့ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းတွင် ဖော်ပြသင့်ကြောင်း လေ့လာတွေ့ရှိရပါတယ်။

**သဘာပတိကြီးခင်ဗျား–**

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းတွင် ဖော်ပြသင့်တဲ့ စိုက်ပျိုးရေးနဲ့ မွေးမြူရေးကဏ္ဍပါ ကိစ္စရပ်တွေကို စုစည်းတင်ပြရမယ်ဆိုရင်–

၁။ လယ်ယာစိုက်ပျိုးရေး၊

၂။ အပင်နှင့်သီးနှံဖျက် ပိုးမွှားရောဂါကာကွယ်ရေးနှင့် နှိမ်နင်းရေး၊

၃။ ဓာတ်မြေသြဇာ စနစ်တကျသုံးစွဲရေးနှင့် သဘာဝမြေသြဇာများ စနစ်တကျ ထုတ်လုပ်သုံးစွဲရေး၊

၄။ စိုက်ပျိုးရေးချေးငွေနှင့်စုငွေများ၊

၅။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်က စီမံခန့်ခွဲခွင့်ရှိသော ဆည်မြောင်း၊ တာတမံ၊ ရေကန်၊ ရေနုတ်မြောင်းနှင့်စိုက်ပျိုးရေ ရရှိရေးလုပ်ငန်းများ၊

၆။ ရေချိုငါးလုပ်ငန်း၊

၇။ တိရစ္ဆာန်မွေးမြူရေး၊ ရောဂါကာကွယ်ရေး၊ ကုသရေးနှင့်စနစ်တကျ ထိန်းကျောင်းရေး

တို့ဖြစ်ပါတယ်။

ဒါကြောင့် ဖော်ပြပါကိစ္စရပ်များကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းတွင် ဖော်ပြရန်အသေးစိတ်အခြေခံရမယ့်မူများ ချမှတ်သင့်၊ မသင့် ညီလာခံကိုယ်စားလှယ်များက အကြံပြုကြဖို့ ဖြစ်ပါတယ်။ ။

# ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် သဘာဝပတ်ဝန်းကျင်တစ်ခုနှင့်တစ်ခုအမှီသဟဲပြု သဘာဝပတ်ဝန်းကျင်အခြေအနေကောင်းမရှိက ဒေသဖွံ့ဖြိုးရေးစိတ်တိုင်းကျမဆောင်ရွက်နိုင်

ရန်ကုန် မေ ၁၉

**ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စုခန်းမ၌ ယနေ့ဆက်လက်ကျင်းပသော အမျိုးသားညီလာခံစုံညီအစည်းအဝေးတွင် အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ ရှေ့နေချုပ်ဦးအေးမောင်၏ "စွမ်းအင်၊ လျှပ်စစ်၊ သတ္တုနှင့် သစ်တောကဏ္ဍ" ရှင်းလင်းတင်ပြချက် အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်။**

**သဘာပတိကြီးခင်ဗျား–**

စွမ်းအင်၊ လျှပ်စစ်၊ သတ္တုနှင့် သစ်တောကဏ္ဍဆိုင်ရာ ကိစ္စရပ်များကို ဆက်လက်ရှင်းလင်းတင်ပြပါမယ်။ မြေ၊ ရေ၊ လေ၊ သယံဇာတပစ္စည်းများနဲ့ စပ်လျဉ်းပြီး–

(၁) နိုင်ငံတော်သည် နိုင်ငံတော်ရှိမြေအားလုံး၊ မြေပေါ်မြေအောက်၊ ရေပေါ်ရေအောက်၊ လေထုအတွင်းရှိ သယံဇာတပစ္စည်းအားလုံး၏ ပင်ရင်းပိုင်ရှင်ဖြစ်သည်၊

(၂) နိုင်ငံတော်သည် နိုင်ငံပိုင်သယံဇာတပစ္စည်းများအား စီးပွားရေးအင်အားစုများက ထုတ်ယူသုံးစွဲခြင်းကို ကွပ်ကဲကြီးကြပ်နိုင်ရန် လိုအပ်သည့် ဥပဒေပြဋ္ဌာန်းမည်

လို့ အမျိုးသားညီလာခံက အခြေခံရမယ့်မူချမှတ်ပေးထားပါတယ်။

စွမ်းအင်ပိုင်းမှာ အဓိကအားဖြင့် ရေနံနှင့်သဘာဝဓာတ်ငွေ့နဲ့ လျှပ်စစ်ဓာတ်အားနှစ်မျိုးရှိပါတယ်။ ရေနံနဲ့သဘာဝဓာတ်ငွေ့များကို ပြည်တွင်းမှာ သုံးစွဲရန် သော်လည်းကောင်း၊ ပြည်ပသို့ တင်ပို့ရောင်းချနိုင်ရန်သော်လည်းကောင်း တိုးတက်ထုတ်လုပ်သွားကြရမှာဖြစ်ပါတယ်။ ရေနံနဲ့ သဘာဝဓာတ်ငွေ့များကို တိုးတက်ထုတ်လုပ်နိုင်အောင် နိုင်ငံတော်ဟာ ရေနံနဲ့သဘာဝဓာတ်ငွေ့ ထုတ်လုပ်ရှာဖွေရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိတဲ့အပြင် ရေနံမြေဟောင်းများမှ တိုးတက်ထုတ်လုပ်ရေးကို နိုင်ငံပိုင်အခန်းမှလည်းကောင်း၊ ကန်ထရိုက်စာချုပ်များအရ နိုင်ငံခြားကုမ္ပဏီများနဲ့ ပူးပေါင်း၍လည်းကောင်း နည်းလမ်းအသွယ်သွယ်ဖြင့် ဆောင်ရွက်လျက်ရှိပါတယ်။ ရေနံစိမ်းနှင့် သဘာဝဓာတ်ငွေ့တိုးတက်ထုတ်လုပ်နိုင်ရေးအတွက် ကမ်းလွန်ရေနံရှာဖွေရေးလုပ်ငန်းကိုလည်း ဆောင်ရွက်လျက်ရှိပါတယ်။

ရေနံနဲ့ သဘာဝဓာတ်ငွေ့များ တိုးတက်ထုတ်လုပ်ရေးအတွက် ဆောင်ရွက်ရမယ့် လုပ်ငန်းပမာဏဟာ ကြီးမားကျယ်ပြန့်တဲ့အတွက် နောင်တွင်လည်း အဲဒီလုပ်ငန်းတွေကို ပြည်ထောင်စုက ဆောင်ရွက်သွားသင့်ပါတယ်။ ဒါ့အပြင် ဘေးအန္တရာယ်ဖြစ်လောက်အောင် လောင်ကျွမ်းစေတတ်တဲ့ အခြားအရည်၊ အခဲများ ထုတ်လုပ်၊ ဖြန့်ဖြူး၊ ရောင်းချခြင်းတို့ကိုလည်း ပြည်ထောင်စုက ကြီးကြပ်ဆောင်ရွက်ပေးသင့်ပါတယ်။ ဒါကြောင့် **"ရေနံ၊ သဘာဝဓာတ်ငွေ့နှင့် ပြည်ထောင်စုဥပဒေအရ ဘေးအန္တရာယ်ဖြစ်လောက်အောင် လောင်ကျွမ်းစေတတ်သည်ဟု သတ်မှတ်ထားသော အခြားအရည်၊အခဲ စသည်များ"** နဲ့ စပ်လျဉ်းပြီး ဥပဒေပြုဖို့လိုအပ်လာရင် ဥပဒေပြဋ္ဌာန်းပေးနိုင်ဖို့ ပြည်ထောင်စုဥပဒေပြုစာရင်းတွင် ဖော်ပြသင့်ကြောင်း လေ့လာတွေ့ရှိရပါတယ်။

**သဘာပတိကြီးခင်ဗျား–**

ပြည်ထောင်စုလျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူးရေးနဲ့စပ်လျဉ်းပြီး တင်ပြရရင် နိုင်ငံတော်တိုးတက်ဖွံ့ဖြိုးရေးအတွက် လိုအပ်တဲ့ လျှပ်စစ်ဓာတ်အား တိုးချဲ့ဖြန့်ဖြူးပေးနိုင်ဖို့ နိုင်ငံတော်ဟာ နည်းလမ်းမျိုးစုံနဲ့ ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။ လျှပ်စစ်ဓာတ်အား တိုးချဲ့ထုတ်လုပ် ဖြန့်ဖြူးပေးနိုင် ဖို့ ရေအား၊ သဘာဝဓာတ်ငွေ့အား၊ ကျောက်မီးသွေးအား၊ ဒီဇယ်အား၊ စွန့်ပစ်အပူသုံး ရေနွေးငွေ့ဓာတ်အားများနဲ့ မြေအောက်ရေပူစမ်းများမှ ဓာတ်အားထုတ်လုပ်ခြင်း လုပ်ငန်းများကိုပါ တိုးချဲ့ထုတ်လုပ်ပေးလျက်ရှိပါတယ်။ ဒါ့အပြင် စွမ်းအင်အရင်းအမြစ်များကို ရေတိုရေရှည်စီမံချက်များဖြင့် ဖော်ထုတ်ဆောင်ရွက်လျက်ရှိခြင်း၊ ပင်မဓာတ်အားလိုင်းနယ်နိမိတ်ဘောင် ပြင်ပဒေသများတွင် ဒီဇယ်စက်များအပြင် အသေးစား ရေအားလျှပ်စစ်ဓာတ်အားပေးစက်များ တည်ဆောက်ခြင်းနှင့် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးခြင်းလုပ်ငန်းများကို ပြည်တွင်းအဖွဲ့အစည်းများ၊ ပုဂ္ဂလိက လုပ်ငန်းရှင်များနဲ့လည်း ဆောင်ရွက်ဖို့ စီစဉ်လျက်ရှိပါတယ်။ လျှပ်စစ်ဓာတ်အားဟာလည်း နိုင်ငံတော်ကို ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်တဲ့နေရာမှာ အရေးကြီးတဲ့ အစိတ်အပိုင်းတစ်ရပ်ဖြစ်ပါတယ်။ နိုင်ငံတစ်ဝန်းလုံးအတွက် လျှပ်စစ်ဓာတ်အားများကို လုံလုံလောက်လောက် ထုတ်လုပ်ဖြန့်ဖြူးပေးနိုင်မှသာ တိုးတက်လျက်ရှိတဲ့ စက်မှုလက်မှုလုပ်ငန်းများအတွက်လည်းကောင်း၊ ပြည်သူတစ်ရပ်လုံးလျှပ်စစ်ဓာတ်အားကို လုံလောက်စွာ သုံးစွဲနိုင်ရေးအတွက်လည်းကောင်း အထောက်အကူပြုနိုင်မှာဖြစ်ပါတယ်။ အဲဒီလို တိုးတက်လာတဲ့ စက်မှုလက်မှုလုပ်ငန်းများနဲ့ ပြည်သူတို့ရဲ့ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ဖို့နဲ့ ပိုလျှံသော လျှပ်စစ်ဓာတ်အားများကို ပြည်ပနိုင်ငံများသို့ ဖြန့်ဖြူးရောင်းချဖို့ အစရှိတဲ့ ဆောင်ရွက်ရမယ့် လုပ်ငန်းပမာဏဟာ ကြီးမားပါတယ်။

ဒါကြောင့် **"ပြည်ထောင်စုလျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူးရေး"** နဲ့ စပ်လျဉ်းပြီး ဥပဒေပြုဖို့လိုအပ်လာရင် ဥပဒေပြဋ္ဌာန်းပေးနိုင်ဖို့ ပြည်ထောင်စု ဥပဒေပြုစာရင်းတွင် ဖော်ပြသင့်ကြောင်း လေ့လာတွေ့ရှိရပါတယ်။

**သဘာပတိကြီးခင်ဗျား–**

အခုအခါ သတ္တုကဏ္ဍမှ နှစ်စဉ်နိုင်ငံခြားငွေ ပိုမိုရရှိစေဖို့ သတ္တုများကို စမ်းသပ်ရှာဖွေ ထုတ်လုပ်ရေးအတွက် သတ္တုများစမ်းသပ်ရှာဖွေရေးလုပ်ငန်းအဖွဲ့များကို စနစ်တကျဖွဲ့စည်းပြီး စမ်းသပ်ရှာဖွေလျက်ရှိပါတယ်။ ရွှေ၊ ကြေးနီ၊ ခဲ၊ သွပ်၊ ငွေ စသည့်သတ္တုများကို စမ်းသပ်ရှာဖွေ တိုင်းတာခြင်း၊ ဖြစ်မြောက်နိုင်စွမ်းကိုလေ့လာခြင်းနဲ့ တူးဖော်ထုတ်လုပ်ခြင်း လုပ်ငန်းများကိုလည်း နိုင်ငံခြားကုမ္ပဏီများနဲ့စာချုပ်ချုပ်ဆို ဆောင်ရွက်လျက် ရှိပါတယ်။ ခဲမဖြူ၊ အဖြိုက်နက်၊ ခဲမဖြူအဖြိုက်နက်ရောရာသတ္တုများကို ပြည်တွင်းပုဂ္ဂလိကများနဲ့ ပူးပေါင်းပြီး ထုတ်လုပ်မှုခွဲဝေခံစားသည့်စနစ်အရ ဆောင်ရွက်လျက်ရှိပါတယ်။ ရွှေထုတ်လုပ်မှုအပေါ် ခွဲဝေခံစားသည့်စနစ်အရ ပုဂ္ဂလိကလုပ်ငန်းရှင်များအား ခွင့်ပြုလျက်ရှိပါတယ်။ အဲဒီလို နိုင်ငံတော်ပိုင် သယံဇာတသတ္တုပစ္စည်းများကို နိုင်ငံတော်အနေနဲ့လည်းကောင်း၊ ပုဂ္ဂလိကအနေနဲ့လည်းကောင်း တူးဖော်ထုတ်လုပ်ရာမှာ သတ္တုတွင်းများကို စနစ်တကျ တူးဖော်ရေး၊ သတ္တုတွင်းအလုပ်သမားများ ဘေးကင်းရေး၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနဲ့ ပြန်လည်ပြုပြင်တည်ဆောက်ရေးတို့အတွက် လိုအပ်သလို ထိန်းကျောင်းပေးဖို့ လိုအပ်မှာဖြစ်ပါတယ်။

ဒါ့အပြင် ကျောက်မျက်ရတနာထုတ်လုပ်မှုတွင် ပြည်တွင်းပုဂ္ဂလိကလုပ်ငန်းရှင်များနဲ့ ဖက်စပ်ဆောင်ရွက်လျက်ရှိပါတယ်။ ကျောက်မျက်ရတနာလုပ်ငန်းဟာ ကျယ်ပြန့်ပြီး ထုတ်လုပ်ရာတွင်လည်းကောင်း၊ ပစ္စည်းအချောထည်ပြုလုပ်ရာတွင်လည်းကောင်း ခေတ်မီနည်းစနစ်များဖြင့်ဆောင်ရွက်မှသာ ပစ္စည်းရဲ့တန်ဖိုးကို ရရှိမှာဖြစ်ပါတယ်။ ဒါကြောင့် နောင်အခါမှာလည်း **"သတ္တုများ၊ သတ္တုတွင်းများ၊ သတ္တုတွင်းအလုပ်သမားဘေးကင်းရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ပြန်လည်ပြုပြင်တည်ဆောက်ရေး"**နဲ့ **"ကျောက်မျက်ရတနာ"**များနဲ့စပ်လျဉ်းပြီး ဥပဒေပြုဖို့လိုအပ်လာရင် ဥပဒေပြဋ္ဌာန်းပေးနိုင်ဖို့ ပြည်ထောင်စုဥပဒေပြုစာရင်းတွင်ဖော်ပြသင့်ကြောင်း လေ့လာတွေ့ရှိရပါတယ်။

**သဘာပတိကြီးခင်ဗျား–**

ပြည်ထောင်စုမြန်မာနိုင်ငံတော်မှာ မြောက်ဘက်စစ်တွေမှ တောင်ဘက်ကော့သောင်းအထိ ပင်လယ်ပြင်နဲ့ဆက်စပ်လျက်ရှိတဲ့ ပင်လယ်ကမ်းရိုးတန်းများရှိပါတယ်။ အဲဒီ ပင်လယ်ကမ်းရိုးတန်းတစ်လျှောက် သင့်တော်တဲ့နေရာဒေသတွေမှာ မုတ်ကောင်များကိုမွေးပြီး ပုလဲထုတ်လုပ်တင်ပို့ ရောင်းချလျက်ရှိပါတယ်။ ပုလဲထုတ်လုပ်မွေးမြူရောင်းချရေးနဲ့စပ်လျဉ်းပြီး မြန်မာ့ပင်လယ်ပိုင်နက်ကမ်းလွန်ရေတိမ်ပိုင်းနဲ့ ကျွန်းစုဒေသတို့တွင်သာ ဆောင်ရွက်လို့ရပါတယ်။ နောင်တွင်လည်း ဒီလုပ်ငန်းတွေကို မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်ရှိနေတဲ့ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တွေနဲ့ဆက်စပ်နေတဲ့နေရာဒေသ အချို့မှာ ဆောင်ရွက်ဖို့ရှိနိုင်မှာဖြစ်ပါတယ်။ ဒါကြောင့် လုပ်ငန်းလုပ်ကိုင်ရာမှာ တစ်ပြေးညီဖြစ်စေရေးအတွက် **"ပုလဲ"**နဲ့စပ်လျဉ်းပြီး ဥပဒေပြုဖို့လိုအပ်ပါက ဥပဒေပြဋ္ဌာန်းပေးနိုင်ရေးအတွက် ပြည်ထောင်စုဥပဒေပြုစာရင်းတွင် ဖော်ပြသင့်ကြောင်း လေ့လာတွေ့ရှိရပါတယ်။

**သဘာပတိကြီးခင်ဗျား–**

သစ်တောကဏ္ဍနဲ့ ပတ်ဝန်းကျင်ကာကွယ်ရေးနှင့်ထိန်းသိမ်းရေးတို့နဲ့ စပ်လျဉ်းပြီး ဆက်လက်တင်ပြပါမယ်။

နိုင်ငံတစ်နိုင်ငံရဲ့အခြေခံသယံဇာတမှာ မြေ၊ ရေ၊ တောတောင်နဲ့ ရာသီဥတုတို့ဖြစ်ကြပါတယ်။ တောတောင်ပျက်စီးပါက မြေလည်းပျက်၊ ရေလည်းပျက်စီးကာ ရာသီဥတုဖောက်ပြန်လာတတ်တဲ့အတွက် သစ်တောများ မပျက်စီးစေဖို့ ထိန်းသိမ်းကာကွယ်စောင့်ရှောက်ကြရမှာဖြစ်ပါတယ်။ အခြေခံ သယံဇာတပစ္စည်းများမှာ သစ်တောဟာ အဓိကအရေးပါတဲ့သယံဇာတပစ္စည်းဖြစ်ပါတယ်။ မိမိတို့ပတ်ဝန်းကျင်ရှိသစ်တောများ ပြုန်းတီးပျက်စီးမှုမရှိအောင် အလေးထားထိန်းသိမ်းကာကွယ်ရမှာဖြစ်သလို သစ်တောစိုက်ခင်းအသစ်များ ဖြစ်ထွန်းလာအောင်လည်း ဝိုင်းဝန်းကူညီ ဆောင်ရွက်ကြဖို့ လိုအပ်မှာဖြစ်ပါတယ်။ သစ်တောများမပြုန်းတီးစေဖို့ စည်းကမ်းမဲ့သစ်ခုတ်မှုများမရှိရအောင် တားဆီးကာကွယ်သွားရမှာဖြစ်သလို သစ်တောများ ပြန်လည်စိုက်ပျိုးပြုစုပျိုးထောင်ရေးကိုလည်း ဆောင်ရွက်သွားကြရမှာဖြစ်ပါတယ်။

သစ်တောကဏ္ဍကို တိုးတက်ဖွံ့ဖြိုးအောင်ဆောင်ရွက်ရာမှာ သစ်တော ပြန်လည်ပြုစုထိန်းသိမ်းရေး၊ ထုတ်လုပ်ရေး၊ ရောင်းချရေးတို့ကို စနစ်တကျ အကောင်အထည်ဖော်ဆောင်ရွက်ကြရမှာ ဖြစ်ပါတယ်။ ထုတ်လုပ်ရေးနဲ့ ရောင်းချရေးကိုသာ အားသာနေပြီး သစ်တောပြန်လည်ပြုစုထိန်းသိမ်းရေးအပိုင်းမှာ အားနည်းနေပါက နောင်လာနောက်သားများအတွက် အားထားရတဲ့ စီးပွားရေးကဏ္ဍတစ်ခု ပျောက်ကွယ်သွားမှာဖြစ်ပါတယ်။ နိုင်ငံတော်အတွက် အမြဲတမ်းအားထားရတဲ့ စီးပွားရေးအရင်းအမြစ်တစ်ခုအဖြစ်တည်ရှိအောင် သစ်တောများကို ထိန်းသိမ်းကာကွယ်ရမှာဖြစ်သလို ထုတ်လုပ်ရေးနဲ့ ရောင်းချရေးကိုလည်း စနစ်တကျဆောင်ရွက်သွားကြရမှာဖြစ်ပါတယ်။

ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများနဲ့ သဘာဝပတ်ဝန်းကျင်တို့ဟာ တစ်ခုနဲ့တစ်ခုအမှီသဟဲပြုဆက်စပ်လျက်ရှိနေတဲ့အတွက် သဘာဝပတ်ဝန်းကျင် အခြေအနေကောင်းမရှိပါက ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို စိတ်တိုင်းကျ ဆောင်ရွက်နိုင်မှာမဟုတ်ကြောင်း တွေ့ရှိရပါတယ်။ နိုင်ငံတော်ရဲ့ သစ်တောသယံဇာတများကို ထိန်းသိမ်းစောင့်ရှောက်နိုင်ခြင်းမရှိပါက ရေရှည်တွင် အကျိုးမဲ့မှုများနဲ့ ရင်ဆိုင်ကြုံတွေ့ကြရမှာဖြစ်ပါတယ်။ ဒါ့အပြင် သစ်တောသယံဇာတများ ပျက်စီးပါက ရေသယံဇာတ၊ မြေသယံဇာတများလည်း ဆက်စပ် ဆုံးရှုံးမှာဖြစ်တဲ့ အတွက် ရေရှည်အကျိုးစီးပွားကိုကြည့်ပြီး ထိန်းသိမ်းစောင့်ရှောက်ကြဖို့ လိုအပ်မှာဖြစ်ပါတယ်။ နိုင်ငံတော်ရဲ့ သဘာဝပတ်ဝန်းကျင် သယံဇာတများ မပျက်စီးအောင် ထိန်းသိမ်းစောင့်ရှောက်ကာကွယ်နိုင်မှသာ တိုင်းပြည်ကြွယ်ဝချမ်းသာရေးကို ဦးတည်ဆောင်ရွက်နိုင်မှာ ဖြစ်ပါတယ်။

အခုအခါ မြန်မာနိုင်ငံရဲ့ သစ်တောသယံဇာတပစ္စည်းများကို သစ်တောများမပြုန်းစေဘဲ ရေရှည်စီးပွားဖြစ်ထုတ်လုပ်နိုင်ရေး ပတ်ဝန်းကျင်ကာကွယ်ရေးနှင့် ထိန်းသိမ်းရေး၊ ရာသီဥတုမျှတရေး၊ ထပ်ဆင့်တိုးတန်ဖိုးရရှိစေဖို့ သစ်အချောထည်ပစ္စည်းများ တိုးချဲ့ထုတ်လုပ်ရေး စတာတွေကို ဆောင်ရွက်လျက်ရှိကြောင်း လေ့လာတွေ့ရှိရပါတယ်။

နိုင်ငံတော်မှာ သစ်တောကြိုးဝိုင်းဧရိယာဧက ၃၇၄ဒသမ ၁သိန်းကျော် ရှိပါတယ်။ အခြားသစ်တောမြေဧရိယာဧကဟာလည်း ၅၅၃ ဒသမ ၁သိန်း ကျော်ရှိပါတယ်။ သစ်တောကြိုးဝိုင်းနယ်နိမိတ်တွေဟာ တိုင်းသို့မဟုတ် ပြည်နယ် နယ်နိမိတ်အလိုက်မဟုတ်ဘဲ သစ်တောရဲ့ သဘာဝအတိုင်း သတ်မှတ်ထားတာဖြစ်လို့ အဲဒီသစ်တောကြိုးဝိုင်းတွေဟာ တိုင်းအချို့နဲ့ ပြည်နယ်အချို့အကြား ဆက်စပ်တည်ရှိလျက်ရှိပါတယ်။ ဒါကြောင့် နိုင်ငံတော်ဟာ သစ်တောများ ထိန်းသိမ်းကာကွယ်ခြင်းနဲ့ ပြုစုပျိုးထောင်ခြင်း၊ ကျွန်း၊ သစ်မာနဲ့ အခြားသစ်တောထွက် ပစ္စည်းများ ထုတ်ယူသုံးစွဲခြင်းစတဲ့ လုပ်ငန်းများကို ၁၉၉၂ခုနှစ်တွင် ပြဋ္ဌာန်းခဲ့တဲ့ သစ်တောဥပဒေနဲ့အညီ စနစ်တကျ ကြီးကြပ်ကွပ်ကဲ ဆောင်ရွက်လျက်ရှိပါတယ်။

နိုင်ငံတော်က ၁၉၉၀ပြည့်နှစ်တွင် သစ်တောပြုစုထိန်းသိမ်းရေးကော်မတီနဲ့ ပြည်နယ်၊ တိုင်း၊ ခရိုင်၊ မြို့နယ် ကော်မတီများကို ဖွဲ့စည်းပေးခဲ့ပြီး ယင်းကော်မတီများက သစ်ပင်များ စိုက်ပျိုးရေးနဲ့ ပြုစုပျိုးထောင်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါတယ်။ ၁၉၉၄ ခုနှစ် တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ ကာကွယ်ရေးနှင့် သဘာဝနယ်မြေများ ထိန်းသိမ်းရေးဥပဒေနဲ့အညီ တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များကာကွယ်ခြင်းနဲ့ သဘာဝနယ်မြေထိန်းသိမ်းခြင်း လုပ်ငန်းများကိုလည်း စနစ်တကျ ဆောင်ရွက်လျက်ရှိပါတယ်။ ဒါ့အပြင် ဒေသအတွင်း စိမ်းလန်းစိုပြည်ရေးနဲ့ သောက်သုံးရေ ရရှိရေးလုပ်ငန်းများကိုလည်း ဆောင်ရွက်ခဲ့ပါတယ်။

သစ်တောထွက်ပစ္စည်းများ ရေရှည်ထုတ်လုပ်နိုင်ရေးအတွက် ဓမ္မတာမျိုးဆက်နည်းဖြင့် သစ်တောများကို ထိန်းသိမ်းကာကွယ်လျက်ရှိသလို ပဝတ္တိမျိုးဆက်နည်းဖြင့်လည်း သစ်တောစိုက်ခင်းများကို နှစ်စဉ်စိုက်ပျိုးလျက်ရှိပါတယ်။ မြန်မာ့သစ်တောထွက်ပစ္စည်းဖြစ်တဲ့ ကျွန်းသစ်ဟာ အရည်အသွေး ကောင်းမွန်တဲ့အတွက် ကမ္ဘာမှာ ထင်ပေါ်ကျော်ကြားလျက်ရှိတဲ့ မြန်မာ့အဖိုးတန် သယံဇာတပစ္စည်းဖြစ်ပါတယ်။ ဒါ့အပြင် တောရိုင်းတိရစ္ဆာန်များ၊ သဘာဝအပင်များနဲ့ သဘာဝနယ်မြေများကို စနစ်တကျထိန်းသိမ်းထားနိုင်ပါမှ သဘာဝပတ်ဝန်းကျင်ကို ကာကွယ်ထိန်းသိမ်းပေးနိုင်မှာ ဖြစ်ပါတယ်။ နောင်တွင်လည်း မြန်မာနိုင်ငံရဲ့ အဖိုးတန်သယံဇာတ ပစ္စည်းများဖြစ်တဲ့ သစ်နဲ့ သစ်တောထွက်ပစ္စည်းများကို စနစ်တကျထိန်းသိမ်းပြီး ရေရှည်စီးပွားဖြစ် ထုတ်လုပ်နိုင်ရေးအတွက်လည်းကောင်း၊ တောရိုင်းတိရစ္ဆာန်များ၊ သဘာဝအပင်များနဲ့ သဘာဝနယ်မြေများအပါအဝင် ပတ်ဝန်းကျင် ကာကွယ်ရေးနဲ့ ထိန်းသိမ်းရေး အတွက်လည်းကောင်း ဥပဒေပြုဖို့လိုအပ်လာရင် ဥပဒေပြဋ္ဌာန်းပေးဖို့ ရှိမှာဖြစ်ပါတယ်။ ဒါကြောင့် **"သစ်တော"**နဲ့ **"တောရိုင်းတိရစ္ဆာန်များ၊ သဘာဝအပင်များနှင့် သဘာဝနယ်မြေများ အပါအဝင် ပတ်ဝန်းကျင်ကာကွယ်ရေးနှင့် ထိန်းသိမ်းရေး"**ဆိုင်ရာကိစ္စများကို ဥပဒေပြုဖို့လိုအပ်ပါက ဥပဒေပြဋ္ဌာန်းပေးနိုင်ဖို့ ပြည်ထောင်စုဥပဒေပြုစာရင်းတွင် ဖော်ပြသင့်ကြောင်း လေ့လာတွေ့ရှိရပါတယ်။

**သဘာပတိကြီးခင်ဗျား–**

ပြည်ထောင်စုဥပဒေပြုစာရင်းတွင် ပါရှိသင့်တဲ့ စွမ်းအင်၊ လျှပ်စစ်၊ သတ္တုနဲ့ သစ်တောကဏ္ဍပါ ကိစ္စရပ်တွေကို စုစည်းတင်ပြရမယ်ဆိုရင်–

၁။ ရေနံ၊ သဘာဝဓာတ်ငွေ့နှင့် ပြည်ထောင်စုဥပဒေအရ ဘေးအန္တရာယ်ဖြစ်လောက်အောင် လောင်ကျွမ်းစေတတ်သည်ဟု သတ်မှတ်ထားသော အခြားအရည်၊ အခဲ စသည်များ၊

၂။ ပြည်ထောင်စု လျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူးရေး၊

*စာမျက်နှာ ၁၀ ကော်လံ ၁*

## တက်ရောက်လာကြသည့် ညီလာခံကိုယ်စားလှယ်များ

**အမျိုးသားညီလာခံစုံညီအစည်းအဝေးကို ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စုခန်းမ၌ ဆက်လက်ကျင်းပရာ အမျိုးသားညီလာခံသို့ တက်ရောက်ကြသည့် အမျိုးသားညီလာခံ ကိုယ်စားလှယ်များကို တွေ့ရစဉ်။ (သတင်းစဉ်)**

# စိုက်ပျိုးရေးလုပ်ငန်းမှ အရင်းအနှီးရှာ၊ စက်မှုလုပ်ငန်းတွင် ရင်းနှီးမြှုပ်နှံ၊ စက်မှုနိုင်ငံတည်ဆောက် နိုင်ငံပိုင်စက်မှုလက်မှုလုပ်ငန်းများ ဗဟိုချုပ်ကိုင်မှုလျှော့ချပြီး ပိုမိုလွတ်လပ်စွာ ဆောင်ရွက်ခွင့်ပြုခဲ့

ရန်ကုန် မေ ၁၉

**ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စုခန်းမ၌ ယနေ့ ဆက်လက်ကျင်းပသော အမျိုးသားညီလာခံစုံညီအစည်းအဝေးတွင် အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီ အတွင်းရေးမှူး ဦးသောင်းညွန့်၏ "စက်မှုလက်မှုကဏ္ဍနှင့် ပို့ဆောင်ဆက်သွယ်ရေးကဏ္ဍ"ရှင်းလင်းတင်ပြချက် အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်။**

**သဘာပတိကြီးခင်ဗျား–**

စက်မှုလက်မှုကဏ္ဍကို ဆက်လက် ရှင်းလင်းတင်ပြမှာ ဖြစ်ပါတယ်။ နိုင်ငံတော်ရဲ့ စီးပွားရေးဦးတည်ချက် လေးရပ်အနက် စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေးနှင့်ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေးတည်းဟူသော ဦးတည်ချက်နှစ်ရပ်လည်းပါရှိပါတယ်။ အဲဒီဦးတည်ချက်နှစ်ရပ်ကို အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ဖို့ စက်မှုလက်မှုကဏ္ဍကလည်း အရေးကြီးတဲ့အခန်းမှ ပါဝင်လျက်ရှိပါတယ်။

စက်မှုကဏ္ဍမှာ နိုင်ငံတော်ကပြည်သူများမထုတ်လုပ်နိုင်တဲ့ စက်မှုလုပ်ငန်းများကိုသာ လုပ်ကိုင်ပြီး ကျန်စက်မှုလုပ်ငန်းများကို သမဝါယမနှင့်ပုဂ္ဂလိကကဏ္ဍတို့မှ တိုးတက်ဆောင်ရွက်လာနိုင်အောင် စီစဉ် အားပေးနေတာ တွေ့ရှိရမှာဖြစ်ပါတယ်။ တိုးတက်ခေတ်မီတဲ့ နိုင်ငံတော်ဖြစ်စေဖို့ အခြေခံကျတဲ့ စိုက်ပျိုးရေးလုပ်ငန်းမှ အရင်းအနှီးရှာပြီး အချိုးကျကျ စက်မှုလုပ်ငန်းများမှာ ရင်းနှီးမြှုပ်နှံ၍ တဖြည်းဖြည်းချင်းစက်မှုနိုင်ငံအဖြစ် တည်ဆောက်လုပ်ကိုင်ဆောင်ရွက်သွားကြရမှာ ဖြစ်ပါတယ်။

ဒါကြောင့်လည်း နိုင်ငံတော်အနေနဲ့ စက်ရုံများထူထောင်ပြီး–

- တိုင်းပြည်မှလိုအပ်သော လယ်ယာသုံးပစ္စည်းများကို လိုအပ်ချက်နှင့်အညီ ဖြည့်ဆည်း ထုတ်လုပ်ပေးခြင်း၊
- သယ်ယူပို့ဆောင်ရေးကဏ္ဍကို အထောက်အကူပြုသော မော်တော်ယာဉ်များနှင့် စက်ဘီးများကို တိုင်းပြည်၏လိုအပ်ချက်နှင့်အညီ ထုတ်လုပ်ပေးခြင်း၊
- အားဖြည့်လောင်စာစွမ်းအင် ချိန်ကိုက်မှုကို အထောက်အကူပြုသော လျှပ်စစ်ပစ္စည်းများကို တိုင်းပြည်၏လိုအပ်ချက်နှင့်အညီထုတ်လုပ်ပေးခြင်း၊
- တိုင်းပြည်၌ စည်းကမ်းရှိ၍ စနစ်တကျပြုလုပ်နိုင်သော စက်မှုပညာသည်များ ပိုမိုပြန့်ပွားလာစေရန်ဆောင်ရွက်ခြင်း၊
- ထုတ်လုပ်မှုပညာ တိုးတက်စေရန်နှင့် အခြားနိုင်ငံများနှင့် စက်မှုပညာတွင် ရင်ပေါင်တန်းနိုင်စေရန် ဆောင်ရွက်ခြင်း



**အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို ရန်ကုန်တိုင်း မှော်ဘီမြို့နယ်ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စုခန်းမ၌ ဆက်လက် ကျင်းပရာ နိုင်ငံတော်ဖွဲ့စည်း ပုံ အခြေခံဥပဒေရေးဆွဲရာတွင် ပါ ဝင် မည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းများအတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများနှင့်စပ်လျဉ်း၍ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီအတွင်းရေးမှူး ဦးသောင်းညွန့်က "စက်မှုလက်မှုကဏ္ဍနှင့် ပို့ဆောင်ဆက်သွယ်ရေးကဏ္ဍ"တို့ကို ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)**

စသည်တို့ကို ဆောင်ရွက်လျက်ရှိပါတယ်။

နိုင်ငံတော်က စက်မှုလက်မှုကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေဖို့အတွက် နိုင်ငံပိုင် စက်မှုလက်မှုလုပ်ငန်းများကို ဗဟိုချုပ်ကိုင်မှုလျှော့ချပြီး ပိုမိုလွတ်လပ်စွာ ဆောင်ရွက်ခွင့်ပြုခဲ့ပါတယ်။ ကုန်ထုတ်လုပ်မှုကို အဆက်အစပ်ရှိရှိဖြင့် တိုးတက်အောင်ဆောင်ရွက်နိုင်ဖို့ စက်ရုံအလုပ်ရုံ အချို့ကိုလည်း လုပ်ငန်းဆက်စပ်မှုရှိတဲ့ ဝန်ကြီးဌာနများသို့ လွှဲပြောင်းပေးခြင်း၊ ပြန်လည် ဖွဲ့စည်းခြင်းလုပ်ငန်းများကိုလည်း ဆောင်ရွက်ခဲ့ပါတယ်။ နိုင်ငံပိုင် စီးပွားရေးလုပ်ငန်းများနှင့် ပြည်ပစီးပွားရေးအဖွဲ့အစည်းများ ကုန်စည်ပြန်လည်တင်ပို့သည့်စနစ်ဖြင့်လည်းကောင်း၊ ပြည်တွင်းပြည်ပပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် ကုန်ကြမ်းပေး၊ ကုန်ချောယူ လက်ခစားစနစ်ဖြင့်လည်းကောင်း၊ ဖက်စပ်လုပ်ငန်းများ ထူထောင်၍ လည်းကောင်း နည်းလမ်းမျိုးစုံဖြင့် ကုန်ထုတ်လုပ်မှုတိုးတက်ရေးကို ဆောင်ရွက်လျက်ရှိပါတယ်။

ပုဂ္ဂလိကပိုင်အခန်းကဏ္ဍ စက်မှုလက်မှုတိုးတက်ရေးနှင့် ဈေးကွက်စီးပွားရေးစနစ်ပီပြင်စွာ ဖြစ်ပေါ်လာစေရေးအတွက် စက်ရုံအလုပ်ရုံများကို ပုဂ္ဂလိကများသို့ လွှဲပြောင်းငှားရမ်းလုပ်ကိုင်ခွင့်ပြုခြင်း၊ ငွေကြေးထုတ်ချေးခြင်း၊ ကုန်စည်ပြပွဲများ၊ သမဝါယမဈေးပွဲတော်များ ခင်းကျင်းပြသပြီး ပြည်တွင်းပြည်ပဈေးကွက်ရှာဖွေကာ ပြည်ပပို့ကုန်တိုးတက်လာစေရန်ဆောင်ရွက်လျက်ရှိပါတယ်။ ဒါ့အပြင် ပြည်၊နယ်တိုင်းများမှာလည်း စက်မှုဇုန်အချို့ကို ဖွဲ့စည်းတည်ထောင်ပေးနိုင်ခဲ့ပါတယ်။

အဲဒီလို စက်မှုလက်မှုကဏ္ဍတိုးတက်အောင် ယခုဆောင်ရွက်လျက်ရှိတဲ့ နည်းတူ နောင်တွင်လည်း ပြည်ထောင်စုဥပဒေအရ သတ်မှတ်သည့် စက်မှုလုပ်ငန်းများနှင့်စပ်လျဉ်းပြီး လိုအပ်တဲ့ မူဝါဒများချမှတ်ပေးခြင်း၊ အကူအညီပေးခြင်း စသည်တို့ကို ဆောင်ရွက်သွားမှသာ နိုင်ငံတော်ရဲ့ စက်မှုလက်မှုကဏ္ဍဟာ တိုးတက်ဖွံ့ဖြိုးပြီးအခြားစက်မှုလက်မှုတိုးတက်လျက်ရှိတဲ့ နိုင်ငံများကို အမီလိုက်နိုင်မှာဖြစ်ပါတယ်။

ဒါကြောင့် **"ပြည်ထောင်စုအဆင့်က ဆောင်ရွက်မည့်စက်မှုလုပ်ငန်းများ"**နဲ့စပ်လျဉ်းပြီး ဥပဒေပြုဖို့လိုအပ်လာရင် ဥပဒေပြဋ္ဌာန်းပေးနိုင်ဖို့ ပြည်ထောင်စုဥပဒေပြုစာရင်းတွင် ဖော်ပြသင့်ကြောင်း လေ့လာတွေ့ရှိပါတယ်။

**သဘာပတိကြီးခင်ဗျား–**

အခုဆက်လက်ပြီး စက်မှုဇုန်များဆိုင်ရာကိစ္စများနှင့်စပ်လျဉ်းလို့ ရှင်းလင်းတင်ပြမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံတော်ကို ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတော်သစ် တည်ဆောက်ရာမှာ စက်မှုလက်မှုလုပ်ငန်းများ တိုးတက်ဖွံ့ဖြိုးရေးဟာ အဓိကအရေးပါ ***စာမျက်နှာ ၁၁ ကော်လံ ၁ သို့***

**စာမျက်နှာ ၉ မှ**

၃။ သတ္တုများ၊ သတ္တုတွင်းများ၊ သတ္တုတွင်းအလုပ်သမား ဘေးကင်းရေး၊ သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် ပြန်လည်ပြုပြင်တည်ဆောက်ရေး၊

၄။ ကျောက်မျက်ရတနာ၊

၅။ ပုလဲ၊

၆။ သစ်တော၊

၇။ တောရိုင်းတိရစ္ဆာန်များ၊ သဘာဝအပင်များနှင့် သဘာဝနယ်မြေများ အပါအဝင် ပတ်ဝန်းကျင်ကာကွယ်ရေးနှင့် ထိန်းသိမ်းရေး

တို့ဖြစ်ပါတယ်။

ဖော်ပြပါ စွမ်းအင်၊ လျှပ်စစ်၊ သတ္တုနဲ့ သစ်တောကဏ္ဍအောက်မှာပါရှိသင့်တဲ့ ကိစ္စရပ်တွေဟာ နိုင်ငံတစ်ဝန်းလုံးနဲ့ အကျုံးဝင်နေပြီး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်နယ်နိမိတ် တစ်ခုနဲ့တစ်ခုအကြား ဆက်စပ်တည်ရှိနေတဲ့ ကိစ္စရပ်တွေဖြစ်ပါတယ်။ ဒါကြောင့် ဖော်ပြပါ ကိစ္စရပ်တွေနဲ့စပ်လျဉ်းပြီး ဥပဒေပြုဖို့လိုအပ်လာရင် ဥပဒေပြဋ္ဌာန်းပေးနိုင်ဖို့အတွက် ပြည်ထောင်စုဥပဒေပြုစာရင်းတွင် ဖော်ပြရန်အသေးစိတ်အခြေခံရမယ့်မူများ ချမှတ်သင့်၊ မသင့် ညီလာခံ ကိုယ်စားလှယ်များက ဆွေးနွေးအကြံပြုနိုင်ကြဖို့ ရှင်းလင်းတင်ပြအပ်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

စွမ်းအင်၊ လျှပ်စစ်၊ သတ္တုနဲ့ သစ်တောကဏ္ဍအောက်မှာပါရှိတဲ့ လုပ်ငန်းများမှာ လုပ်ငန်းပမာဏအားဖြင့်လည်းကောင်း၊ အရင်းအနှီးအားဖြင့်လည်းကောင်း ကြီးမားပြီး အထူးကျွမ်းကျင်သည့် ပုဂ္ဂိုလ်များဖြင့်သာ ဆောင်ရွက်ရတဲ့ လုပ်ငန်းများရှိသလို တစ်နိုင်တစ်ပိုင် ဆောင်ရွက်နိုင်တဲ့ အလတ်စား သို့မဟုတ် အသေးစားလုပ်ငန်းများလည်း ရှိမှာဖြစ်ပါတယ်။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း တစ်နိုင်တစ်ပိုင် ဆောင်ရွက်နိုင်စွမ်းရှိမယ့် လုပ်ငန်း အချို့ကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ရဲ့ စီမံခန့်ခွဲမှုအောက်တွင် ထားရှိလုပ်ကိုင်ဆောင်ရွက်စေသင့်ပါတယ်။

လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးနဲ့ စပ်လျဉ်းပြီး တင်ပြရရင် အခုအခါ ပင်မဓာတ်အားလိုင်း နယ်နိမိတ်ဘောင်အတွင်း လျှပ်စစ်ဓာတ်အား တိုးချဲ့ထုတ်လုပ်ဖြန့်ဖြူးပေးနိုင်ဖို့ အလတ်စားနဲ့အကြီးစား ရေအားလျှပ်စစ် အရင်းအမြစ်များနဲ့ ကျောက်မီးသွေးသုံး ဓာတ်အားပေးစက်များကို နိုင်ငံတော်က ရေတို၊ ရေရှည်စီမံချက်များဖြင့် ဖော်ထုတ်ဆောင်ရွက်လျက်ရှိပြီး ပင်မဓာတ်အားလိုင်းနယ်နိမိတ်ဘောင် ပြင်ပဒေသများတွင် ဒီဇယ်စက်ဖြင့် လျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူးပေးတဲ့အပြင် အသေးစား ရေအားလျှပ်စစ်ဓာတ်အားပေးစက်များကိုလည်း တိုးချဲ့တည်ဆောက်တပ်ဆင်ပြီး လျှပ်စစ်ဓာတ်အားထုတ်လုပ် ဖြန့်ဖြူးပေးလျက်ရှိပါတယ်။ နောင်တွင်လည်း လျှပ်စစ်ဓာတ်အားထုတ်လုပ်ဖြန့်ဖြူးရေးအပိုင်းမှာ ပြည်ထောင်စုက စီမံခန့်ခွဲပြီး လျှပ်စစ်ဓာတ်အားထုတ်လုပ်ဖြန့်ဖြူးရေးလုပ်ငန်းများရှိမှာဖြစ်သလို ပင်မဓာတ်အားလိုင်းနယ်နိမိတ်ဘောင်ပြင်ပဒေသများမှာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်က စီမံခန့်ခွဲပြီး ဒီဇယ်စက်ဖြင့် လျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူးပေးမယ့် လုပ်ငန်းများ၊ အသေးစား ရေအားလျှပ်စစ်ဓာတ်အားပေးစက် လုပ်ငန်းများနဲ့ ဇီဝဓာတ်ငွေ့သုံး လျှပ်စစ်ဓာတ်အားပေးရေး လုပ်ငန်းများလည်း ရှိနိုင်မှာဖြစ်ပါတယ်။

ဒါကြောင့် **"ပြည်ထောင်စုက စီမံခန့်ခွဲခွင့်ရှိသည့် အကြီးစား၊ အလတ်စား လျှပ်စစ် ဓာတ်အားထုတ်လုပ်ဖြန့်ဖြူးရေးမှအပ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်က စီမံခန့်ခွဲခွင့်ရှိသည့် အသေးစား လျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူးရေး"**နဲ့ စပ်လျဉ်းပြီး ဥပဒေပြုဖို့ လိုအပ်လာရင် ဥပဒေပြဋ္ဌာန်းပေးနိုင်ရေးအတွက် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းတွင် ဖော်ပြသင့်ကြောင်း လေ့လာတွေ့ရှိရပါတယ်။

**သဘာပတိကြီးခင်ဗျား–**

ဆားနှင့်ဆားထွက်ပစ္စည်းများဟာဆိုရင် တိုင်းဒေသကြီး သို့မဟုတ်ပြည်နယ် တစ်ခုနှင့်တစ်ခု ဆက်စပ်မှုမရှိဘဲ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အလိုက် တစ်သီးတခြားဆောင်ရွက်နိုင်မယ့် လုပ်ငန်းတွေဖြစ်ပါတယ်။ ဒါကြောင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အလိုက်**"ဆားနှင့်ဆားထွက်ပစ္စည်း"**များထုတ်လုပ်ရောင်းချဖြန့်ဖြူးရေးနဲ့ စပ်လျဉ်းပြီး ဥပဒေပြုဖို့ လိုအပ်လာရင် ဥပဒေပြဋ္ဌာန်းပေးနိုင်ရေးအတွက် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းတွင် ဖော်ပြသင့်ကြောင်း လေ့လာတွေ့ရှိရပါတယ်။

**သဘာပတိကြီးခင်ဗျား–**

ကျောက်မျက်ရတနာများ တူးဖော်ထုတ်လုပ်ခြင်းနဲ့ စပ်လျဉ်းပြီး နိုင်ငံတစ်ဝန်းလုံး တစ်ပြေးညီဖြစ်စေရေးအတွက် လိုအပ်တဲ့ဥပဒေတွေကို ပြည်ထောင်စုလွှတ်တော်က ပြဋ္ဌာန်းပေးသင့်ကြောင်း ကျွန်တော် ရှင်းလင်းတင်ပြခဲ့ပြီး ဖြစ်ပါတယ်။ ပြည်ထောင်စုလွှတ်တော်က ပြဋ္ဌာန်းပေးတဲ့ ဥပဒေများနဲ့အညီ တူးဖော်ထုတ်လုပ်လိုက်တဲ့ ကျောက်မျက်ရတနာ အရိုင်းတုံးများကို ဖြတ်တောက်ခြင်း၊ သွေးခြင်းလုပ်ငန်းများကို သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အလိုက် လုပ်ကိုင်လိုက လုပ်ကိုင်ကြမှာဖြစ်ပါတယ်။ အဲဒီလို **"တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ကျောက်မျက်ရတနာ ဖြတ်တောက်ခြင်း၊ သွေးခြင်း"** လုပ်ငန်းများနဲ့ စပ်လျဉ်းပြီး ဥပဒေပြုဖို့လိုအပ်လာရင် ဥပဒေပြဋ္ဌာန်းပေးနိုင်ရေးအတွက် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းတွင် ဖော်ပြသင့်ကြောင်း လေ့လာတွေ့ရှိရပါတယ်။

**သဘာပတိကြီးခင်ဗျား–**

ပြည်သူများဟာ ထမင်းဟင်းချက်ပြုတ်ရာမှာ ထင်း သို့မဟုတ် မီးသွေးများကို လောင်စာအဖြစ် အသုံးပြုနေတာကို တွေ့ရပါတယ်။ လျှပ်စစ်ဓာတ်အားရတဲ့ မြို့များနဲ့ ကျေးရွာအချို့ဟာ လျှပ်စစ်ဓာတ် မီးဖိုများကို တိုးချဲ့အသုံးပြုလာခြင်းအားဖြင့် ထင်းနှင့် မီးသွေး အသုံးပြုမှုများ လျော့နည်းသက်သာလာတာတွေ့ရပါတယ်။ ဒါပေမယ့် ကျေးရွာနေပြည်သူအများအပြားဟာ အစားအသောက်များ ချက်ပြုတ်စားသောက်ရာမှာ ထင်းကိုသာ အဓိကထားအသုံးပြုလျက်ရှိနေကြတဲ့အတွက် ပြည်သူများဟာ လောင်စာအဖြစ် အသုံးပြုဖို့ တောတွင်းမှ သစ်ပင်များကိုခုတ်ယူသုံးစွဲနေကြမယ်ဆိုရင် ရေရှည်မှာ သစ်တောများ ပြုန်းတီးပြီး ပတ်ဝန်းကျင်ကာကွယ်ရေးနဲ့ ထိန်းသိမ်းရေးထိခိုက်လာနိုင်မှာဖြစ်ပါတယ်။ ကျေးရွာနေ ပြည်သူများအား ကျေးရွာပိုင် ထင်းစိုက်ခင်းများကို ပြုစုပျိုးထောင်စေပြီး အဲဒီစိုက်ခင်းများမှ ထုတ်လုပ်ရရှိတဲ့ ထင်းများကိုသာ လောင်စာအဖြစ် အသုံးပြုစေခြင်းအားဖြင့် သစ်တောများ ပြုန်းတီးမှုအန္တရာယ်ကို ကာကွယ်နိုင်မယ့်အပြင် ပတ်ဝန်းကျင်ကာကွယ်ရေးနဲ့ ထိန်းသိမ်းရေးကိုလည်း စနစ်တကျဆောင်ရွက်နိုင်မှာ ဖြစ်ပါတယ်။

ဒါကြောင့်**"ကျေးရွာပိုင်ထင်းစိုက်ခင်း"**များ စိုက်ပျိုးခြင်း၊ ထိန်းသိမ်းခြင်း၊ ထုတ်လုပ် ခြင်းတို့နဲ့ စပ်လျဉ်းပြီ ဥပဒေပြုဖို့လိုအပ်လာရင် ဥပဒေပြဋ္ဌာန်းပေးနိုင်ဖို့ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းတွင်ဖော်ပြသင့်ကြောင်း လေ့လာတွေ့ရှိရပါတယ်။

**သဘာပတိကြီးခင်ဗျား–**

ပြည်သူများ ဗဟုသုတတိုးပွားနိုင်စေရန်လည်းကောင်း၊ အပန်းဖြေနိုင်စေရန်လည်းကောင်း တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များက မိမိတို့ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း သင့်လျော်သောနေရာများမှာ အပန်းဖြေစခန်းများ၊ တိရစ္ဆာန်ဥယျာဉ်နဲ့ ရုက္ခဗေဒဥယျာဉ်များကို တည်ထောင်လိုက တည်ထောင်ကြမှာဖြစ်ပါတယ်။ အဲဒီလို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များက စီမံခန့်ခွဲတဲ့**"အပန်းဖြေစခန်းများ၊ တိရစ္ဆာန်ဥယျာဉ်၊ ရုက္ခဗေဒဥယျာဉ်"**များနဲ့ စပ်လျဉ်းပြီး ဥပဒေပြုဖို့လိုအပ်လာရင် ဥပဒေပြဋ္ဌာန်း ပေးနိုင်ဖို့ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းတွင် ဖော်ပြသင့်ကြောင်း လေ့လာတွေ့ရှိရပါတယ်။

**သဘာပတိကြီးခင်ဗျား–**

အခုဆိုရင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းတွင် ဖော်ပြသင့်တဲ့ စွမ်းအင်၊ လျှပ်စစ်၊ သတ္တုနှင့် သစ်တောကဏ္ဍပါ ကိစ္စရပ်များကို အကျဉ်းချုံး ရှင်းလင်းတင်ပြပြီး ဖြစ်ပါတယ်။ အဲဒါတွေကို စုစည်းတင်ပြမယ်ဆိုရင်–

၁။ ပြည်ထောင်စုက စီမံခန့်ခွဲခွင့်ရှိသည့် အကြီးစား၊ အလတ်စား လျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူးရေးမှအပ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်က စီမံခန့်ခွဲခွင့်ရှိသည့် အသေးစားလျှပ်စစ်ဓာတ်အားထုတ်လုပ်ဖြန့်ဖြူးရေး၊

၂။ ဆားနှင့် ဆားထွက်ပစ္စည်း၊

၃။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ကျောက်မျက်ရတနာ ဖြတ်တောက်ခြင်း၊ သွေးခြင်း၊

၄။ ကျေးရွာပိုင် ထင်းစိုက်ခင်း၊

၅။ အပန်းဖြေစခန်းများ၊ တိရစ္ဆာန်ဥယျာဉ်၊ ရုက္ခဗေဒဥယျာဉ်

တို့ဖြစ်ပါတယ်။

ဖော်ပြပါ ကိစ္စရပ်တွေနဲ့ စပ်လျဉ်းပြီး သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဥပဒေပြုဖို့လိုအပ်လာရင် ဥပဒေပြဋ္ဌာန်းပေးနိုင်ဖို့ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းတွင် ဖော်ပြရန်အသေးစိတ်အခြေခံရမယ့်မူများ ချမှတ်သင့်၊ မသင့် ညီလာခံကိုယ်စားလှယ်များက ဆွေးနွေးအကြံပြုကြဖို့ ရှင်းလင်းတင်ပြအပ်ပါတယ်။ ။

# မြန်မာ့မီးရထားလုပ်ငန်းဖြင့် ခရီးသည်နှင့် ကုန်စည်ပို့ဆောင်ရေး ဆောင်ရွက်ပေးလျက်ရှိ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးဥပဒေပြဋ္ဌာန်းပေးနိုင်ရန် ပြည်ထောင်စုဥပဒေပြုစာရင်းတွင် ဖော်ပြသင့်

ရန်ကုန် မေ ၁၉

**ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စုခန်းမ၌ ယနေ့ဆက်လက်ကျင်းပသော အမျိုးသားညီလာခံ စုံညီအစည်းအဝေးတွင် အမျိုးသား ညီလာခံကျင်းပရေး လုပ်ငန်းကော်မတီ အတွင်းရေးမှူး ဦးသောင်းညွှန့်၏ "ပို့ဆောင်ဆက်သွယ်ရေးကဏ္ဍ" ရှင်းလင်းတင်ပြချက် အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်။**

**သဘာပတိကြီးခင်ဗျား–**

အခု ကျွန်တော်ဆက်လက်ပြီး ပို့ဆောင်ဆက်သွယ်ရေးကဏ္ဍကို ရှင်းလင်းတင်ပြမှာဖြစ်ပါတယ်။

တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ဖို့အတွက် အဓိကအားဖြင့် စီးပွားရေးတိုးတက်အောင် ဆောင်ရွက်ကြရာမှာ သယ်ယူပို့ဆောင်ရေးနဲ့ လမ်းပန်းဆက်သွယ်ရေးဟာ အဓိကကျပါတယ်။ နိုင်ငံတော်အနေနဲ့လည်း စီးပွားရေးကုန်သွယ်မှုကို အထောက်အကူပြုမယ့် လမ်း၊ တံတားများ တည်ဆောက်ပြုပြင်ရေးကို ဂရုပြုဆောင်ရွက်လျက်ရှိတာကို တွေ့ကြရမှာဖြစ်ပါတယ်။ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်လာခြင်းအားဖြင့် ဒေသတွင်း စီးပွားရေး ဖွံ့ဖြိုးတိုးတက်လာမယ့်အပြင် တိုင်းရင်းသားများအချင်းချင်း ကူးလူးဆက်ဆံမှု များပြားလာပြီး ချစ်ကြည်ရင်းနှီးမှုများလည်း တိုးတက်ခိုင်မာလာမှာဖြစ်ပါတယ်။ ပို့ဆောင်ရေးအပိုင်းမှာ နိုင်ငံတော်က ခရီးသည်နဲ့ ကုန်စည်ပို့ဆောင်ရေးယာဉ် အမျိုးအစားများကို ဦးစားပေးပြီး ပြည်ပမှ တင်သွင်းစေခြင်း၊ ပုဂ္ဂလိကများအား ယာဉ်များငှားရမ်းခြင်း၊ ရောင်းချခြင်း၊ ယာဉ်ထုတ်လုပ်မှုနှင့် ယာဉ်ပြုပြင်မှုများကို ပြင်ပကုမ္ပဏီများနှင့် ပူးပေါင်းလုပ်ကိုင်ခြင်း၊ အထူးစီမံကိန်းများဖြင့် မီးရထားလမ်းများ ဖောက်လုပ်ခြင်း၊ ရထားပို့ဆောင်ရေးလုပ်ငန်း၊ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးလုပ်ငန်း၊ ပြည်တွင်းပြည်ပ ပို့ဆောင်ရေးလုပ်ငန်းများတွင် ပုဂ္ဂလိကများနှင့် ပူးပေါင်းတိုးချဲ့ဆောင်ရွက်ခြင်း၊ လေဆိပ်များ တိုးချဲ့ခြင်း၊ အဆင့်မြှင့်ခြင်း၊ အသစ်တည်ဆောက်ခြင်းများကို ဆောင်ရွက်လျက်ရှိပါတယ်။

ဆက်သွယ်ရေးအပိုင်းတွင် ခေတ်မီဆက်သွယ်ရေးနည်းများဖြစ်တဲ့ တိုက်ရိုက်ဆက်သွယ်ရေး၊ တယ်လီဖုန်းစနစ်များ တိုးချဲ့တပ်ဆင်ခြင်း၊ ပြည်ပနိုင်ငံများနှင့်ဆက်သွယ်သောအသံလွှင့်၊ အသံဖမ်းစခန်းများနှင့် ဂြိုဟ်တုစခန်းများကို တည်ဆောက်ခြင်း၊ ပင်လယ်ရေကြောင်းသင်္ဘောများနှင့် ဆက်သွယ်သော အသံလွှင့်၊ အသံဖမ်းစခန်းများ ဖွင့်လှစ်ဆောင်ရွက်ခြင်း၊ အပြည်ပြည်ဆိုင်ရာ ဆက်သွယ်ရေးနဲ့စပ်လျဉ်းပြီး ကမ္ဘာ့ကြေးနန်းအဖွဲ့ချုပ်၏ ညွှန်ကြားချက်များကို လေ့လာခြင်း၊ ထိန်းသိမ်းခြင်းနဲ့ လိုအပ်သလိုဆောင်ရွက်ခြင်း အစရှိသည်တို့ကို ဆောင်ရွက်ပေးလျက်ရှိပါတယ်။

ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေးဟာ ပြည်တွင်းကူးသန်းရောင်းဝယ်ရေးအတွက် လည်းကောင်း၊ ပြည်ပကူးသန်းရောင်းဝယ်ရေးအတွက် ပြည်တွင်းမှ ထွက်ကုန်ပစ္စည်းများကို ပင်လယ်ဆိပ်ကမ်းကြီးများအထိ လည်းကောင်း၊ လုံခြုံချောမွေ့စွာ ပို့ဆောင်ပေးရသော အရေးကြီးတဲ့ အခန်းကဏ္ဍမှာ ရှိနေပါတယ်။ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးအနေနဲ့ နိုင်ငံတော်ပိုင်၊ သမဝါယမပိုင် စက်တပ်ရေယာဉ်များ၊ စက်မဲ့ရေယာဉ်များဖြင့် ပြည်တွင်းမှာ ခရီးသည်များနဲ့ ကုန်ပစ္စည်းများကို ပို့ဆောင်ပေးလျက်ရှိပါတယ်။ ပုဂ္ဂလိကပိုင်အခန်းမှလည်း မှတ်ပုံတင်ထားတဲ့ စက်တပ်ရေယာဉ်များ၊ ကမ်းရိုးတန်းသွားရေယာဉ်များဖြင့် ခရီးသည်များနဲ့ ကုန်စည်များကို ပို့ဆောင်ပေးလျက်ရှိနေကြောင်း သိရှိရပါတယ်။

နောင်အခါမှာလည်း ပြည်တွင်းမှာ ခရီးသည်နဲ့ ကုန်ပစ္စည်းများကို ပြည်တွင်းရေကြောင်းဖြင့် သယ်ယူပို့ဆောင်ရာမှာ ခရီးသည်များနဲ့ ကုန်ပစ္စည်းများ လုံခြုံချောမွေ့စွာ ပို့ဆောင်ပေးနိုင်ရေးအတွက် နိုင်ငံတစ်ဝန်းလုံး တစ်ပြေးညီ

***စာမျက်နှာ ၁၂ ကော်လံ ၁***

***စာမျက်နှာ ၁၀ မှ***

အရာရောက်တဲ့ လုပ်ငန်းတစ်ရပ်ဖြစ်ပါတယ်။ ယနေ့ ကမ္ဘာပေါ်မှာ ခေတ်မီဖွံ့ဖြိုးတိုးတက်နေတဲ့ နိုင်ငံတွေကို လေ့လာကြည့်မယ်ဆိုရင် လယ်ယာစိုက်ပျိုးမှုမှာလည်း ရှေးဟောင်း သမားရိုးကျ လက်မှုလယ်ယာစိုက်ပျိုးမှုမှ စက်မှုလယ်ယာစိုက်ပျိုးမှုသို့ ကူးပြောင်းလုပ်ကိုင် ဆောင်ရွက် နေကြတာကိုလည်းကောင်း၊ စက်မှုလက်မှုလုပ်ငန်းတွေမှာလည်း ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ နည်းပညာများကို တိုးတက်သည်ထက်တိုးတက်အောင် လေ့လာဆန်းစစ်တီထွင်ထုတ်လုပ် ဆောင်ရွက်နေကြတာကိုလည်းကောင်း တွေ့ရှိရမှာဖြစ်ပါတယ်။ အမျိုးသား ညီလာခံက ချမှတ်ပြီးဖြစ်တဲ့ စီးပွားရေးနဲ့ စပ်လျဉ်းတဲ့ အခြေခံမူမှာ **"နိုင်ငံတော်၏ စီးပွားရေးစနစ်သည် ဈေးကွက် စီးပွားရေးစနစ်ဖြစ်သည်"**လို့ ချမှတ်ထားပါတယ်။ စက်မှုလက်မှုနဲ့စပ်လျဉ်းတဲ့ အခြေခံမူမှာ**" နိုင်ငံတော်သည် စက်မှုလက်မှုလုပ်ငန်းများ တိုးတက်ဖွံ့ဖြိုးရေးအတွက် လိုအပ်သည့် နည်းပညာ၊ အရင်းအနှီး၊ စက်ပစ္စည်း၊ ကုန်ကြမ်း အစရှိသည်တို့ကို အတတ် နိုင်ဆုံး ဖြည့်ဆည်းမည်"**လို့ ချမှတ်ထားပါတယ်။

ကျွန်တော်တို့ နိုင်ငံဟာ ၁၉၈၈ခုနှစ်ကစပြီး ဈေးကွက်စီးပွားရေးစနစ်ကို ကျင့်သုံးဆောင်ရွက်ခဲ့ရာ စီးပွားရေးလုပ်ငန်းများနဲ့ စက်မှုလက်မှုလုပ်ငန်းများမှာ ပြည်တွင်းပြည်ပမှ ရင်းနှီးမြှုပ်နှံမှုများကို ဥပဒေနဲ့အညီ ခွင့်ပြုလျက်ရှိပါတယ်။ ပြည်တွင်းရင်းနှီးမြှုပ်နှံမှု၊ ပြည်ပမှ လာရောက်ရင်းနှီးမြှုပ်နှံမှုများနဲ့ စပ်လျဉ်းပြီးလိုအပ်တဲ့ ဥပဒေတွေကို နိုင်ငံတော်က ပြဋ္ဌာန်းပေးထားပါတယ်။ စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်စေရေးအတွက် စက်မှုလုပ်ငန်းဆိုင်ရာ သိပ္ပံနဲ့ နည်းပညာများ ခေတ်မီဖွံ့ဖြိုးတိုးတက်စေရန် အစဉ်ကြိုးပမ်းဆောင်ရွက်ဖို့လည်း အထူးလိုအပ်ပါတယ်။

အခုအခါ နိုင်ငံတော်အတွင်း စက်မှုဆိုင်ရာလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးကို ဦးတည်ပြီး အဆင့်မြင့် စက်မှုလက်မှုဇုန်နယ်မြေများ သတ်မှတ်ဆောင်ရွက်လျက်ရှိပါတယ်။ အဲဒီသတ်မှတ်ဆောင်ရွက်လျက်ရှိတဲ့ အဆင့်မြင့် စက်မှုလက်မှုဇုန်နယ်မြေတွေမှ တည်ဆောက်မယ့် စက်ရုံအလုပ်ရုံကြီးများက ထုတ်လုပ်မယ့် ကုန်ပစ္စည်းများဟာဆိုရင်လည်းပဲ စက်ရုံတစ်ခုနဲ့တစ်ခု တူညီမှုရှိနိုင်သလို တစ်ခုနဲ့တစ်ခု တူညီမှုမရှိဘဲ ကွဲပြားမှုလည်းရှိနိုင်မှာ ဖြစ်ပါတယ်။ အဲဒီစက်ရုံ အလုပ်ရုံကြီးများက ကုန်ချောပစ္စည်းများ ထုတ်လုပ်တဲ့နေရာမှာ သဘာဝပတ်ဝန်းကျင်ညစ်ညမ်းမှုမရှိအောင် စနစ်တကျကာကွယ် ထိန်းသိမ်းစောင့်ရှောက်ပေးဖို့ အထူးလိုအပ်ပါတယ်။

သဘာဝ ပတ်ဝန်းကျင်နဲ့ စပ်လျဉ်းပြီး အမျိုးသားညီလာခံက **"နိုင်ငံတော်သည် သဘာဝပတ်ဝန်းကျင်ကို ကာကွယ်ထိန်းသိမ်းစောင့်ရှောက်မည်"** လို့အခြေခံမူ တစ်ရပ် ချမှတ်ထားပြီး ဖြစ်ပါတယ်။ ဒါ့အပြင် ကျွန်တော်တို့ နိုင်ငံဟာ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းမှုနဲ့ စပ်လျဉ်းပြီး (Vienna Convention on the protection of the Ozone Layers, Convention on Biological Diversity, United Nations Framework Convention of Climate Change) များကို လက်ခံထားပြီးဖြစ်ပါတယ်။ အဲဒီလို လက်ခံထားတဲ့အတွက် စက်မှုဇုန်ဒေသ နယ်မြေများ သတ်မှတ် ပေးတဲ့အခါမှာ အဲဒီနယ်မြေဒေသတွေမှာ တည်ဆောက်မယ့် စက်ရုံအလုပ်ရုံ ကြီးတွေအနေနဲ့ ကုန်ပစ္စည်းများကို ထုတ်လုပ်တဲ့အခါ သဘာဝပတ်ဝန်းကျင် ညစ်ညမ်းမှုမရှိအောင် ထိန်းသိမ်းစေဖို့အတွက်လည်း ဒေသအားလုံးမှာ တစ်ပြေးညီ သတ်မှတ်ဆောင်ရွက်ပေးဖို့ လိုအပ်မှာဖြစ်ပါတယ်။

ဒါကြောင့် **"စက်မှုဇုန်များ"** နဲ့ စပ်လျဉ်းလို့ ဥပဒေပြုဖို့ လိုအပ်လာရင် ဥပဒေပြဋ္ဌာန်းပေးနိုင်ဖို့ ပြည်ထောင်စု ဥပဒေပြုစာရင်းတွင် ဖော်ပြသင့်ကြောင်း လေ့လာတွေ့ရှိရပါတယ်။

**သဘာပတိကြီးခင်ဗျား–**

နိုင်ငံတော်အတွင်း စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေဖို့နဲ့ ထုတ်ကုန်ပစ္စည်းများရဲ့ အရည်အသွေး မြင့်မားလာစေဖို့အတွက် လိုအပ်တဲ့ သိပ္ပံနဲ့ နည်းပညာများကို လေ့လာစုဆောင်းပြီး သုတေသနနဲ့ ဖွံ့ဖြိုးမှုလုပ်ငန်းများကို ဆောင်ရွက်ဖို့ လိုအပ်မှာဖြစ်ပါတယ်။ အဲဒီလို သုတေသနပြုပြီး ရရှိတဲ့ နည်းပညာများကို သက်ဆိုင်ရာ စက်မှုလုပ်ငန်းအသီးသီးသို့ အချိန်မီပံ့ပိုးဖြည့်ဆည်းပေးနိုင်မှသာ နိုင်ငံတော်ရဲ့ စက်မှုလုပ်ငန်းများဟာ ဖွံ့ဖြိုးတိုးတက်လာပြီးထုတ်ကုန်ပစ္စည်းများရဲ့ အရည်အသွေးဟာလည်း တစ်စတစ်စ မြင့်မားတိုးတက်လာမှာ ဖြစ်ပါတယ်။

ဒါ့အပြင် နိုင်ငံတော်အဖွဲ့အစည်းများက ဆောင်ရွက်လျက်ရှိတဲ့ စက်မှုလုပ်ငန်းများ၊ သမဝါယမနဲ့ ပုဂ္ဂလိကပိုင်စက်မှုလုပ်ငန်းတို့အတွက် သိပ္ပံနဲ့ နည်းပညာဆိုင်ရာ လိုအပ်သော ကျွမ်းကျင်မှု အကူအညီပေးခြင်း၊ အတိုင်ပင်ခံ အကြံပေးလုပ်ငန်းများ ဆောင်ရွက်ခြင်းနဲ့ ပြည်တွင်းထွက်ကုန်၊ ပြည်ပသွင်းကုန်များကို အရည်အသွေး စစ်ဆေးခြင်းစတဲ့ ဝန်ဆောင်မှုလုပ်ငန်းများကို နိုင်ငံတော်အနေနဲ့ အမြဲသဖြင့် ဆောင်ရွက်နေရမှာဖြစ်ပါတယ်။ အခုအခါ စက်မှုနည်းပညာရပ်များ ပိုမိုတိုးတက်ရရှိရေးအတွက် ဦးဆောင်ကြီးကြပ်ပေးဖို့ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနကို ထပ်မံဖွဲ့စည်း ဆောင်ရွက်လျက်ရှိပါတယ်။

ဖော်ပြပါကိစ္စရပ်များကို နောင်အခါမှာလည်း **"သိပ္ပံနှင့်နည်းပညာ၊ သိပ္ပံနှင့် နည်းပညာဆိုင်ရာသုတေသန"**များနဲ့ စပ်လျဉ်းပြီး ဥပဒေပြုဖို့လိုအပ်လာရင် ဥပဒေပြဋ္ဌာန်းပေးနိုင်ဖို့ ပြည်ထောင်စုဥပဒေပြုစုရင်းတွင် ဖော်ပြသင့်ကြောင်း လေ့လာတွေ့ရှိရပါတယ်။

**သဘာပတိကြီးခင်ဗျား–**

မိမိတို့နိုင်ငံအလိုက် အသုံးပြုရန်နဲ့ နိုင်ငံတကာနှင့် ဆက်သွယ်အသုံးပြုရန် အလေးတင်းတောင်း၊ အတိုင်းအတာစသည်တို့ကို နိုင်ငံအလိုက်လည်းကောင်း၊ နိုင်ငံတကာသုံး**"စံ"**များနှင့် ညှိနှိုင်း၍လည်းကောင်း စံပြုသတ်မှတ်သုံးစွဲလျက်ရှိကြပါတယ်။ အဲဒီလို အလေးတင်းတောင်း၊ အတိုင်းအတာများကို စံပြုသတ်မှတ်သုံးစွဲတဲ့အခါ နိုင်ငံတစ်ဝန်းလုံး တစ်ပြေးညီဖြစ်မှသာလျှင် ကူးသန်းရောင်းဝယ်ဖောက်ကားရာမှာ လွယ်ကူမှုရှိမှာဖြစ်ပါတယ်။ ဒါကြောင့် နိုင်ငံတော်မှာ **"အလေးတင်းတောင်း၊ အတိုင်းအတာ စသည်တို့ကို စံပြုခြင်း"** နဲ့စပ်လျဉ်းပြီး ဥပဒေပြုဖို့လိုအပ်လာရင် ဥပဒေပြဋ္ဌာန်းပေးနိုင်ဖို့ ပြည်ထောင်စု ဥပဒေပြုစာရင်းတွင် ဖော်ပြသင့်ကြောင်း လေ့လာတွေ့ရှိရပါတယ်။

**သဘာပတိကြီးခင်ဗျား–**

နိုင်ငံတော်ရဲ့ စီးပွားရေးဦးတည်ချက် လေးရပ်အနက် တစ်ရပ်ဖြစ်တဲ့ နိုင်ငံတော်မှာ ဈေးကွက်စီးပွားရေးစနစ်ကို ပီပြင်စွာ ဖြစ်ပေါ်လာရေးအတွက် အဘက်ဘက်က ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။ အဲဒီလို ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာတာနဲ့ အညီ အသိဉာဏ်ဆိုင်ရာပစ္စည်းများ (Intellectual Properties)ဖြစ်တဲ့ မူပိုင်ခွင့်များ(Copyrights)၊ တီထွင်မှုမူပိုင်ခွင့်များ(Patents)၊ ကုန်အမှတ်တံဆိပ်များ(Trademarks)၊ စက်မှုဆိုင်ရာဒီဇိုင်းများ(Industrial Designs)စသည်တို့အတွက် လိုအပ်တဲ့ ဥပဒေများ ပြဋ္ဌာန်းပေးမှသာ ကုန်ပစ္စည်းများ ထုတ်လုပ်ရောင်းဝယ်ကြသော အဖွဲ့အစည်းများနဲ့ ပုဂ္ဂလိကများဟာ မိမိထုတ်လုပ်ရောင်းဝယ်တဲ့ပစ္စည်းများနဲ့ စပ်လျဉ်းပြီး ဥပဒေနဲ့အညီ အကာအကွယ်ရရှိကြမှာဖြစ်ပါတယ်။

မြန်မာနိုင်ငံဟာ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့(World Trade Organization) ဖွဲ့စည်းတည်ထောင်ခဲ့တဲ့ မာရာကက်(ရှ)စာချုပ် (Marrakesh Agreement)ရဲ့ ကနဦးအဖွဲ့ဝင်နိုင်ငံအဖြစ် ပါဝင်ခဲ့ပါတယ်။ ယင်းစာချုပ်ရဲ့ နောက်ဆက်တွဲတစ်ခုအဖြစ်"Agreement on the Trade Related Aspects of Intellectual Property Rights" (TRIPS Agreement)ပါဝင်ခဲ့ရာ အသိဉာဏ်ဆိုင်ရာပစ္စည်းများနဲ့ စပ်လျဉ်း၍ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့(WTO) အဖွဲ့ဝင် နိုင်ငံတိုင်းက လိုက်နာရန် တာဝန်ရှိလာပါတယ်။ TRIPS Agreementဟာ အသိဉာဏ်ဆိုင်ရာပစ္စည်းများကို အဖွဲ့ဝင်နိုင်ငံများက အကာအကွယ်ပေးရေးနဲ့ အဓိကသက်ဆိုင်ပါတယ်။ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ဝင် နိုင်ငံတိုင်းဟာ အသိဉာဏ်ဆိုင်ရာ ပစ္စည်းများနဲ့ စပ်လျဉ်းပြီး မိမိနိုင်ငံသားများအားပေးအပ်ထားတဲ့ အကာအကွယ်ထက်မနည်းသော အကာအကွယ်များကို အခြားသော စာချုပ်အဖွဲ့ဝင်နိုင်ငံများရဲ့ နိုင်ငံသားများကိုလည်း ပေးအပ်ဖို့တာဝန်ရှိလာပါတယ်။ အဲဒီတာဝန်ကို ဖြည့်ဆည်းပေးနိုင်ရေးအတွက် ပြည်တွင်းမှာလည်း ဥပဒေများကို ပြဋ္ဌာန်းပေးဖို့ လိုအပ်လာပါတယ်။

မြန်မာနိုင်ငံဟာ အာဆီယံအဖွဲ့ဝင်နိုင်ငံဖြစ်တဲ့အတွက် ASEAN Framework Agreement on Intellectual Property Co-operationကို လက်မှတ်ရေးထိုးခဲ့ပြီး ဖြစ်ပါတယ်။ အဲဒီစာချုပ်အရ အသိဉာဏ်ဆိုင်ရာပစ္စည်းများနဲ့ စပ်လျဉ်းပြီး အာဆီယံအဖွဲ့ဝင်နိုင်ငံ အချင်းချင်းပူးပေါင်းဆောင်ရွက်ကြခြင်းဖြင့် အကာအကွယ်အပြန်အလှန်ပေးကြဖို့ တာဝန်ရှိလာပါတယ်။ ယင်းတာဝန်ကို ဖြည့်ဆည်းပေးဖို့ နိုင်ငံအတွင်း အသိဉာဏ်ဆိုင်ရာပစ္စည်းများနဲ့ စပ်လျဉ်းတဲ့ လိုအပ်မယ့်ဥပဒေများကို ပြဋ္ဌာန်းကြဖို့ လိုအပ်မှာဖြစ်ပါတယ်။ အဲဒီလို ပြဋ္ဌာန်းသင့်တဲ့ ဥပဒေတွေကို နောင်တွင်လည်းပြည်ထောင်စုလွှတ်တော်က ပြဋ္ဌာန်းပေးမှသာ နိုင်ငံတစ်ဝန်းလုံးတစ်ပြေးညီ ကျင့်သုံးနိုင်မှာဖြစ်ပြီး နိုင်ငံတကာကျင့်စဉ်များနဲ့လည်း ညီညွတ်မှာဖြစ်ပါတယ်။

ဒါကြောင့် **"မူပိုင်ခွင့်များ (Copyrights)၊ တီထွင်မှု မူပိုင်ခွင့်များ (Patents)၊ ကုန်အမှတ်တံဆိပ်များ (Trademarks)၊ စက်မှုဆိုင်ရာ ဒီဇိုင်းများ(Industrial Designs)စသည့် အသိဉာဏ်ဆိုင်ရာပစ္စည်းများ (Intellectual Properties)"** နဲ့စပ်လျဉ်းပြီး ဥပဒေပြုဖို့လိုအပ်လာရင် ဥပဒေများ ပြဋ္ဌာန်းပေးနိုင်ရေးအတွက် ပြည်ထောင်စုဥပဒေပြုစာရင်းတွင် ဖော်ပြသင့်ကြောင်းလေ့လာတွေ့ရှိရပါတယ်။

ဒါကြောင့် စက်မှုလက်မှုကဏ္ဍမှာ ပါရှိသင့်တဲ့–

၁။ ပြည်ထောင်စုအဆင့်က ဆောင်ရွက်မည့် စက်မှုလုပ်ငန်းများ၊

၂။ စက်မှုဇုန်များ၊

၃။ သိပ္ပံနှင့်နည်းပညာ၊ သိပ္ပံနှင့်နည်းပညာဆိုင်ရာသုတေသန၊

၄။ အလေးတင်းတောင်း၊ အတိုင်းအတာစသည်တို့ကို စံပြုခြင်း၊

၅။ မူပိုင်ခွင့်များ(Copyrights)၊ တီထွင်မှုမူပိုင်ခွင့်များ(Patents)၊ ကုန်အမှတ်တံဆိပ်များ(Trademarks)၊ စက်မှုဆိုင်ရာဒီဇိုင်းများ(Industrial Designs) စသည့် အသိဉာဏ်ဆိုင်ရာပစ္စည်းများ(Intellectual Properties)

နဲ့စပ်လျဉ်းပြီး ဥပဒေပြုဖို့လိုအပ်လာရင် ဥပဒေများပြဋ္ဌာန်းပေးနိုင်ဖို့ ပြည်ထောင်စု ဥပဒေပြုစာရင်းတွင် ဖော်ပြရန် အသေးစိတ်အခြေခံရမယ့်မူများ ချမှတ်သင့် မသင့် ညီလာခံကိုယ်စားလှယ်များက ဆွေးနွေးအကြံပြုနိုင်ဖို့ ရှင်းလင်းတင်ပြအပ်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

စက်မှုလက်မှုကဏ္ဍနဲ့စပ်လျဉ်းပြီး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်တွေကို ခွဲဝေအပ်နှင်းသင့်တဲ့ ဥပဒေပြုခွင့်အာဏာများကို ဆက်လက်ရှင်းလင်းတင်ပြသွားမှာ ဖြစ်ပါတယ်။ နိုင်ငံတော်ရဲ့ စက်မှုကဏ္ဍ တိုးတက်ဖွံ့ဖြိုးရေးအတွက် ပြည်ထောင်စုဥပဒေအရ သတ်မှတ်သည့် စက်မှုလုပ်ငန်းများကို ပြည်ထောင်စုက ဆောင်ရွက်မှသာ ပိုမိုတိုးတက်ဖွံ့ဖြိုးမှု ရှိနိုင်မှာဖြစ်ပြီး အဲဒီ စက်မှုလုပ်ငန်းများအတွက် လိုအပ်မယ့်ဥပဒေတွေကို ပြည်ထောင်စုလွှတ်တော်က ပြဋ္ဌာန်းပေးသင့်ကြောင်း ကျွန်တော်ရှင်းလင်းတင်ပြခဲ့ပြီး ဖြစ်ပါတယ်။

နိုင်ငံတစ်နိုင်ငံမှာ စက်မှုလုပ်ငန်းများ တိုးတက်ဖွံ့ဖြိုးစေရေးအတွက် စက်မှုလုပ်ငန်းအမျိုးမျိုးကို တိုးတက်ဖွံ့ဖြိုးအောင် ဆောင်ရွက်ရမှာ ဖြစ်သလို အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းများကိုလည်း တိုးတက်ဖွံ့ဖြိုးလာအောင် ဆောင်ရွက်ပေးရမှာဖြစ်ပါတယ်။ ပြည်ထောင်စုဥဒေအရ သတ်မှတ်သည့်စက်မှုလုပ်ငန်းများနဲ့ စပ်လျဉ်းပြီး လိုအပ်တဲ့ဥပဒေတွေကို ပြည်ထောင်စု လွှတ်တော်က ပြဋ္ဌာန်းပေးတဲ့နည်းတူ မိမိတို့ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်းဆောင်ရွက်ကြမယ့် **"ပြည်ထောင်စုအဆင့်က ဆောင်ရွက်ရန် သတ်မှတ်ထားသည့် စက်မှုလုပ်ငန်း များမှအပ အခြားစက်မှုလုပ်ငန်းများ"**နဲ့ **"အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းများ"** ဆိုင်ရာဥပဒေများပြုဖို့ လိုအပ်လာရင် ဥပဒေများပြဋ္ဌာန်းပေးနိုင်ဖို့အတွက် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဥပဒေပြုစာရင်းတွင် ဖော်ပြသင့်ကြောင်း လေ့လာတွေ့ရှိရပါတယ်။

ဒါကြောင့် စက်မှုလက်မှုကဏ္ဍမှာ ပါရှိသင့်တဲ့–

၁။ ပြည်ထောင်စုအဆင့်က ဆောင်ရွက်ရန် သတ်မှတ်ထားသည့် စက်မှုလုပ်ငန်းများမှအပ အခြားစက်မှုလုပ်ငန်းများ၊

၂။ အိမ်တွင်း စက်မှုလက်မှုလုပ်ငန်းများ

နဲ့စပ်လျဉ်းတဲ့ ကိစ္စရပ်တွေကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းတွင် ဖော်ပြရန် အသေးစိတ်အခြေခံရမယ့်မူများ ချမှတ်သင့် မသင့် ညီလာခံကိုယ်စားလှယ်များက ဆွေးနွေးအကြံပြုနိုင်ကြဖို့ ရှင်းလင်းတင်ပြအပ်ပါတယ်။ ။

# ကမ္ဘာ့ဆက်သွယ်ရေးလုပ်ငန်း တိုးတက်လာသည်နှင့်အမျှ နိုင်ငံ့ဆက်သွယ်ရေးလုပ်ငန်းတိုးတက်ရန်လိုအပ် ပြည်တွင်းပြည်ပဆက်သွယ်ဆောင်ရွက်သည့်လုပ်ငန်း နိုင်ငံတစ်ဝန်းလုံးတစ်ပြေးညီဆောင်ရွက်ပေးသင့်

*စာမျက်နှာ ၁၁ မှ*

ဖြစ်စေဖို့ လိုအပ်တဲ့ ဥပဒေတွေကို ပြဋ္ဌာန်းဖို့ရှိနိုင်မှာ ဖြစ်ပါတယ်။ ဒါကြောင့် **"ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေး"**နဲ့စပ်လျဉ်းပြီး ဥပဒေပြုဖို့ လိုအပ်လာရင် ဥပဒေပြဋ္ဌာန်းပေးနိုင်ရေးအတွက် ပြည်ထောင်စု ဥပဒေပြုစာရင်းတွင် ဖော်ပြသင့်ကြောင်း လေ့လာတွေ့ရှိရပါတယ်။

ဒါ့အပြင် ပြည်တွင်းရေကြောင်းအဖြစ် အသုံးပြုလျက်ရှိတဲ့ ရေကြောင်းလမ်းများကို အမြဲတစေ ပြုပြင်ထိန်းသိမ်းပေးနိုင်မှသာ ယင်းရေကြောင်းလမ်းများတွင် သောင်ထွန်းခြင်း၊ ရေကြောင်းလမ်းပြောင်းလဲခြင်း စတာတွေကို ကာကွယ်ထိန်းသိမ်းနိုင်ပြီး ယင်းတို့ကို အမြဲတစေအသုံးပြုနိုင်မှာဖြစ်ပါတယ်။ ဒါကြောင့် **"ရေကြောင်းလမ်းများပြုပြင်ထိန်းသိမ်းရေး"**လုပ်ငန်းများနဲ့ စပ်လျဉ်းပြီး ဥပဒေပြုဖို့လိုအပ်လာရင် ဥပဒေပြဋ္ဌာန်းပေးနိုင်ဖို့ ပြည်ထောင်စုဥပဒေပြုစာရင်းတွင် ဖော်ပြသင့်ကြောင်း လေ့လာတွေ့ရှိရပါတယ်။

**သဘာပတိကြီးခင်ဗျား–**

နိုင်ငံတော်တွင် သဘာဝက ဖန်တီးပေးထားသော ရေကြောင်းလမ်းများကို နိုင်ငံတော်ရဲ့ လိုအပ်ချက်နဲ့အညီ ရေလမ်းထိန်းသိမ်းရေးလုပ်ငန်းများကို ပိုမိုထိရောက်အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် လည်းကောင်း၊ တန်ဖိုးရှိသော ရေချိုများ ဆုံးရှုံးမှုမှ ကာကွယ်ရန်လည်းကောင်း၊ ရေငန်ဝင်ရောက်မှု လျော့နည်းစေပြီး စိုက်ပျိုးရေအဖြစ်၊ သောက်သုံးရေအဖြစ် အကျိုးရှိစွာ အသုံးချနိုင်စေရေးအတွက်လည်းကောင်း၊ ရေသယံဇာတများကို နိုင်ငံတော်အတွက် အကျိုးရှိစွာ အသုံးချနိုင်စေရေးအတွက်လည်းကောင်း နိုင်ငံတော်က ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါတယ်။ ယင်းလုပ်ငန်းများဖြစ်တဲ့ **"ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေး"**အတွက် ဥပဒေပြုဖို့ လိုအပ်လာရင် ဥပဒေပြဋ္ဌာန်းပေးနိုင်ဖို့ ပြည်ထောင်စုဥပဒေပြုစာရင်းတွင် ဖော်ပြသင့်ကြောင်း လေ့လာတွေ့ရှိရပါတယ်။

**သဘာပတိကြီးခင်ဗျား–**

ပင်လယ်ရေကြောင်း သယ်ယူပို့ဆောင်ရေးနဲ့စပ်လျဉ်းပြီး တင်ပြရရင် အခုအခါ နိုင်ငံတော်ပိုင် ပင်လယ်ကူးနှင့် ကမ်းရိုးတန်းသွားသင်္ဘောများဖြင့် ပြည်ပခရီးစဉ်နဲ့ကမ်းရိုးတန်းခရီးစဉ်များအတွက် ခရီးသည်နဲ့ ကုန်ပစ္စည်းများကို ပို့ဆောင်ပေးလျက်ရှိပါတယ်။ နိုင်ငံတကာမှ ပင်လယ်ကူးသင်္ဘောများလည်း ပင်လယ်ကူးဆိပ်ကမ်းများသို့ဆိုက်ကပ်ပြီး ကုန်တင်ခြင်း၊ ကုန်ချခြင်းများပြုလုပ်လျက်ရှိပါတယ်။ အဲဒီပင်လယ်ရေကြောင်း သယ်ယူပို့ဆောင်ရေးနဲ့စပ်လျဉ်းပြီး နောင်တွင်လည်း နိုင်ငံတကာ ပင်လယ်ရေကြောင်း သယ်ယူပို့ဆောင်ရေးကျင့်စဉ်များနဲ့အညီ ဥပဒေပြုဖို့လိုအပ်ပါက ဥပဒေပြဋ္ဌာန်းပေးဖို့ရှိမှာဖြစ်ပါတယ်။ ဒါကြောင့် **"ပင်လယ်ရေကြောင်း သယ်ယူပို့ဆောင်ရေး"** နဲ့စပ်လျဉ်းပြီး ဥပဒေပြုဖို့လိုအပ်လာရင် ဥပဒေပြဋ္ဌာန်းပေးနိုင်ဖို့ ပြည်ထောင်စုဥပဒေပြုစာရင်းတွင် ဖော်ပြသင့်ကြောင်း လေ့လာတွေ့ရှိရပါတယ်။

ဒါ့အပြင် နိုင်ငံတော်မှာ ပင်လယ်ကူးသင်္ဘောများဆိုက်ကပ်နိုင်တဲ့ ဆိပ်ကမ်းကြီးများရှိမှာဖြစ်သလို ကမ်းရိုးတန်းတွင်လည်းကောင်း၊ ပြည်တွင်းမှာလည်းကောင်း သင်္ဘောငယ်များဆိုက်ကပ်နိုင်တဲ့ဆိပ်ကမ်းများလည်း ရှိမှာဖြစ်ပါတယ်။ ပင်လယ်ကူးသင်္ဘောများ ဆိုက်ကပ်နိုင်တဲ့ ဆိပ်ကမ်းများကို တိုးတက်ခေတ်မီနေစေဖို့ ခေတ်မီစက်ကိရိယာများ တပ်ဆင်အသုံးပြု၍ ကုန်တင်ကုန်ချပြုလုပ်ခြင်းတို့ကို အခုအခါဆောင်ရွက်လျက်ရှိပါတယ်။ အဲဒီလို ပင်လယ်ကူးသင်္ဘောဆိပ်ကမ်းများအမြဲတစေ တိုးတက်ခေတ်မီနေအောင်ဆောင်ရွက်နေကြရမှာဖြစ်ပါတယ်။ ဒါကြောင့် **"ပင်လယ်ကူးသင်္ဘောဆိပ်ကမ်းကြီးများ"** နဲ့စပ်လျဉ်းပြီး ဥပဒေပြုဖို့လိုအပ်လာရင် ဥပဒေပြဋ္ဌာန်းပေးနိုင်ဖို့ ပြည်ထောင်စုဥပဒေပြုစာရင်းတွင် ဖော်ပြသင့်ကြောင်း လေ့လာတွေ့ရှိရပါတယ်။

**သဘာပတိကြီးခင်ဗျား–**

ပင်လယ်ရေကြောင်းသွား ပင်လယ်ကူးသင်္ဘောများနဲ့ ကမ်းရိုးတန်းသွားသင်္ဘောများ အန္တရာယ်ကင်းစွာ သွားလာခုတ်မောင်းနိုင်ရေးအတွက် နိုင်ငံတော်ဟာ မီးပြတိုက်များ၊ မီးပြသင်္ဘောများနဲ့ မီးပြအစီအမံများကို ဆောင်ရွက်ထားရှိပါတယ်။ ဒါကြောင့် **"မီးပြတိုက်၊ မီးပြသင်္ဘောနှင့် မီးပြအစီအမံများ"** နဲ့စပ်လျဉ်းပြီး ဥပဒေပြုဖို့ လိုအပ်လာရင် ဥပဒေပြဋ္ဌာန်းပေးနိုင်ဖို့ ပြည်ထောင်စုဥပဒေပြုစာရင်းတွင် ဖော်ပြသင့်ကြောင်း လေ့လာတွေ့ရှိရပါတယ်။

**သဘာပတိကြီးခင်ဗျား–**

သင်္ဘောများတည်ဆောက်ရာမှာလည်းကောင်း၊ ပြင်ဆင်ထိန်းသိမ်းရာမှာလည်းကောင်း၊ နိုင်ငံတကာက သတ်မှတ်လက်ခံထားတဲ့ "စံ" များနဲ့အညီ လိုက်နာဆောင်ရွက်ဖို့လိုအပ်ပါတယ်။ ဒါကြောင့် **"သင်္ဘောတည်ဆောက်ရေး၊ ပြင်ဆင်ထိန်းသိမ်းရေး"** တို့နဲ့စပ်လျဉ်းပြီး ဥပဒေပြုဖို့လိုအပ်လာရင် ဥပဒေပြဋ္ဌာန်းပေးနိုင်ဖို့အတွက် ပြည်ထောင်စုဥပဒေပြုစာရင်းတွင် ဖော်ပြသင့်ကြောင်း လေ့လာတွေ့ရှိရပါတယ်။

**သဘာပတိကြီးခင်ဗျား–**

လေကြောင်းပို့ဆောင်ရေးနှင့်စပ်လျဉ်းပြီး ရှင်းလင်းတင်ပြရရင် မြန်မာနိုင်ငံလေကြောင်းဆိုင်ရာလုပ်ငန်းကိစ္စများအားလုံးကို ပြဋ္ဌာန်းထားတဲ့ မြန်မာနိုင်ငံလေယာဉ် အက်ဥပဒေမဲ့ မြန်မာနိုင်ငံ လေယာဉ်နည်းဥပဒေတို့အရလည်းကောင်း၊ အပြည်ပြည်ဆိုင်ရာ မြို့ပြလေကြောင်းအဖွဲ့အစည်းများ သို့မဟုတ် နိုင်ငံတကာတို့နှင့်ဆက်သွယ်၍လည်းကောင်း ဆောင်ရွက်လျက်ရှိပါတယ်။ မြန်မာနိုင်ငံဟာ အပြည်ပြည်ဆိုင်ရာ မြို့ပြလေကြောင်းအဖွဲ့ချုပ် ICAO Chicago Convention တွင် ပါဝင်လက်မှတ်ရေးထိုးထားတာနဲ့အညီစာချုပ်ပါစည်းမျဉ်း၊ စည်းကမ်း၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနဲ့ စံများကိုလိုက်နာ ကျင့်သုံးဆောင်ရွက်လျက်ရှိပါတယ်။ မြန်မာနိုင်ငံဟာ မြို့ပြလေကြောင်း လုံခြုံရေးကို ထိခိုက်စေသော ဥပဒေမဲ့ဆန့်ကျင်ပြုမူခြင်းများမှကာကွယ်ဖို့ သက်ဆိုင်တဲ့ အပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းများတွင် အဖွဲ့ဝင်နိုင်ငံအဖြစ်ပါဝင်ခဲ့တဲ့အတွက် လိုအပ်သည့်စီမံခန့်ခွဲရေးဆိုင်ရာ အရေးယူဆောင်ရွက်မှုများနဲ့ ဥပဒေပြုရေးဆိုင်ရာ အရေးယူဆောင်ရွက်မှုများကို အခါအားလျော်စွာ ပြုလုပ်ပေးဖို့ တာဝန်ရှိလာပါတယ်။ မြန်မာနိုင်ငံအဖွဲ့ဝင်အဖြစ်ပါဝင်တဲ့ အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းများဟာဆိုရင်–

(က) လေယာဉ်ပေါ်၌ဖြစ်ပွားသော ပြစ်မှုများဆိုင်ရာနှင့် အခြားကျူးလွန်မှုများဆိုင်ရာကွန်ဗင်းရှင်း (တိုကျိုကွန်ဗင်းရှင်း ၁၉၆၃)
Convention on offences and Certain other Acts Committed on Board Aircraft. (Tokyo Convention,1963)

(ခ) လေယာဉ်အနုကြမ်းစီးမှု နှိမ်နင်းရေးဆိုင်ရာ ကွန်ဗင်းရှင်း (သည်ဟော့ခ် ကွန်ဗင်းရှင်း၊ ၁၉၇၀)
Convention for the Suppression of Unlawful Seizure of Aircraft (The Hague Convention,1970)

(ဂ) မြို့ပြလေကြောင်းလုံခြုံရေးကို ထိပါးစေသည့် အကြမ်းဖက်မှုနှင့် အကြမ်းဖက်ရန်ကျူးလွန်မှုနှိမ်နင်းရေးဆိုင်ရာကွန်ဗင်းရှင်း (မွန်တရီယယ် ကွန်ဗင်းရှင်း၊ ၁၉၇၁)
Convention for the Suppression of Unlawful Acts against the Safety of Civil Aviation. (Montreal Convention,1971)

တို့ဖြစ်ပါတယ်။

ဖော်ပြပါ ကွန်ဗင်းရှင်းများအရ လေယာဉ်အနုကြမ်းစီးမှု၊ လေယာဉ်ကွင်းအကြမ်းဖက်မှု ယင်းအမှုများကို အကြောင်းပြုလျက် တရားခံများလွှဲပြောင်းပေးမှု(Extradition)တို့နဲ့စပ်လျဉ်းပြီး တည်ဆဲဥပဒေများပြင်ဆင်ခြင်း၊ ဥပဒေအသစ်များပြဋ္ဌာန်းခြင်းကို အခါအားလျော်စွာ ဆောင်ရွက်ဖို့လိုအပ်လာရင် ဆောင်ရွက်နိုင်ရေးအတွက် အဲဒီဥပဒေတွေကို ပြည်ထောင်စုလွှတ်တော်က ပြဋ္ဌာန်းပေးမှသာ နိုင်ငံတစ်ဝန်းလုံးတစ်ပြေးညီကျင့်သုံးနိုင်မှာဖြစ်ပြီး နိုင်ငံတကာ ကျင့်စဉ်များနဲ့လည်း ညီညွတ်နိုင်မှာဖြစ်ပါတယ်။

ဒါကြောင့် **"လေကြောင်းသယ်ယူပို့ဆောင်ရေး"**နဲ့စပ်လျဉ်းပြီး ဥပဒေပြုဖို့လိုအပ်လာရင် ဥပဒေပြဋ္ဌာန်းပေးနိုင်ဖို့ ပြည်ထောင်စုဥပဒေပြုစာရင်းတွင် ဖော်ပြသင့်ကြောင်း လေ့လာတွေ့ရှိရပါတယ်။

**သဘာပတိကြီးခင်ဗျား–**

လေယာဉ်များဘေးအန္တရာယ်ကင်းရှင်းစွာဖြင့် လုံခြုံချောမွေ့စွာပျံသန်းနိုင်ရေးအတွက် လေကြောင်းထိန်းသိမ်းရေးလုပ်ငန်းနဲ့ လေကြောင်းဆက်သွယ်ရေးလုပ်ငန်းတို့ဟာ ပြည်တွင်းလေယာဉ်များစတင်ထွက်ခွာပျံသန်းသည်မှ ခရီးဆုံးသို့ရောက်ရှိဆင်းသက်သည်အထိလည်းကောင်း၊ နိုင်ငံတကာလေကြောင်းပိုင်လေယာဉ်များကိုလည်း မြန်မာနိုင်ငံလေကြောင်းပျံသန်းရေးနယ်နိမိတ် (Flight Information Region)မှ ကျော်လွန်ပျံသန်းသွားသည်အထိ လည်းကောင်း စဉ်ဆက်မပြတ် လေကြောင်းထိန်းသိမ်းခြင်းနဲ့ ဆက်သွယ်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးရပါတယ်။

ဒါ့အပြင် နိုင်ငံတော်အနေနဲ့ လေကြောင်းသယ်ယူပို့ဆောင်ရေး ချောမောပြေပြစ်စေရေးအတွက် ယခုအခါ အပြည်ပြည်ဆိုင်ရာလေဆိပ် တိုးတက်ဖွံ့ဖြိုးရေးလုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်လျက်ရှိသည့်အပြင် ပြည်နယ်နဲ့တိုင်းအချို့မှာလည်း လေယာဉ်ကွင်းအသစ်များကို တည်ဆောက်ခြင်း၊ လေယာဉ်ကွင်းများကို အဆင့်မြှင့်ခြင်း၊ တိုးချဲ့မွမ်းမံပြင်ဆင်ခြင်းများကိုလည်း ဆောင်ရွက်လျက်ရှိပါတယ်။ အဲဒီလို လေယာဉ်ကွင်းများတည်ဆောက်ရာမှာ သတ်မှတ်ထားတဲ့ စံနှုန်းများနဲ့အညီ တည်ဆောက်ရမှာဖြစ်ပြီး ကျွမ်းကျင်မှုလည်း အထူးလိုအပ်ပါတယ်။ ဒါကြောင့် နောင်တွင်လည်း **"လေကြောင်းပျံသန်းရေး၊ ထိန်းသိမ်းရေးနှင့်လေယာဉ်ကွင်းတည်ဆောက်ရေး"**တို့နဲ့စပ်လျဉ်းပြီး ဥပဒေပြုဖို့လိုအပ်လာပါက ဥပဒေပြဋ္ဌာန်းပေးနိုင်ဖို့ ပြည်ထောင်စုဥပဒေပြုစာရင်းတွင် ဖော်ပြသင့်ကြောင်း လေ့လာတွေ့ရှိရပါတယ်။

**သဘာပတိကြီးခင်ဗျား–**

နိုင်ငံတော်အနေဖြင့် ပို့ဆောင်ဆက်သွယ်ရေးလုပ်ငန်းများ လွယ်ကူချောမွေ့စေဖို့ ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိရာ တစ်နှစ်ထက်တစ်နှစ်ပိုမိုတိုးတက်လာတာကို တွေ့ရှိရပါတယ်။ ပို့ဆောင်ရေးအပိုင်းတွင် ခရီးသည်နဲ့ကုန်စည်ပို့ဆောင်ရေးယာဉ်အမျိုးအစားများကို ဦးစားပေးပြီး ပြည်ပမှတင်သွင်းစေခြင်း၊ ပုဂ္ဂလိကများသို့ ယာဉ်များငှားရမ်းခြင်း၊ ရောင်းချခြင်း၊ ယာဉ်ပြုပြင်မွမ်းမံမှုများကို ပြည်ပကုမ္ပဏီများနှင့်ပူးပေါင်းလုပ်ကိုင်ခြင်းစသည်တို့ကို ဆောင်ရွက်လျက်ရှိကြောင်း ကျွန်တော်စောစောက တင်ပြခဲ့ပြီးဖြစ်ပါတယ်။ ခရီးသည်များသက်သာချောင်ချိစွာ ခရီးသွားလာနိုင်ရေးနဲ့ ကုန်စည်များကို ချောမွေ့စွာ သယ်ယူပို့ဆောင်နိုင်ရေးအတွက် ကုန်းလမ်းသယ်ယူပို့ဆောင်ရေးဟာလည်း အရေးကြီးတဲ့အခန်းကဏ္ဍမှာ ပါရှိပါတယ်။

နိုင်ငံတော်အနေနဲ့လည်း ကုန်းလမ်းပို့ဆောင်ရေးတွင် အသုံးပြုလျက်ရှိတဲ့ နိုင်ငံတော်ပိုင်ယာဉ်များဖြင့် ခရီးသည်များနှင့်ကုန်ပစ္စည်းများကို ပို့ဆောင်ပေးလျက်ရှိတဲ့နည်းတူ ပုဂ္ဂလိကပိုင်ယာဉ်များကလည်း မိမိတို့တတ်နိုင်စွမ်းရှိသမျှ ပို့ဆောင်ပေးလျက်ရှိပါတယ်။ ခရီးသည်များ လုံခြုံစိတ်ချအန္တရာယ်ကင်းစွာ ခရီးသွားလာနိုင်ရေးနဲ့ ကုန်ပစ္စည်းများ ပျက်စီးဆုံးရှုံးမှုမရှိဘဲ စနစ်တကျ ပို့ဆောင်နိုင်ရေးအတွက် နောင်အခါမှာလည်း ကုန်းလမ်းသယ်ယူ ပို့ဆောင်ရေးနဲ့ စပ်လျဉ်းတဲ့ဥပဒေများ ပြဋ္ဌာန်းဖို့လိုအပ်လာရင် ပြည်ထောင်စုလွှတ်တော်က ပြဋ္ဌာန်းမှသာ နိုင်ငံတစ်ဝန်းလုံး တစ်ပြေးညီကျင့်သုံးနိုင်မှာဖြစ်ပါတယ်။

ဒါကြောင့် **"ကုန်းလမ်းသယ်ယူပို့ဆောင်ရေး"**နဲ့စပ်လျဉ်းပြီး ဥပဒေပြုဖို့ လိုအပ်လာတဲ့အခါ ဥပဒေပြဋ္ဌာန်းပေးနိုင်ရေးအတွက် ပြည်ထောင်စုဥပဒေပြုစာရင်းတွင် ဖော်ပြသင့်ကြောင်း လေ့လာတွေ့ရှိရပါတယ်။

**သဘာပတိကြီးခင်ဗျား–**

မီးရထားဟာဆိုရင် နိုင်ငံတော်အတွင်း ခရီးသည်နှင့် ကုန်ပစ္စည်းများ ပို့ဆောင်ရေးအပိုင်းမှာ အရေးကြီးတဲ့အခန်းကဏ္ဍက ပါဝင်ဆောင်ရွက်နေတာကို တွေ့ရှိရမှာဖြစ်ပါတယ်။

နိုင်ငံတော်က မြန်မာ့မီးရထားလုပ်ငန်းဖြင့် ခရီးသည်နဲ့ ကုန်စည်ပို့ဆောင်ရေးလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိပါတယ်။ မီးရထားပို့ဆောင်ရေးလုပ်ငန်းတွင် လက်ရှိစက်ခေါင်းနှင့် တွဲများကို ထိရောက်စွာအသုံးပြုဆောင်ရွက်လျက်ရှိပါတယ်။

မီးရထားလုပ်ငန်းဟာ ရင်းနှီးမြှုပ်နှံမှုပမာဏကြီးမားပြီး နိုင်ငံတစ်ဝန်းလုံးတွင် မီးရထားများ စနစ်တကျ တိုးတက်ပြေးဆွဲနိုင်ရေးအတွက် **"မီးရထား"**နဲ့စပ်လျဉ်းပြီး ဥပဒေပြုဖို့လိုအပ်လာရင် ဥပဒေပြဋ္ဌာန်းပေးနိုင်ရေးအတွက် ပြည်ထောင်စုဥပဒေပြုစာရင်းတွင်ဖော်ပြသင့်ကြောင်း လေ့လာတွေ့ရှိရပါတယ်။

**သဘာပတိကြီးခင်ဗျား–**

နိုင်ငံတော်ရဲ့စီးပွားရေး၊ လူမှုရေးတိုးတက်ဖွံ့ဖြိုးမှုကို အထောက်အကူပြုစေရေးအတွက် လမ်းပန်းဆက်သွယ်မှုလုံခြုံချောမွေ့စေရန် လမ်းများနဲ့တံတားများကို တိုးချဲ့တည်ဆောက်ခြင်း၊ ပြင်ဆင်ထိန်းသိမ်းခြင်းတို့ကို နိုင်ငံတော်က ဆောင်ရွက်လျက်ရှိပါတယ်။ ပြည်ထောင်စုတစ်ဝန်းလုံး၌ တည်ဆောက်ပြီးစီးခဲ့သည့် ပေ ၁၈၀ အထက် မြစ်ကူးတံတားကြီးပေါင်း ၁၇၇ စင်း ရှိပြီဖြစ်ပါတယ်။ ဒါ့အပြင် ပြည်နယ်၊ တိုင်းများတွင် လမ်းများတိုးချဲ့ဖောက်လုပ်ခြင်း၊ ပိုမိုကောင်းမွန်အောင် ပြုပြင်မွမ်းမံခြင်းနဲ့ တံတားများတည်ဆောက်မွမ်းမံခြင်းလုပ်ငန်းများကို ဦးစားပေးဆောင်ရွက်ခဲ့ကြောင်း တွေ့ရပါတယ်။

နိုင်ငံတော်ရဲ့ လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေးအတွက် နောင်တွင် ပြည်ထောင်စုနဲ့ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တို့ဟာ သတ်မှတ်ထားတဲ့အတိုင်း မိမိတို့နဲ့သက်ဆိုင်တဲ့ လမ်းများ၊ တံတားများကို အနီးကပ်ကြီးကြပ်ပေးခြင်းအားဖြင့် လမ်းသစ်များဖောက်လုပ်ခြင်း၊ တံတားသစ်များဆောက်လုပ်ခြင်း၊ ထိန်းသိမ်းကြီးကြပ်ခြင်းများကို ပိုမိုအောင်မြင်စွာ ဆောင်ရွက်နိုင်မယ်လို့ ယုံကြည်ပါတယ်။ ဒါကြောင့် **"ပြည်ထောင်စုက စီမံခန့်ခွဲသည့် လမ်းမကြီးများ၊ တံတားကြီးများ"**နဲ့ စပ်လျဉ်းပြီး ဥပဒေပြုဖို့လိုအပ်လာရင် ဥပဒေပြဋ္ဌာန်းပေးနိုင်ဖို့ ပြည်ထောင်စုဥပဒေပြုစာရင်းတွင် ဖော်ပြသင့်ကြောင်း လေ့လာ တွေ့ရှိရပါတယ်။

**သဘာပတိကြီးခင်ဗျား–**

ကမ္ဘာတစ်ဝန်းတွင် ဆက်သွယ်ရေးလုပ်ငန်းများ ခေတ်မီတိုးတက်လာတာနဲ့အမျှ ကျွန်တော်တို့နိုင်ငံရဲ့ ဆက်သွယ်ရေးလုပ်ငန်းများကိုလည်း ခေတ်မီတိုးတက်အောင် ဆောင်ရွက်ပေးဖို့လိုအပ်ပါတယ်။ စာတိုက်၊ ကြေးနန်း၊ တယ်လီဖုန်း၊ ဖက်(စ်)၊ အီးမေးလ်၊ အင်တာနက်၊ အင်ထရာနက်နှင့် အလားတူ ဆက်သွယ်ရေးကိစ္စများကိုလည်းကောင်း၊ ရုပ်မြင်သံကြား၊ ဂြိုဟ်တုဆက်သွယ်ရေး၊ အသံနှင့် အသံဖမ်းလုပ်ငန်းနှင့် အလားတူ ဆက်သွယ်ရေးများနဲ့ စပ်လျဉ်းပြီးလည်းကောင်း ဆောင်ရွက်တဲ့နေရာမှာ ပြည်တွင်းသာမက ပြည်ပနိုင်ငံများနဲ့လည်း ဆက်သွယ်ဆောင်ရွက်ရတဲ့အတွက် ဖော်ပြပါလုပ်ငန်းတွေကို နိုင်ငံတစ်ဝန်းလုံးအတွက် တစ်ပြေးညီဖြစ်စေဖို့ ဆောင်ရွက်ပေးသင့်ပါတယ်။ ဒါကြောင့် **"စာတိုက်၊ ကြေးနန်း၊ တယ်လီဖုန်း၊ ဖက်(စ်)၊ အီးမေးလ်၊ အင်တာနက်၊ အင်ထရာနက်နှင့် အလားတူ ဆက်သွယ်ရေး"** လုပ်ငန်းများနဲ့ စပ်လျဉ်း၍လည်းကောင်း၊ **"ရုပ်မြင်သံကြား၊ ဂြိုဟ်တုဆက်သွယ်ရေး၊ အသံနှင့် အသံဖမ်းလုပ်ငန်းနှင့် အလားတူဆက်သွယ်ရေးများ"**နဲ့ စပ်လျဉ်းပြီးလည်းကောင်း ဥပဒေပြုဖို့လိုအပ်လာရင် ဥပဒေပြဋ္ဌာန်းပေးနိုင်ဖို့ ပြည်ထောင်စုဥပဒေပြုစာရင်းတွင် ဖော်ပြသင့်ကြောင်း လေ့လာတွေ့ရှိရပါတယ်။

ပြည်ထောင်စုဥပဒေပြုစာရင်းတွင် ဖော်ပြသင့်တဲ့ ပို့ဆောင်ဆက်သွယ်ရေးကဏ္ဍပါ ကိစ္စရပ်များကို စုစည်းတင်ပြရမယ်ဆိုရင်–

၁။ ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ရေး၊
၂။ ရေကြောင်းလမ်းများ ပြုပြင်ထိန်းသိမ်းရေး၊
၃။ ရေအရင်းအမြစ်နှင့်မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေး၊
၄။ ပင်လယ်ရေကြောင်းသယ်ယူပို့ဆောင်ရေး၊
၅။ ပင်လယ်ကူးသင်္ဘောဆိပ်ကမ်းကြီးများ၊
၆။ မီးပြတိုက်၊ မီးပြသင်္ဘောနှင့်မီးပြအစီအမံများ၊
၇။ သင်္ဘောတည်ဆောက်ရေး၊ ပြင်ဆင်ထိန်းသိမ်းရေး၊
၈။ လေကြောင်းသယ်ယူပို့ဆောင်ရေး၊
၉။ လေကြောင်းပျံသန်းရေး၊ ထိန်းသိမ်းရေးနှင့် လေယာဉ်ကွင်း တည်ဆောက်ရေး၊
၁၀။ ကုန်းလမ်းသယ်ယူပို့ဆောင်ရေး၊
၁၁။ မီးရထား၊
၁၂။ ပြည်ထောင်စုက စီမံခန့်ခွဲသည့် လမ်းမကြီးများ၊ တံတားကြီးများ၊
၁၃။ စာတိုက်၊ ကြေးနန်း၊ တယ်လီဖုန်း၊ ဖက်(စ်)၊ အီးမေးလ်၊ အင်တာနက်၊ အင်ထရာနက်နှင့် အလားတူဆယ်သွယ်ရေး၊
၁၄။ ရုပ်မြင်သံကြား၊ ဂြိုဟ်တုဆက်သွယ်ရေး၊ အသံလွှင့်၊ အသံဖမ်းလုပ်ငန်းနှင့် အလားတူ ဆက်သွယ်ရေး

များ ဖြစ်ပါတယ်။

ဖော်ပြပါကိစ္စရပ်များကို ပြည်ထောင်စုဥပဒေပြုစာရင်းတွင် ဖော်ပြရန် အသေးစိတ်အခြေခံရမယ့်မူများ ချမှတ်သင့်မသင့် ညီလာခံကိုယ်စားလှယ်များက ဆွေးနွေးအကြံပြုနိုင်ကြဖို့ ရှင်းလင်းတင်ပြအပ်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

အခုဆက်လက်ပြီးတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းတွင်ဖော်ပြသင့်တဲ့ပို့ဆောင်ဆက်သွယ်ရေးဆိုင်ရာ ကိစ္စရပ်များကို ရှင်းလင်းတင်ပြမှာဖြစ်ပါတယ်။

အချို့တိုင်းဒေသကြီးနဲ့ပြည်နယ်တွေမှာ ပြည်ထောင်စုက စီမံခန့်ခွဲတဲ့ ဆိပ်ကမ်းကြီးများရှိမှာဖြစ်သလို တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်များက စီမံခန့်ခွဲခွင့်ရှိတဲ့ ဆိပ်ကမ်းများ၊ သင်္ဘောဆိပ်များနဲ့ဆိပ်ခံများလည်းရှိမှာဖြစ်ပါတယ်။

*စာမျက်နှာ ၁၃ ကော်လံ ၁*

# မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးညှိနှိုင်းအစည်းအဝေး

ရန်ကုန် မေ ၁၉

**မြန်မာနိုင်ငံအတွင်းရှိ မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ညှိနှိုင်းအစည်းအဝေးကို ယမန်နေ့မွန်းတည့် နံနက်၁၂နာရီက ရန်ကုန်မြို့ ကုန်သည်လမ်းရှိ ပို့ဆောင်ရေးဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်လှမြင့်ဆွေ၊ ဒုတိယဝန်ကြီးဦးဖေသန်း၊ အထူးအရာရှိ ဗိုလ်မှူးချုပ်မျိုးတင်၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးစိုးမြင့်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။**

ရှေးဦးစွာ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်လှမြင့်ဆွေက အဖွင့်အမှာစကားပြောကြားသည်။**(အပေါ်ပုံ)**

ထို့နောက် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးစိုးမြင့်က ပြည်နယ်နှင့်တိုင်းများရှိ မြစ်ချောင်းများ တည်ရှိနေမှု အခြေအနေနှင့် မြစ်ချောင်းများ တစ်လျှောက် ပတ်ဝန်းကျင် အနေအထားများကို ရှင်းလင်းတင်ပြသည်။ ဆက်လက်၍ ပြည်နယ်နှင့်တိုင်းများမှ ဒေသခွဲ တာဝန်ခံများက လုပ်ငန်းအလိုက် ဆောင်ရွက်ထားရှိမှု အခြေအနေ၊ မြစ်ချောင်းများ ရေဝင်ရေလဲ အခြေအနေ၊ ရေစီးဆင်းနိုင်မှု အခြေ အနေ၊ မြစ်ချောင်း တစ်လျှောက်ပတ်ဝန်းကျင် သန့်ရှင်းမှု အခြေအနေများကို တင်ပြကြသည်။

**အားသွန်ခွန်စိုက်ဆောင်ရွက်**

ထို့နောက် ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖေသန်းက မြန်မာနိုင်ငံ၏ အဓိက အားထားရသော ဧရာဝတီမြစ်၊ ချင်းတွင်းမြစ်၊ စစ်တောင်းမြစ်၊ သံလွင်မြစ်များ၏ ရေဝင်ရေလဲအခြေအနေ၊ မြစ်ချောင်းများတစ်လျှောက် ရေစီးဆင်းနိုင်မှု အခြေအနေ၊ သစ်တောနှင့် သယံဇာတ ပစ္စည်းများထုတ်လုပ်မှုကြောင့်မြစ်ချောင်းများ ပြောင်းလဲမှု အခြေအနေများကို ဆွေးနွေးတင်ပြသည်။

ထို့နောက် ဝန်ကြီးက ဆွေးနွေးတင်ပြချက်များနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံအတွင်းရှိ မြစ်ချောင်းများ အမြဲမပြတ် ဖွံ့ဖြိုးတိုးတက်စေရေး၊ မြစ်အတွင်းသို့ စီးဝင်လျက်ရှိသော လက်တက်ချောင်းများ အမြဲမပြတ် သန့်ရှင်းစေရေး၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးတို့ကိုအားသွန်ခွန်စိုက် ဆောင်ရွက်ကြရေး မှာကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

*စာမျက်နှာ ၁၂ မှ*

ဒါကြောင့် **"တိုင်းဒေသကြီး သို့မဟုတ်ပြည်နယ်က စီမံခန့်ခွဲခွင့်ရှိသည့် ဆိပ်ကမ်းများ၊ သင်္ဘောဆိပ်များ၊ ဆိပ်ခံများ"** နဲ့စပ်လျဉ်းပြီး ဥပဒေပြုဖို့ လိုအပ်လာရင် ဥပဒေပြဋ္ဌာန်းပေးနိုင်ဖို့ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဥပဒေပြုစာရင်းတွင် ဖော်ပြသင့်ကြောင်း လေ့လာတွေ့ရှိရပါတယ်။

**သဘာပတိကြီးခင်ဗျား–**

ကျွန်တော်စောစောက တင်ပြခဲ့တဲ့အတိုင်း လမ်းများဖောက်လုပ်ရာတွင်လည်းကောင်း၊ တံတားများ ဆောက်လုပ်ရာတွင်လည်းကောင်း ငွေရင်းပမာဏများပြားပြီး ကျွမ်းကျင်မှုအထူးလိုအပ်တဲ့ လုပ်ငန်းကြီးများကို ပြည်ထောင်စုက ကြီးကြပ်ကွပ်ကဲ ဖောက်လုပ်တည်ဆောက်ပြီးပြည်ထောင်စုက စီမံခန့်ခွဲတဲ့ ပြည်ထောင်စုလမ်းမကြီးများနဲ့ ပြည်ထောင်စုတံတားကြီးများရှိမှာဖြစ်သလို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တို့ရဲ့ကြီးကြပ်ကွပ်ကဲမှုနဲ့ လမ်း၊ တံတားများ ဖောက်လုပ်တည်ဆောက်ပြီး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များကစီမံခန့်ခွဲခွင့်ရှိတဲ့လမ်းများနဲ့တံတားများလည်း ရှိမှာဖြစ်ပါတယ်။ အဲဒီလို **"တိုင်းဒေသကြီး သို့မဟုတ်ပြည်နယ်က စီမံခန့်ခွဲခွင့်ရှိသည့်လမ်းများ၊ တံတားများ"** နဲ့ စပ်လျဉ်းပြီး ဥပဒေပြုဖို့ လိုအပ်လာရင် ဥပဒေပြဋ္ဌာန်းပေးနိုင်ဖို့ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းတွင် ဖော်ပြသင့်ကြောင်း လေ့လာတွေ့ရှိရပါတယ်။

**သဘာပတိကြီးခင်ဗျား–**

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်းမှာခရီးသည်နဲ့ ကုန်ပစ္စည်းများကိုသယ်ယူပို့ဆောင်ပေးနေတဲ့ နိုင်ငံတော်ပိုင်ယာဉ်များရှိသလို ပုဂ္ဂလိကပိုင်ယာဉ်များလည်း ရှိကြမှာဖြစ်ပါတယ်။ ပြည်ထောင်စုတစ်ဝန်းလုံးမှာ သွားလာခုတ်မောင်းနေကြတဲ့ နိုင်ငံတော်ပိုင်ယာဉ်များနဲ့ပုဂ္ဂလိကပိုင်ယာဉ်များအတွက် စနစ်တကျဖြစ်စေရန် ပြည်ထောင်စုလွှတ်တော်က ဥပဒေပြဋ္ဌာန်းပေးတဲ့နည်းတူ တိုင်းဒေသကြီး သို့မဟုတ်ပြည်နယ်အတွင်းမှာ ပြေးဆွဲနေတဲ့ပုဂ္ဂလိကပိုင်ယာဉ်များအတွက်လည်းမိမိတို့ တိုင်းဒေသကြီး သို့မဟုတ်ပြည်နယ်အလိုက် စနစ်တကျဖြစ်စေရန် ဥပဒေပြဋ္ဌာန်းသတ်မှတ်ပေးဖို့လိုအပ်မှာဖြစ်ပါတယ်။ ဒါကြောင့် **"တိုင်းဒေသကြီး သို့မဟုတ်ပြည်နယ်အတွင်းသာ သွားလာသည့် ပုဂ္ဂလိကယာဉ်များ စနစ်တကျပြေးဆွဲနိုင်ရေး"** နဲ့စပ်လျဉ်းပြီး ဥပဒေပြုဖို့လိုအပ်လာရင် ဥပဒေပြဋ္ဌာန်းပေးနိုင်ရေးအတွက် တိုင်းဒေသကြီး သို့မဟုတ်ပြည်နယ်ဥပဒေပြုစာရင်းတွင်ဖော်ပြသင့်ကြောင်း လေ့လာတွေ့ရှိရပါတယ်။

**သဘာပတိကြီးခင်ဗျား–**

အခုကျွန်တော်ရှင်းလင်းတင်ပြခဲ့တဲ့ တိုင်းဒေသကြီး သို့မဟုတ်ပြည်နယ် ဥပဒေပြုစာရင်းတွင် ဖော်ပြသင့်တဲ့ ပို့ဆောင်ဆက်သွယ်ရေးကဏ္ဍပါ ကိစ္စရပ်များကို စုစည်းတင်ပြရမယ်ဆိုရင်–

၁။ တိုင်းဒေသကြီး သို့မဟုတ်ပြည်နယ်ကစီမံခန့်ခွဲခွင့်ရှိသည့် ဆိပ်ကမ်းများ၊ သင်္ဘောဆိပ်များ၊ ဆိပ်ခံများ၊
၂။ တိုင်းဒေသကြီး သို့မဟုတ်ပြည်နယ်ကစီမံခန့်ခွဲခွင့်ရှိသည့် လမ်းများ၊ တံတားများ၊
၃။ တိုင်းဒေသကြီး သို့မဟုတ်ပြည်နယ်အတွင်းသာ သွားလာသည့် ပုဂ္ဂလိကယာဉ်များ စနစ်တကျပြေးဆွဲနိုင်ရေး

တို့ဖြစ်ပါတယ်။

ဒါကြောင့် ဖော်ပြပါ ပို့ဆောင်ဆက်သွယ်ရေးကဏ္ဍမှာပါရှိသင့်တဲ့ ကိစ္စရပ်တွေနဲ့ စပ်လျဉ်းပြီး တိုင်းဒေသကြီး သို့မဟုတ်ပြည်နယ်အတွင်း ဥပဒေပြုဖို့ လိုအပ်ရင် ဥပဒေပြဋ္ဌာန်းပေးနိုင်ရေးအတွက် တိုင်း ဒေသကြီး သို့မဟုတ်ပြည်နယ် ဥပဒေပြုစာရင်းတွင်ဖော်ပြရန် အသေးစိတ်အခြေခံရမယ့်မူများချမှတ်သင့် မသင့် ညီလာခံကိုယ်စားလှယ်များက ဆွေးနွေးအကြံပြုကြဖို့ရှင်းလင်းတင်ပြအပ်ပါတယ်။ ။


ပညာရေးဝန်ကြီးဌာန

**ကျောင်းအပ်နှံရေးသီတင်းပတ်**

**မေလ၏နောက်ဆုံးသီတင်းပတ်**



ကျောင်းနေအရွယ်ကလေး ကျောင်းအပ်နှံရေး
ပြည်သူအားလုံးပါဝင်ဆောင်ရွက်ပေး


# အမျိုးသားညီလာခံကိုယ်စားလှယ်များ အားလပ်ချိန်တွင်ကျန်းမာရေးအားကစားလေ့ကျင့်

ရန်ကုန် မေ ၁၉

**အမျိုးသားညီလာခံကျင်းပလျက်ရှိသော ရန်ကုန်တိုင်း မှော်ဘီမြို့နယ်ရှိ ညောင်နှစ်ပင်စခန်း၌ ညီလာခံကိုယ်စားလှယ်များသည် သန့်ရှင်းလတ်ဆတ်သော လေကိုရှူရှိုက်ရင်း ကျန်းမာလန်းဆန်းမှုများရရှိကြသကဲ့သို့ အားလပ်ချိန်တွင် ဂေါက်သီးရိုက် လေ့ကျင့်ခြင်း၊ ဘိလိယက်ထိုးခြင်း၊ စားပွဲတင်တင်းနစ်ကစားခြင်း၊ ကိုယ်ကာယကျန်းမာရေးအားကစားလေ့ကျင့်ခြင်းများကို ဝါသနာနှင့်အညီ ပြုလုပ်လျက်ရှိရာ အမျိုးသားညီလာခံကျင်းပရေးစီမံခန့်ခွဲမှုကော်မတီ ဖျော်ဖြေရေးနှင့် သက်သာချောင်ချိရေးဆပ်ကော်မတီက အားကစားကွင်းများ၊ အားကစားပစ္စည်းများနှင့် နည်းပြလိုအပ်သော အားကစားနည်းများတွင်လည်း နည်းပြများဖြင့် အဆင်သင့်စီစဉ်ထားရှိပေးထားသည်။**

ဂေါက်သီးရိုက်လေ့ကျင့်ကွင်းကို ညီလာခံကိုယ်စားလှယ် အမျိုးသားအဆောင်အနီး၌ ကိုက်၂၀၀ လေ့ကျင့်ကွင်းအဖြစ် စီစဉ်ဖောက်လုပ်တည်ဆောက်ထားပြီး ဂေါက်သီးရိုက်တံ ငါးစုံ၊ ဂေါက်ရိုက်တံ အိတ်သယ်ဆောင်သူ ၁၅ ဦးတို့ကို စီစဉ်ထားရှိပေးကာ ဂေါက်သီးတစ်လုံးလျှင် သုံးကျပ်နှင့် ဝန်ဆောင်ခကြေးနှစ်ကျပ်နှုန်းဖြင့် ဈေးနှုန်းသက်သာစွာသတ်မှတ်စီစဉ်ထားပေးရာ ကိုယ်စားလှယ်များ ဂေါက်သီးရိုက် လေ့ကျင့်ကစားကြသည်။

ထို့အတူ ဘိလိယက်ထိုးဝါသနာပါသူ အမျိုးသားကိုယ်စားလှယ်များအတွက် အမျိုးသားအဆောင်ဧည့်ခန်း၌ ခြောက်ပေ၊ ၁၂ ပေရှိ ဘိလိယက်ခုံနှစ်ခုံနှင့် ဘိလိယက်ပစ္စည်းများကိုလည်းကောင်း၊ စားပွဲတင်တင်းနစ်ကစားလိုသူညီလာခံကိုယ်စားလှယ်များအတွက် စားပွဲတင်တင်းနစ်ခုံ နှစ်ခုံနှင့် အားကစားပစ္စည်း အစုံအလင်တို့ကိုလည်းကောင်း စီစဉ်ထားရှိပေးထားရာ ညီလာခံကိုယ်စားလှယ်များ သွက်လက် ပျော်ရွှင်စွာဖြင့် ကစားနေကြသည်။

ထို့အပြင် ကိုယ်ကာယ ကျန်းမာရေး အားကစားလေ့ကျင့်လိုသူ အမျိုးသား၊ အမျိုးသမီးများအတွက် Universal Machine အကြီးတစ်လုံးစီနှင့်အသေးတစ်လုံးစီ၊လမ်းလျှောက်/ပြေး စက်တစ်လုံးစီ၊ စက်ဘီးသဏ္ဌာန်လေ့ကျင့်စက်တစ်လုံးစီ၊ ခြေနင်းစက်တစ်လုံးစီ၊ အလေးမပစ္စည်းစုံနှစ်စုံစီနှင့် လှေလှော်လေ့ကျင့်စက်တစ်လုံးစီအပြင်၊ အမျိုးသမီးများအတွက် အဆီချ စက်တစ်လုံးနှင့် Rolling Machine တစ်လုံးစီတို့ကို မိုးလုံလေလုံအားကစားရုံ၌ စီစဉ်ထားရှိပေးထားရာ ညီလာခံကိုယ်စားလှယ်များ လေ့ကျင့်ကစားလျက်ရှိကြသည်။

အမျိုးသားညီလာခံ ကိုယ်စားလှယ်များ ပျော်ရွှင်ချမ်းမြေ့စွာဖြင့် စိတ်အပန်းဖြေနိုင်ကြရန် မိုးလုံလေလုံအားကစားရုံအတွင်း၌ ညစဉ် ည၇နာရီတွင် ရုပ်ရှင်ထူးချွန်ဆုရ ဇာတ်ကားများနှင့် မော်ကွန်းရုပ်ရှင်၏ မှတ်တမ်းသတင်းကားများကို ပြသလျက်ရှိရာ ညီလာခံကိုယ်စားလှယ်များ အနားယူကြည့်ရှုလျက်ရှိကြသည်။

ယနေ့ညတွင် ဒါရိုက်တာ နောင်ထွန်းလွင်၊ ညီညီထွန်းလွင်တို့ ရိုက်ကူး၍ ရာဇာနေဝင်း၊ လူမင်း၊ သားညီ၊ ထက်ထက်မိုးဦး၊ စိုးမြတ်နန္ဒာ၊ ကြည်လဲ့လဲ့ဦး၊ ခင်စိုးပိုင်နှင့် စိုးမိုးကြည်တို့ ပါဝင်သရုပ်ဆောင်ထားသော "ရွှေမှုန်ကြဲတဲ့မိုးကောင်းကင်" ဇာတ်ကားနှင့် မော်ကွန်းရုပ်ရှင်မှ မှတ်တမ်းသတင်းကားများဖြင့် ဖျော်ဖြေတင်ဆက်သည်။ **(သတင်းစဉ်)**

**အမျိုးသားညီလာခံကျင်းပလျက်ရှိသော ရန်ကုန်တိုင်း မှော်ဘီမြို့နယ်ရှိ ညောင်နှစ်ပင်စခန်းတွင် အမျိုးသား ညီလာခံကိုယ်စားလှယ်များ အားလပ်ချိန်တွင် ကျန်းမာရေးအားကစားလေ့ကျင့်မှုများအဖြစ် ဂေါက်သီးရိုက်လေ့ကျင့်ကစားကြစဉ်။** **(သတင်းစဉ်)**

# ခုနစ်ရက်သတင်းဂျာနယ် အတွဲ(၃)၊ အမှတ်(၉)ဖြန့်ချိ

**ရန်ကုန် မေ ၁၉**

ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်း ထိန်းချုပ်ရေးဥပဒေ မကြာမီ အသက်ဝင်မည်၊ မိုးကြိုမိုးများ ရွာသွန်းကာ မိုးရာသီနှင့် ဆက်စပ်သွားမည်၊ စစ်တကောင်းရှိ ဘင်္ဂလားဒေ့ရှ်နိုင်ငံပိုင် စက်ရုံများ ပုဂ္ဂလိကပိုင်ဖြစ်တော့မည်၊ မြန်မာလုပ်ငန်းရှင်များကို တင်ဒါဖိတ်ခေါ်၊ ရွှေဂုံတိုင် လမ်းဆုံတွင် ရှော့ပင်းမော တစ်ခု ဖွင့်တော့မည် စသည့် ပြည်တွင်းရေးရာ ဝေဝေဆာဆာဖြင့် ထွက်ရှိနေသည်။

ကမ္ဘာ့အသေးဆုံးအင်တာနက်တင်လက်ကိုင်ဖုန်း အင်တီတီဒိုကိုမို ကုမ္ပဏီက တီထွင်၊ အီရတ်သို့ အချုပ်အခြာအာဏာ မလွှဲမီ ဆက်ဒမ်ဟူစိန်အား ဦးစွာလွှဲပြောင်းမည်၊ ရမ်းစ်ဖဲလ်ကို အစားထိုးနိုင်မည့်သူ တစ်ပြုံကြီးဟုဆို၊ အချစ်ဆိုသည်မှာ ထူးဆန်းသော စွမ်းအား အစရှိသည့် နိုင်ငံတကာရေးရာ သတင်းဆောင်းပါးများ၊ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ဖျော်ဖြေရေးနှင့် အားကစားကဏ္ဍ စုံလင်စွာဖြင့် e-Empire°Media°House ဖုန်း– ၇၀၃၈၁၃ က မြန်မာတစ်ပြည်လုံးသို့ ဖြန့်ချိကြောင်းသိရသည်။ **(က–ပ)**

## မုန်တိုင်းသတင်း

ရန်ကုန် မေ ၁၉

**ယနေ့ မြန်မာစံတော်ချိန် ၁၂နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် မြောက်ပိုင်းတွင် ဖြစ်ပေါ်နေသော မုန်တိုင်းသည် မုန်တိုင်းကြီးအဖြစ် အားကောင်းလာကာ စစ်တွေမြို့အနီးမှ ကမ်းခြေကိုဖြတ်ကျော်လျက်ရှိသည်။ မုန်တိုင်း ဖြတ်ကျော်စဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၆၀ မှ ၈၀ ထိ တိုက်ခတ်နိုင်သည်။ ယနေ့မွန်းတည့်မှ နောက် ၁၂နာရီအတွင်း ရခိုင်ပြည်နယ် မြောက်ပိုင်းတွင် မုန်တိုင်း၏ အရှိန်ဆက်လက်သက်ရောက်နိုင်ကြောင်းမိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်သည်။**

## မြန်မာ့ရုပ်မြင်သံကြား

**၂၀-၅-၂၀၀၄ (ကြာသပတေးနေ့)**

**နံနက်ပိုင်း**

- ၇:၀၀ ၁။ ကျေးဇူးရှင် မင်းကွန်းဆရာတော် ဘုရားကြီး နိုင်ငံတော်သံဃမဟာ နာယကအဖွဲ့ အကျိုးတော်ဆောင် ချုပ် အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်
- ၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ သံသာချိုအေး မင်္ဂလာတေး
- ၇:၅၅ ၅။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
- ၈:၁၀ ၆။ အကပဒေသာ
- ၈:၂၀ ၇။ မအီချောင်းတံတား
- ၈:၃၀ ၈။ International News
- ၈:၄၅ ၉။ Let's Go

**ညပိုင်း**

- ၁၆:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
- ၁၆:၃၀ ၃။ English for Everyday Use
- ၁၆:၄၅ ၄။ တေးဂီတအစီအစဉ်
- ၁၇:၀၀ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ ဒုတိယနှစ်(ရူပဗေဒအထူးပြု) (ရူပဗေဒ)
- ၁၇:၁၅ ၆။ ချစ်စရာ့အရွယ် ကကြိုးသွယ်
- ၁၇:၃၀ ၇။ မြန်မာစာ မြန်မာစကား
- ၁၇:၅၀ ၈။ **သတိတစ်ချက်တစ်သက်အမှား** (ကျော်မင်းနောင်၊ကြည်လဲ့လဲ့ဦး၊ ကလျာလှိုင်၊ သကြိန်အောင်) (ဒါရိုက်တာ–စောစန္ဒာလှိုင်)
- ၁၈:၀၀ ၉။ တေးဂီတအစီအစဉ်
- ၁၈:၁၀ ၁၀။ နိုင်ငံအဝန်းသစ်တောစွမ်းဖြင့် စိမ်းလန်းစေရမည်
- ၁၈:၂၀ ၁၁။ ကချင်တို့နေထိုင်ရာ တိုင်းရင်းသားကျေးရွာ
- ၁၈:၃၀ ၁၂။ ညနေခင်းသတင်း
- ၁၉:၀၀ ၁၃။ မိုးလေဝသအခြေအနေ
- ၁၉:၀၅ ၁၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **"မိုးနတ်မယ်"**(အပိုင်း–၂၃)
- ၁၉:၃၀ ၁၅။ တောင်ဇလပ်ပန်းပွင့်လန်းဝေဆာ သွေးချင်းတို့ ချင်းဌာနေမှာ
- ၁၉:၄၅ ၁၆။ ကျေးလက်ဒေသတစ်ခွင်အလှဆင်
- ၂၀:၀၀ ၁၇။ ပြည်တွင်းသတင်း
- ၁၈။ နိုင်ငံတကာသတင်းများ
- ၁၉။ မိုးလေဝသအခြေအနေ
- ၂၀။ **"စည်းလုံးခြင်းရဲ့အရသာ"** (ကိုကိုလင်းမောင်၊ မြတ်ကေသီအောင်) (ဒါရိုက်တာ– အေဝမ်း မောင်လှမျိုး)

## အင်အားအသင့်အတင့်ငလျင်လှုပ်

**ရန်ကုန် မေ ၁၉**

၂၀၀၄ခုနှစ် မေ ၁၉ရက် မြန်မာစံတော်ချိန် ၁၃နာရီ ၃၉မိနစ် ၃၂စက္ကန့် အချိန်တွင်ကမ္ဘာအေး မြေငလျင်စခန်း၏အရှေ့မြောက်ဘက် ၁၅၈၆မိုင်ခန့် ကွာဝေးသော မြန်မာနိုင်ငံ ပြင်ပနေရာကို ဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၅ ဒသမ ၈အဆင့်ရှိ အင်အားအသင့်အတင့်ရှိသော မြေငလျင်တစ်ခု လှုပ်ရှားသွားကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သတင်းထုတ်ပြန်သည်။ **(သတင်းစဉ်)**

## မင်္ဂလာညှော်ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ ပျဉ်းမပင်အိမ်ရာ၊ တိုက်(၃၁)၊ အခန်း(၁၃)နေ
(ဗိုလ်ကြီးဘရွှေ)(တပ်မတော်လေ–ငြိမ်း)–ဒေါ်တင်တင်အောင်
တို့၏သားငယ်

**ဗိုလ်ကြီးသော်တာထွေး B.Sc (D.S.A)**

နှင့်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မြေနီကုန်းပလာဇာ(ဒု)ထပ်နေ
ဗိုလ်မှူးစန်းအောင်(ငြိမ်း)[စက်ရုံမှူး၊ အမှတ် (၉)သကြားစက်(ရုံးဆိပ်)မြန်မာ့ကြံလုပ်ငန်း၊
လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန]–
ဒေါ်သန်းသန်းအေး(စောယုနွယ် ပညာရေးဝန်ဆောင်မှုသင်တန်း)တို့၏
တစ်ဦးတည်းသောသမီး

**မမေသင်းခိုင်**

**First Year (Hons; English) LCCI , Level III**

တို့အား၁၆–၅–၂၀၀၄ ရက်(တနင်္ဂနွေနေ့)တွင် Yuzana Garden Hotel ၌ ကျင်းပသော မင်္ဂလာညှော်ခံပွဲတွင် မင်္ဂလာအောင်စံပယ်ပန်းကုံးချီးမြှင့်ပေးသော သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်နှင့်ဇနီး ဒေါ်စန်းစန်း၊ မင်္ဂလာလက်စွပ်ဆင်မြန်းပေးသော ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးတင်လှိုင်နှင့်ဇနီး ဒေါ်ခင်လှလှ၊ မင်္ဂလာဆွဲကြိုး ဆင်မြန်းပေးသော လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ခင်မောင်နှင့်ဇနီး သီရိသုဓမ္မသိင်္ဂီ ဒေါ်အေးအေးချို၊ မင်္ဂလာလက်ဖွဲ့ပေးပို့ချီးမြှင့်သော ရန်ကုန်စည်ပင်သာယာရေးကော်မတီ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါနှင့်ဇနီး ဒေါ်ခင်ညွန့်မြိုင်အားလည်းကောင်း၊ သတို့သမီးဝတ်စုံနှင့်မိတ်ကပ်ဆံပင်အောင်အောင်နှင့်အဖွဲ့၊ မင်္ဂလာပန်းကြဲပေးသော မဥမ္မာစိုးသီရိ၊ မင်္ဂလာလက်စွပ်ဗန်းကိုင်ဆောင်ပေးသော မသူဇာ၊ သတို့သားအရန်များဖြစ်ကြသော ဗိုလ်ကြီး ဇော်ထက်၊ ဗိုလ်ကြီးပြည့်စုံလင်းနှင့် သတို့သမီးအရန်များဖြစ်ကြသော မသင်းပျံ့အေးနှင့် မသန္တာနွယ်၊ မင်္ဂလာညှော်ခံပွဲ မှတ်တမ်းတင်ဓာတ်ပုံနှင့် ဗီဒီယိုရိုက်ကူးပေးသော ဦးစိုင်းဘုန်းထူးနှင့်အဖွဲ့၊ မင်္ဂလာအခါတော်ပေးသီချင်း သီဆိုပေးသော မစိမ်းမို့မို့၊ တေးသံသာများဖြင့် သီဆိုဖျော်ဖြေပေးသော The Aces တေးဂီတအဖွဲ့သားများ၊ ယုဇနဂါးဒင်းဟိုတယ်မှမန်နေဂျာနှင့်ဝန်ထမ်းများ၊ ဝိုင်းဝန်းကူညီပေးကြသော ဆွေမျိုးမိတ်သင်္ဂဟများ၊ မင်္ဂလာပွဲသို့ကြွရောက်ချီးမြှင့်ကြသော စစ်ဘက်၊နယ်ဘက်မှဂုဏ်သရေရှိလူကြီးမင်းများ၊လူကိုယ်တိုင်မလာရောက်နိုင်သော်လည်း လက်ဖွဲ့ပေးပို့ပေးသော ဆွေမျိုးမိတ်သင်္ဂဟများ၊နှစ်ဖက်သော မိဘဆွေမျိုးများနှင့်မိတ်သင်္ဂဟများအားလုံးကို လှိုက်လှဲစွာကျေးဇူးတင်ရှိပါကြောင်း။

**နှစ်ဖက်သောမိဘများနှင့်**
**ဗိုလ်ကြီးသော်တာထွေး–မမေသင်းခိုင်။**

## လက်ထပ်မင်္ဂလာညှော်ခံပွဲကျေးဇူးတင်လွှာ

မန္တလေးမြို့၊ မိုးသီတာခြံနေ ဦးကျော်ဇော–ဒေါ်သီတာ(မန်းညွန့်စတိုး) တို့၏ တစ်ဦးတည်းသောသား

**ဗိုလ်ကြီးဇော်ထက်**

B.A, (D.S.A), M.A (Geography.) Final Part. (1) နှင့်

မြစ်ကြီးနားမြို့နေ
ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်စံထွန်း–ဒေါ်တင်စိန်တို့၏သမီးဦး

**မခင်အိအိထွန်း** B.Sc (Maths), B.Sc, Sc

တို့၏ ၂–၅–၂၀၀၄ရက် (တနင်္ဂနွေနေ့)မန္တလေးမြို့ Sedona Hotel တွင်ကျင်းပသော စုလျားရစ်ပတ် လက်ထပ်မင်္ဂလာအခမ်းအနားသို့ မေတ္တာဖြင့် မင်္ဂလာလက်ဖွဲ့ပေးပို့ချီးမြှင့်ပေးပါသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီး သူရရွှေမန်းနှင့်ဇနီး ဒေါ်ခင်လေးသက်၊ တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့်ဇနီး ဒေါ်စန်းစန်းရီ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်စိုးသိန်းနှင့်ဇနီး၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်နှင့် ဇနီး ဒေါ်တင်တင်ညွန့်၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်းနှင့်ဇနီး ဒေါက်တာဒေါ်ခင်စန်းနွယ်တို့အားလည်းကောင်း၊ စုလျားရစ်ပတ်ထိမ်းမြားလက်ထပ်ပေး၍ မင်္ဂလာအောင်စံပယ်ပန်းကုံးချီးမြှင့်ပေးပါသော တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်နှင့်ဇနီး ဒေါ်မြတ်ငွေ၊ မင်္ဂလာလက်စွပ်ချီးမြှင့်ပေးသော မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်ရန်သိမ်းနှင့်ဇနီး ဒေါ်ယဉ်ယဉ်ရွှေ၊ မင်္ဂလာဆွဲကြိုး ချီးမြှင့်ပေးပါသော ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်နေဝင်းနှင့်ဇနီး ဒေါ်နန်းအေးမြ၊ ကြွရောက်ချီးမြှင့်ပေးပါသော ဗိုလ်မှူးချုပ် မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ၊ ဗိုလ်မှူးချုပ်ဝင်းမြင့်နှင့်ဇနီး ဒေါ်တင်မမထွန်း၊ အောင်စံပယ်ပန်းကုံးများ ချီးမြှင့်ပေးပါသော အထက်မြန်မာပြည်အဆင့်မြင့်ပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသိန်းမြင့်နှင့်ဇနီး၊ လွယ်ဟိန်းကုမ္ပဏီလီမိတက် ဒါရိုက်တာအဖွဲ့ဝင် ဦးမြဝင်းနှင့်ဇနီးတို့အားလည်းကောင်း၊ ၃၀–၄–၂၀၀၄ ရက်(သောကြာနေ့)တွင် မင်္ဂလာမော်ကွန်းတင်လက်မှတ် ရေးထိုးပေးသော တရားရုံးချုပ်တရားသူကြီး(မန္တလေး) ဦးမြင့်အောင်နှင့်ဇနီး၊ စစ်ဘက်နယ်ဘက်မှအကြီးအကဲများ၊ အရာရှိ ကြီးများနှင့်ဇနီးများ၊ ဂုဏ်သရေရှိလူကြီးမင်းများနှင့် နှစ်ဖက်သောဆွေမျိုးမိတ်သင်္ဂဟများ၊ မင်္ဂလာဘိသိက်ချီးမြှင့်ပေးပါသော (မန္တလေးတက္ကသိုလ်–မြန်မာစာဌာန) ပါမောက္ခဦးမောင်မောင်လေး၊ မင်္ဂလာအခါတော်ပေးသီဆိုပေးသော စောင်းမှူမူသိန်းနှင့်အဖွဲ့၊ မေတ္တာနှင့် ပန်းအလှပြင်ဆင်ပေးသော မစောယုနွယ်နှင့်အဖွဲ့၊ မင်္ဂလာပန်းကြဲပေးသော ကြော်ငြာသရုပ်ဆောင် ညီမလေးစုမေ၊ ဓာတ်ပုံနှင့် ဗီဒီယိုရိုက်ကူးပေးသော မောင်မောင်လှတင့်နှင့်အဖွဲ့သားများ၊ မင်္ဂလာဝတ်စုံ၊ မိတ်ကပ်နှင့်ဆံပင်အလှပြုပြင်ပေးသော မိုးကုတ်ပေါက်ပေါက်နှင့်အဖွဲ့၊ ကိုယ်တိုင်မကြွရောက်နိုင်သော်လည်း မေတ္တာဖြင့် မင်္ဂလာလက်ဖွဲ့ပေးပို့ကြသော ရပ်ဝေးမှအရာရှိကြီးများနှင့်ဆွေမျိုးမိတ်သင်္ဂဟများ၊ မင်္ဂလာပွဲဖြစ်မြောက်ရေးအတွက် ဝိုင်းဝန်းကူညီပေးကြသူများနှင့် ကျေးဇူးတင်ထိုက်သူများအားလုံးကို လှိုက်လှဲစွာကျေးဇူးဥပကာရတင်ရှိပါကြောင်း။

**နှစ်ဖက်သောမိဘများနှင့်**
**ဗိုလ်ကြီးဇော်ထက်–မခင်အိအိထွန်း။**

## မင်္ဂလာညှော်ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရွှေတောင်ကြား(၁)ရပ်ကွက်၊ သံလွင်လမ်း၊
အမှတ် (၉၁) L2(A) နေ ဗိုလ်မှူးအေးမောင်(ငြိမ်း)၊ [ညွှန်ကြားရေးမှူး(စီမံ)ငြိမ်း၊ ဆည်မြောင်းဦးစီးဌာန]–
ဒေါ်ရင်ငွေတို့၏ သားထွေး

**မောင်သိန်းထိုက်အေး** B.A (Myanmar)
(Director, Opulence Group Trading Co., Ltd.)

နှင့်

ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ ဦးဝိစာရရိပ်သာ၊ တိုက်(၂၂)၊ အခန်း(၁)နေ
ဦးထွန်းရီ–ဒေါ်သန်းနုတို့၏သမီးထွေး

**မဥမ္မာမော်** B.Sc (Physics)
(Marketing Manager, Marinetransport Services Co., Ltd.)

တို့အား မိဘဝတ္တရားရှိသည်နှင့်အညီ ထိမ်းမြားမင်္ဂလာဆောင်နှင်းပြီး ၁၈–၅–၂၀၀၄ရက် (အင်္ဂါနေ့) နံနက် ၉နာရီမှ ၁၁နာရီအထိ တာမွေမြို့နယ် နတ်ချောင်းရပ်ကွက် ဓမ္မဒါနလမ်းရှိ မဟာသန္တိသုခ ဗုဒ္ဓသာသနာပြုကျောင်းတော်ကြီး၌ ကျင်းပပြုလုပ်ခဲ့သည့် မင်္ဂလာဦးဆွမ်းကျွေးညှော်ခံပွဲသို့ ကြွရောက်ချီးမြှင့်ပေးခဲ့ကြသည့် နှစ်ဖက်သောမိဘအသိုင်းအဝိုင်းများနှင့် ဆွေမျိုးမိတ်သင်္ဂဟများအား ကျေးဇူးတင်ရှိပါကြောင်း။

**နှစ်ဖက်သောမိဘများနှင့်မောင်သိန်းထိုက်အေး–မဥမ္မာမော်။**


**TODAY ENGINEERING SERVICE & TRAINING**

Air-con, Refrigerator, Freezer, Chiller, Cold-store, Ice plant & Wash-Machine ... Repairing, Installation, Servicing & Maintenance Service ...

Air Con & Refrigeration Skill Course ... + Theory & Practical ...

Hand Tools ...

No. 58, G/F, 7th St, Lanmadaw Tsp, Yangon. 22-5-04 ...

Just Call 220152



FAME **Hepa-B**®



**လှမ်းမိုးသူ**

**အထူးလျှော့ဈေးဖြင့်**

**အိတ်စတိုး မှ**

**မလင်းဘက်အိတ်များ၊ ဘေးလွယ်အိတ်များနှင့်**

**"ကျောင်း" ကျောပိုးအိတ်များကို**

Shop (1)No. G1-2 ...
Shop (2)No.A 11-12 ...
Shop (3)No. SP 6,8 ...

# ပုသိမ်တက္ကသိုလ်ဇီဝနည်းပညာဖွံ့ဖြိုးရေးဌာနဖွင့်ပွဲနှင့်အဆောက်အအုံလွှဲအပ်ပွဲအခမ်းအနား ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းတက်ရောက်ပြီး ဆိုင်းဘုတ်ကိုစက်ခလုတ်နှိပ်ဖွင့်လှစ်ပေး

ရန်ကုန် မေ ၁၉

**ဧရာဝတီတိုင်း ပုသိမ်မြို့တွင်ရောက်ရှိနေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်နှင့်အဖွဲ့ဝင်များလိုက်ပါလျက် မေ၁၅ရက်နံနက်က ကျင်းပသည့် မြင်းကဆိပ်(ပမ္မဝတီမြစ်ကူး)တံတားပန္နက်တော်တင် မင်္ဂလာအခမ်းအနားသို့တက်ရောက် ပြီးနောက် မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာလာကြပြီး ပုသိမ်မြို့ရှိ အနောက်တောင်တိုင်းစစ်ဌာနချုပ်၊ မျိုးကြက်ခြံနှင့် ကြက်သားပေါက်လုပ်ငန်း ဖြန့်ဖြူးရောင်းချရေးစခန်းသို့ရောက်ရှိကြရာ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် အဖွဲ့ဝင်များအား ရှင်းလင်းဆောင်တွင်လုပ်ငန်းတာဝန်ခံ ဒုတိယဗိုလ်မှူးကြီး တင်မျိုးတင့်က လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်နိုင်မှု၊ မွေးမြူထားရှိသည့် ကြက်အမျိုးအစားနှင့် အရေအတွက်၊ ကြက်ဥဖောက်စက် လုပ်ငန်းလည်ပတ်မှု၊ ဖြန့်ဖြူးရောင်းချမှုနှင့်ရောင်းချသည့် ဈေးနှုန်းများကို ရှင်းလင်းတင်ပြသည်။**

တင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက လိုအပ်သည်များကို မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးပြီး ကြက်ခြံနှင့် ကြက်သားဖောက်လုပ်ငန်းတို့ကို ကြည့်ရှုစစ်ဆေးသည်။

**တက်ရောက်**

ထိုမှ တစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် ပုသိမ်တက္ကသိုလ်သို့ရောက်ရှိပြီး ဇီဝနည်းပညာဖွံ့ဖြိုးရေးဌာနဖွင့်ပွဲနှင့်အဆောက်အအုံ လွှဲအပ်ပွဲအခမ်းအနားသို့ တက်ရောက်ကြသည်။

**ကျင်းပ**

အဆိုပါ ပုသိမ်တက္ကသိုလ်ဇီဝနည်းပညာဖွံ့ဖြိုးရေးဌာန ဖွင့်ပွဲနှင့်အဆောက်အအုံလွှဲအပ်ပွဲအခမ်းအနား ပထမအစီအစဉ်ကို ပုသိမ်တက္ကသိုလ် မြကန်သာခန်းမ၌ ကျင်းပသည်။

**ရှင်းလင်းတင်ပြ**

ရှေးဦးစွာ ပုသိမ်တက္ကသိုလ်ပါမောက္ခချုပ် ဦးချို့က ပုသိမ်တက္ကသိုလ်တွင် ဇီဝနည်းပညာဖွံ့ဖြိုးရေးဌာန ဖွင့်ပွဲနှင့် အဆောက်အအုံလွှဲအပ်ပွဲကျင်းပရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

**လက်ခံရယူ**

ယင်းနောက် အဆောက်အအုံအလှူရှင် ဧရာရွှေဝါကုမ္ပဏီဥက္ကဋ္ဌ ဦးတေဇက အဆောက်အအုံမှတ်တမ်းကို ပညာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်ရာ အဆင့်မြင့်ပညာဦးစီးဌာန(အောက်မြန်မာပြည်)ညွှန်ကြားရေးမှူးချုပ် ဦးစောလွင်က လက်ခံရယူသည်။

ဆက်လက်၍ ဂျပန်နိုင်ငံ အမျိုးသားနည်းပညာ အကဲဖြတ်တက္ကသိုလ် (National Institute of Technology and Flaluation) ညွှန်ကြားရေးမှူး Dr. Katsuhiko-ANDO က ဂုဏ်ပြုအမှာစကားပြောကြားပြီး အမှတ်တရလက်ဆောင်ပေးအပ်ရာ ပုသိမ်တက္ကသိုလ်ပါမောက္ခချုပ် ဦးချို့ကလက်ခံရယူသည်။ ထို့နောက် ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်) ညွှန်ကြားရေးမှူးချုပ်ဦးစောလွင်က ပုသိမ်တက္ကသိုလ် ဇီဝနည်းပညာဌာနနှင့် အဆောက်အအုံ ကူညီပံ့ပိုးပေးကြသူများအား ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး အခမ်းအနား ပထမပိုင်းအစီအစဉ်ကို ရုပ်သိမ်းလိုက်သည်။

**စက်ခလုတ်နှိပ်ဖွင့်လှစ်**

ဆက်လက်၍ အခမ်းအနား ဒုတိယပိုင်းအစီအစဉ်များကို ဆက်လက်ကျင်းပရာ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက ဇီဝနည်းပညာဖွံ့ဖြိုးရေးဌာန ဆိုင်းဘုတ်ကိုစက်ခလုတ်နှိပ်၍ဖွင့်လှစ်ပေးသည်။ **(အပေါ်ပုံ)** ယင်းနောက် ဇီဝနည်းပညာဖွံ့ဖြိုးရေးဌာန အဆောက်အအုံကို တိုင်းမှူးဗိုလ်ချုပ်စိုးနိုင်၊ အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်) ညွှန်ကြားရေးမှူးချုပ် ဦးစောလွင်နှင့် ပုသိမ်တက္ကသိုလ်ပါမောက္ခချုပ်ဦးချို့တို့က ဖဲကြိုးဖြတ်၍ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက ဇီဝနည်းပညာဖွံ့ဖြိုးရေးဌာနဖွင့်ပွဲနှင့် အဆောက်အအုံ ပေးအပ်ပွဲအထိမ်းအမှတ်အဖြစ် ကံ့ကော်ပင်ကို စိုက်ပျိုးပေးသည်။

**လှည့်လည်ကြည့်ရှု**

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ တိုင်းမှူးဗိုလ်ချုပ်စိုးနိုင်နှင့်အဖွဲ့ဝင်များသည် ဖွင့်လှစ်ပြီး ဇီဝနည်းပညာဖွံ့ဖြိုးရေးဌာနအဆောက်အအုံအတွင်း လှည့်လည်ကြည့်ရှုကြသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့်အဖွဲ့ဝင်များသည် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက အကောင်အထည်ဖော် ဆောင်ရွက်နေသည့် ပုသိမ်တံတားတည်ဆောက်ရေး စီမံကိန်းလုပ်ငန်းခွင်သို့ ရောက်ရှိကြရာ ရှင်းလင်းဆောင်၌ ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်းမှ ဒုတိယအင်ဂျင်နီယာမှူးဦးခင်မောင်ဝင်းကလုပ်ငန်းဆောင်ရွက်ပြီးစီးမှုများကိုလည်းကောင်း၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးဝင်းတင်က ရေလမ်းထိန်းသိမ်းရေးနှင့် မြစ်ရေတိုက်စားမှုကာကွယ်ရေးအတွက် ကျောက်စီတမံဆောင်ရွက်နေမှုများကို လည်းကောင်း ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက လိုအပ်သည်များကို မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့်အဖွဲ့ဝင်များသည် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း လမ်းအထူးအဖွဲ့(၂)က ဆောင်ရွက် နေသည့် ကမ်းနီနှင့်ချောင်းသာလမ်း ဆက်စပ်သည့် လမ်းသစ်ဖောက်လုပ်နေမှုကို မော်တော်ယာဉ်များဖြင့် ကြည့်ရှုစစ်ဆေးပြီး ကျောက်ချောင်းကြီး တံတားတည်ဆောက်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိကြသည်။

အင်ဂျင်နီယာမှူး ဦးကျော်ရှိန်းက တံတားတည်ဆောက်နေမှုလုပ်ငန်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက စံချိန်စံညွှန်းနှင့်အညီ တည်ဆောက်ရေး၊ သတ်မှတ်ကာလအတွင်းပြီးစီးအောင် ဆောင်ရွက်ရေး မှာကြားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း၊ တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်နှင့် အဖွဲ့ဝင်များသည် ကမ်းနီကျေးရွာ စူဠာမဏိစေတီနှင့် အသစ်တည်ထားကိုးကွယ်မည့် လောကနန္ဒာ အောင်တော်မူစေတီတော်တို့ကို ဖူးမြော်ကြည်ညိုကြသည်။

**(သတင်းစဉ်)**

# နည်းပညာဆွေးနွေးပွဲကျင်းပ

**ရန်ကုန် မေ ၁၉**

Kris-Lite (Myanmar) Ltd.က ကြီးမှူးကျင်းပသော Lighting နှင့် ပတ်သက်၍ အသုံးဝင်မှု၊ Security Systemဖြင့် ထိရောက်စွာ အသုံးချမှု၊ လမ်းသွားလမ်းလာနှင့် ယာဉ်များ သွားလာမှုအန္တရာယ်ကင်းရှင်းအောင် လမ်းတည်ဆောက်မှုနည်းပညာဖြစ်သည့် Road Safety Equipment နည်းပညာများနှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေးပွဲကို မေ ၇ ရက် မွန်းလွဲ ၂နာရီက ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ Sedona Hotel တွင် ကျင်းပရာ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ မြန်မာ့ဆောက်လုပ်ရေးလုပ်ငန်း၊ မြန်မာနိုင်ငံ ဆောက်လုပ်ရေးလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း၊ မြန်မာနိုင်ငံ ဗိသုကာများအသင်း၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီနှင့် အထူး ဖိတ်ကြားထားသူများ၊ Kris-Lite မှ GMD Mr. Jimmy Teo၊ MD Mr. Sims Teo နှင့် Project Manager ဦးကျော်မိုးနိုင်တို့ တက်ရောက်ကြသည်။

အခမ်းအနားတွင် MD Mr. Sims Teo **(အောက်ပုံ)**က နှုတ်ခွန်းဆက်အမှာ စကား ပြောကြားသည်။

ထို့နောက် Mr. Alvin Chan, Mr. Andy Yew, Mr. Martin Klaasenတို့က နည်းပညာပိုင်းဆိုင်ရာများကို ရှင်းလင်း ပြောကြားကြပြီး တက်ရောက်လာသူများ၏ သိလိုမှုများကို ဆွေးနွေးရှင်းလင်းပြောကြားကြကြောင်း သိရသည်။

**(က-ပ)**

**မေ ၁၆ရက်က ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ အလုံမြို့နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းက ဖွင့်လှစ်ခဲ့သည့် ၂၀၀၃-၂၀၀၄ ပညာသင်နှစ် စေတနာညကျောင်းတွင် သင်ကြားပြသပေးခဲ့သည့် ဆရာ ဆရာမများအား ဂုဏ်ပြုပွဲ အခမ်းအနားတွင် ဂုဏ်ပြု လက်ဆောင်နှင့် ဂုဏ်ပြု မှတ်တမ်းပေးအပ်စဉ်။**

**(က-ပ)**

# ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါ ဆိပ်ကြီးခနောင်တိုမြို့နယ်ဒေသဖွံ့ဖြိုးရေးစစ်ဆေး

ရန်ကုန် မေ ၁၉

**ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဒုတိယဥက္ကဋ္ဌ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါသည် အင်ဂျင်နီယာဌာန(ရေသန့်) ဌာနမှူး ဦးသောင်းရင်၊အင်ဂျင်နီယာဌာန(လမ်း/တံတား)ဒုတိယဌာနမှူး ဦးမြသက်နှင့် တာဝန်ရှိသူများ လိုက်ပါလျက် မေ ၁၆ရက် မွန်းလွဲပိုင်းက ရန်ကုန်တောင်ပိုင်းခရိုင် ဆိပ်ကြီးခနောင်တိုမြို့နယ်သို့ရောက်ရှိကာ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။**

ယင်းနောက် ဒုတိယမြို့တော်ဝန်နှင့် တာဝန်ရှိသူများသည် မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးဆောင်ရွက်လျက်ရှိသည့် အလျား ပေ ၁၄၀၀၊ အနံပေ ၆၀၀၊ ကန်ပေါင်အောက်ခြေ ပေ ၃၀၊ အပေါ်မျက်နှာပြင် အကျယ်၁၀ပေ၊ အမြင့်၁၂ပေ၊ ရေဂါလန်၄၆၇သိန်းဆံ့ မင်္ဂလာ သောက်သုံးရေကန်ကြီး စက်အား လူအားဖြင့် တူးဖော်နေမှုကို လည်းကောင်း၊ ဗဟိုလမ်းမကြီး တစ်လျှောက်ရှိဆိပ်ကြီးအရှေ့၊အနောက်၊ ခနောင်တိုအရှေ့၊ အနောက်ရပ်ကွက်များ အတွင်းရှိ ရေဝေ ပိုက်ဆုံ ၁၂ ပိုက်ဆုံကို လည်းကောင်း၊ စက်တပ် သမ္ဗာန်များဖြင့် သောက်သုံးရေများ ပေးဝေနေသည့် ဆမားဒူးဝါး၊ သခင်ဘသောင်း၊ ဦးထွန်းအုံး၊ ချောင်းဝိုင်း လေးရပ်ကွက်များအတွင်းရှိ ရေဝေပိုက်ဆုံ ၁၀နေရာကို လည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် မင်္ဂလာ သောက်သုံးရေကန်ကြီး အချိန်မီ အောင်မြင်စွာ ပြီးစီးရေးအတွက် ကန်တူးဖော်ရေး ကြီးကြပ်မှုနှင့်ထိန်းသိမ်းရေးကော်မတီ တစ်ရပ် ဖွဲ့စည်းပြီး ရေကန်ကြီး တူးဖော်ရေးအတွက် အလှူရှင်များ ကိုယ်စား ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန(ရေသန့်)ဌာနမှူး ဦးသောင်းရင်က အလှူငွေကျပ်ခုနစ်သိန်းကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌထံသို့ လွှဲအပ်ပေးကြောင်းသတင်းရရှိသည်။

**(သတင်းစဉ်)**

## ခံကင်း-ကလော့သော့ တိုင်းချင်းဆက်ကျေးလက်ကျောက်ချောလမ်း တိုင်းမှူးဗိုလ်ချုပ်စိုးနိုင် တက်ရောက်ဖွင့်လှစ်ပေး

ခနုဖြူ မေ ၁၀

**ခနုဖြူမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ နိုင်ငံတော်ထောက်ပံ့ငွေဖြင့် ၂၀၀၁-၂၀၀၂ ဘဏ္ဍာရေးနှစ်မှစတင်၍ ၂၀၀၃-၂၀၀၄ဘဏ္ဍာရေးနှစ်ထိ ဆောင်ရွက်ပြီးစီးခဲ့သော ဧရာဝတီတိုင်း ခနုဖြူမြို့နယ်ခံကင်းကျေးရွာနှင့် ရန်ကုန်တိုင်း တိုက်ကြီးမြို့နယ် ကလော့သော့ကျေးရွာသို့ ဆက်သွယ်သော တိုင်းချင်းဆက် ကျေးလက်ကျောက်ချောလမ်းသစ်ဖွင့်ပွဲကို မေလ ၇ရက်နံနက်က ခံကင်း ကလော့သော့ကျေးရွာလမ်းသစ်ဖွင့်ပွဲ မုခ်ဦး၌ကျင်းပရာဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်စိုးနိုင်နှင့် စည်ပင်သာယာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးမျိုးမြင့်တို့က တက်ရောက်ဖွင့်လှစ်ပေးကြသည်။** (ဝဲပုံ)

**ဖဲကြိုးဖြတ်**

အခမ်းအနားတွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးခင်မောင်မြင့်က ခံကင်း-ကလော့သော့ကျောက်ချောလမ်းဖြစ်ပေါ်လာမှု အခြေအနေကို ရှင်းလင်းတင်ပြပြီး မင်္ဂလာအချိန် ကျရောက်သည်နှင့် ခံကင်း-ကလော့သော့ကျောက်ချောလမ်းသစ်ကို ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူးဗိုလ်ချုပ်စိုးနိုင်နှင့် စည်ပင်သာယာရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးမျိုးမြင့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

အဆိုပါကျောက်ချောလမ်းသစ်သည် အရှည် ၇မိုင် ၁၁သမ၅ဖာလုံ၊ အကျယ် ၁၂ပေရှိပြီး နိုင်ငံတော်ထောက်ပံ့ငွေ ကျပ် ၆၅၆သိန်း ကုန်ကျခဲ့ကြောင်း သိရသည်။ **(ဝ၈၅)**

## ကျန်းမာရေးဆိုင်ရာ ရှင်းလင်းပွဲညောင်ဦး၌ကျင်းပ

**ညောင်ဦး မေ ၁**

ညောင်ဦးခရိုင် ခုခံအားကျဆင်းမှု ကူးစက်ရောဂါကာကွယ် တားဆီးရေးနှင့် တိုက်ဖျက်ရေးအဖွဲ့၏ အိပ်ချ်အိုင်ဗွီပိုးရှိသော ကိုယ်ဝန်ဆောင်မိခင်မှ သန္ဓေသားသို့ ကူးစက်မှု ကာကွယ်ရေးစီမံချက် အသိပေးရှင်းလင်းပွဲ အခမ်းအနားကို ဧပြီ ၂၆ရက်က မြို့နယ် အနော်ရထာခန်းမ၌ကျင်းပရာ ခရိုင် ဥက္ကဋ္ဌဒုတိယဗိုလ်မှူးကြီး တေဇ၊ အတွင်းရေးမှူး၊ ဗိုလ်မှူးတင်အောင်နှင့်အဖွဲ့ဝင်များ၊ ခရိုင်/မြို့နယ်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ အထူးကုဆရာဝန်ကြီးများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ခရိုင်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာမျိုးဆွေက အမှာစကားပြောကြားပြီး ခုခံကျ/ကာလသားရောဂါတိုက်ဖျက်ရေးအဖွဲ့ခေါင်းဆောင် ဒေါက်တာနွယ်နီက စီမံချက်လုပ်ငန်းများအကြောင်းကို ရှင်းလင်းတင်ပြသည်။ **(ခရိုင်/ပြန်ဆက်)**

## အမြို့မြို့ အနယ်နယ် သတင်းများ

## မီးသတ်တပ်ဖွဲ့နေ့ ဆုချီးမြှင့်ခြင်းနှင့် ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ပွဲကျင်းပ

**မော်လမြိုင် မေ ၁၀**

(၅၈)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့နှင့် တပ်ဖွဲ့ဝင်များအား ဂုဏ်ပြုဆုချီးမြှင့်ခြင်း အခမ်းအနားကို မေ ၅ရက်က မော်လမြိုင်မြို့ မီးသတ်ဦးစီးဌာနစခန်းတွင် ကျင်းပရာ မွန်ပြည်နယ် မီးဘေးတားဆီးရေးနှင့် ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ အရှေ့တောင်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်မျိုးလှ တက်ရောက် အမှာစကားပြောကြားသည်။ **(ဝဲပုံ)**

ဆက်လက်၍ ဆုချီးမြှင့်ခြင်းအခမ်းအနားကိုကျင်းပရာ မွန်ပြည်နယ် မီးဘေးတားဆီးရေးနှင့် ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်မျိုးလှက ဘက်စုံမီးသတ်စခန်း သာယာလှပရေးဆုရရှိသော မြို့နယ်အသီးသီးအား ဆုများ ပေးအပ်ကြသည်။

ထို့နောက် မီးသတ်တပ်ဖွဲ့စခန်းရှေ့တွင်မီးသတ်တပ်ဖွဲ့ဝင်များကမီးဘေးကာကွယ်မှု စွမ်းရည် သရုပ်ပြလေ့ကျင့်မှုများကို အဆင့်ဆင့် ပြသရာ ဒုတိယတိုင်းမှူးနှင့် တာဝန်ရှိသူများ ကြည့်ရှုအားပေးကြသည်။ **(၁၆၈)**

## ပေးအပ်ချီးမြှင့်

**သံတွဲခရိုင်ဥက္ကဋ္ဌဒိုင်း မြို့နယ်ပေါင်းစုံဘော်လီဘောပြိုင်ပွဲဆုပေးပွဲ အခမ်းအနားကို ဧပြီ ၂၉ရက်က သံတွဲမြို့အားကစားကွင်း၌ ကျင်းပရာ ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးလှတင့်က ပထမဆုရ သံတွဲမြို့နယ်အသင်းအား ဒိုင်းဆု ပေးအပ်ချီးမြှင့်စဉ်။** (က-ပ)

## ဖွင့်လှစ်ပေး

**မေ ၁ ရက်က ဌမြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်ဝင်းနှင့်အမှုဆောင်အရာရှိ ဦးတင်မောင်တို့က ရွှေဦးကွင်း-မဒေါ့ကြော ကျောက်ချောလမ်းကို ဖွင့်လှစ်ပေးကြစဉ်။** (မြို့နယ်စည်ပင်)

## (၃၃)ကြိမ်မြောက် သွေးလှူဒါန်း

**ရန်ကုန် မေ ၁၉**

ရခိုင်ပြည်နယ် စစ်တွေမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဒုတိယလူဝင်မှုကြီးကြပ်ရေးမှူး ဒေါ်မင်းမင်းသိန်း (မျက်ကြည်လွှာအလှူရှင်)သည် စစ်တွေမြို့နယ် ပြည်နယ်ပြည်သူ့ဆေးရုံကြီး သွေးလှူဘဏ်၌ ဧပြီ ၂၄ရက်က (၃၃) ကြိမ်မြောက် သွေးလှူဒါန်းခဲ့ကြောင်း သိရသည်။ **(က-ပ)**

## ကညွတ်ကွင်းအလယ်တန်းကျောင်း သစ်ဆိမ့်ပင်စုပေါင်းစိုက်ပျိုး

**ကညွတ်ကွင်း မေ ၁၇**

ဖြူးမြို့နယ် ကညွတ်ကွင်း၌ ကမ္ဘာ့ကြက်ခြေနီနေ့အထိမ်းအမှတ် အဖြစ် အခြေခံပညာ အလယ်တန်းကျောင်းသစ်တွင် သစ်ဆိမ့်ပင်ပေါင်း ၁၀၀ကို စုပေါင်း စိုက်ပျိုးကြသည်။

အဆိုပါ အခမ်းအနားတွင် ကညွတ်ကွင်း ကွင်းနောက် ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်မြင့်နှင့်အဖွဲ့ဝင်များ၊ လူမှုရေး အသင်းအဖွဲ့များ၊ ဆရာဆရာမများ၊ ကြက်ခြေနီသူနာပြုတပ်ဖွဲ့ဝင် ၁၀၀ ဖြင့် စုပေါင်းစိုက်ပျိုးကြကြောင်း သိရသည်။ **(အောက်ပုံ)** **(က-ပ)**

**လက်ပံတန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ကျေးလက်ရေပေးရေးအတွက် ရေငံအုပ်စု ကညင်ပင်စမ်းကျေးရွာတွင် နှစ်လက်မ ပေ ၂၅၀ အနက် စက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်းကို လက်ပံတန်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးနေမန်းနှင့် တာဝန်ခံ အင်ဂျင်နီယာ ဦးအောင်မိုးသွင်တို့က ကွင်းဆင်းကြီးကြပ်ဆောင်ရွက်ကြစဉ်။**

**(မြို့နယ် ပြန်/ဆက်)**

## မိုးစပါး၊ နွေစပါးစိုက်ပျိုးရေး စီမံကိန်းတာဝန်ပေးအပ်

**မော်လမြိုင်ကျွန်း မေ ၁၀**

၂၀၀၄-၂၀၀၅ခုနှစ်မော်လမြိုင်ကျွန်းမြို့နယ် မိုးစပါး၊နွေစပါးစိုက်ပျိုးထုတ်လုပ်ရေးစီမံကိန်း တာဝန်ပေးအပ်ပွဲကို မေ ၈ရက် နံနက် ၁၀နာရီက မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမ၌ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌဦးဝင်းမြင့်က အမှာစကားပြောကြားပြီး မြို့နယ်မြန်မာ့စိုက်ပျိုးရေး လုပ်ငန်း မန်နေဂျာ ဦးစသန်းမောင်က ၂၀၀၄-၂၀၀၅စိုက်ပျိုးရာသီတွင် မြို့နယ်အတွင်း မိုးစပါး ၁၉၆၆၁၅ ဧကနှင့် နွေစပါး ၁၅၃၆၁၅ ဧကစိုက်ပျိုး ထုတ်လုပ်မည့် လုပ်ငန်းများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် မြို့နယ်ဥက္ကဋ္ဌ ဦးဝင်းမြင့်က နယ်မြေငါးခုမှ ကျေးရွာအုပ်စုဥက္ကဋ္ဌများအား ကျေးရွာအုပ်စုအလိုက် စိုက်ပျိုးထုတ်လုပ်မည့် စီမံကိန်းတာဝန်များကို တာဝန်ပေးအပ်သည်။

**(အပေါ်ပုံ) (ဝ၉၇)**

## EXCELLENT
### ELECTRICAL ENGINEERING GROUP

* ရေခဲသေတ္တာ၊ လေအေးစက်၊ အအေးခန်းစနစ်များအတွက် ကျွမ်းကျင်သူအဖြစ်သင်တန်း
* ၂၁–၅–၂၀၀၄ ဖွင့်မည်၊ ကြိုတင်စာရင်းသွင်းပါ။

**အမှတ် ၆၅၊ ရေကျော်လမ်းမကြီး၊ ပုဇွန်တောင်၊ ဖုန်း–၂၀၂၂၀၈**



## PANDA

ELECTRONIC SERVICE CENTRE

+ TV.VCD.DVD.MONITOR. FAX MACHINE
+ COMPUTER POWER SUPPLIES
+ WASHING MACHINE
+ UPS . TRANSFORMER
+ AIRCON . REFRIGERATOR



**၂၀၀၄ ခုနှစ် အိုလံပစ်နေ့အထိမ်းအမှတ် မြန်မာနိုင်ငံပိုက်ကျော်ခြင်းအဖွဲ့ချုပ်မှကြီးမှူးကျင်းပသော**

## ILBC Cup အမျိုးသားအလွတ်တန်းပိုက်ကျော်ခြင်း (REGU) ပြိုင်ပွဲ ရန်ကုန်မြို့

**၂၇–၆–၂၀၀၄ မှ ၃၀–၆–၂၀၀၄ တစ်သင်းလျှင် ပြိုင်ပွဲဝင်ကြေး ၁၀၀၀ိ/–**

**"လက်ရှိစခန်းဝင်လေ့ကျင့်နေသောလက်ရွေးစင်များ ပါဝင်ခွင့်မရှိ"**

**ဆုကြေးငွေ–** ပထမဆု ၂၀၀,၀၀ိ/– ဒုတိယဆု ၁၅၀,၀၀ိ/–
တတိယဆု ၁၀၀,၀၀ိ/– စတုတ္ထဆု ၅၀,၀၀ိ/–

**ဆက်သွယ်ရန်–** မြန်မာနိုင်ငံပိုက်ကျော်ခြင်းအဖွဲ့ချုပ် ဖုန်း–(၅၇၇၄၆၁)
ILBC အားကစားကွင်း၊ သုမင်္ဂလာအိမ်ရာ ဖုန်း–(၅၇၈၁၇၁)

ခြင်းတစ်လုံးလျှင် (ကျား/မ) ၃၀၀ိ/–
မာရသွန်ခြင်းလုံးပိုက်တစ်ခုလျှင် ၁၀၀၀ိ/–

**အထူးသက်သာသောဈေးနှုန်းဖြင့် မြန်မာနိုင်ငံပိုက်ကျော်ခြင်းအဖွဲ့ချုပ်တွင် ဝယ်ယူနိုင်သည်။**


## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံးကိုဒ်ဥပဒေအမိန့်–၅၊ နည်းဥပဒေ–၂၀)**

**မန္တလေးခရိုင်တရားရုံး**

**၂၀၀၄ ခုနှစ်၊ တရားမကြီးမှုအမှတ်–၂၈**

ဦးသိန်းမောင် **နှင့်**
၁။ ဦးဆန်းဝင်း ၈။ ဒေါ်လီ
၂။ မကြည်ကြည်မြင့် ၉။ မဘောဘီ
၃။ မပုတူး ၁၀။ မောင်ကိုကို
၄။ မွန်နား ၁၁။ မမော်လီ
၅။ ချိုတူး
၆။ မနီ
၇။ ကိုပါပူ

**တရားလို** **တရားပြိုင်**

တရားပြိုင် မကြည်ကြည်မြင့်၊ မပုတူး၊ မွန်နား၊ ချိုတူး၊ ကိုပါပူ၊ ဒေါ်လီ၊ မဘောဘီ၊ မောင်ကိုကို၊ မမော်လီ၊ (၇၆) လမ်း၊ ၃၆ X ၃၇ လမ်းကြား၊ အနောက်ဗလီပေါက်၊ ဗလီတိုက် တန်း၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့ (ယခုနေရပ်လိပ်စာမသိ) သူတို့သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးသိန်းမောင်က မှတ်ပုံတင်အပေးစာချုပ်၊ အမှတ် (၉၈/၉၆)အား ပယ်ဖျက်၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အား ချုပ်ဆိုစေပြီး အချင်းဖြစ်မြေအစိတ်အပိုင်းနှင့်ပတ်သက်၍ တရားလို လက်ရှိဖြစ်မှုကို နှောင့်ယှက်မှုမပြုရန် ထာဝစဉ်တားမြစ်မိန့်ထုတ်ပေးစေလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ (သို့တည်းမဟုတ်) ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရှုံးအခွင့်အမိန့်အရ ရှေ့နေဖြစ်စေ(သို့တည်းမဟုတ်) ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၀၄ ခုနှစ် မေလ ၂၆ ရက် (၁၃၆၆ ခုနှစ် နယုန်လဆန်း ၈ ရက်)နေ့ မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ရေးသားပါရှိသူ တရားလို၏ စွဲချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။

၎င်းအပြင် သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သင်ကထုချေတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၀၄ ခုနှစ် မေလ ၁၁ ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေး လိုက်သည်။

**ချိုမေသန်း**
**ဒုတိယခရိုင်တရားသူကြီး(၅)**
**မန္တလေးခရိုင်တရားရုံး။**


## ဝင်းယူနတီအပန်းဖြေဟိုတယ်

အခန်းတိုင်းတွင် Air-con, Satellite TV, Mini Soft-Drink, IDD Phone, Water Heater များဖြင့် ဝန်ဆောင်မှုအပြည့်အဝ ပေးလျက်ရှိပါသည်။

## အများသိစေရန်ကြေညာချက်

ကန်ထရိုက်တာ ဦးအောင်ခင်(ခ) ဦးမိုဟာမက်ရဖီး (အမ်အိတ်ချ်အီး ၆၂၀၉၆၀)၊ အမှတ်(၂၆)၊ ၂၇ လမ်း၊ ဒု–ထပ်(ဝဲ)၊ ပန်းဘဲတန်းမြို့နယ်နှင့် အများသိစေရန် အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

၁၉–၉–၉၇ ရက် နေ့စွဲပါ ကန်ထရိုက်တာနှင့် ဦးရှန်တီကူးမား တို့သည် အဆောက်အအုံ ဆောက်လုပ်ရန်အတွက် အခန်းအပေးအယူ၊ ငွေအလိုက်နှင့် စရံငွေပေး ကတိစာချုပ်ကို ချုပ်ဆိုခဲ့ကြပါသည်။ ကတိစာချုပ်ချုပ်ဆိုပြီးနောက် ရန်ကုန်မြို့ မှတ်ပုံတင်အရာရှိရုံးတော်တွင် ၃–၁၀–၉၇ ရက်နေ့၌ အထူးကိုယ်စားလှယ် လွှဲစာအား ပေးအပ်ခဲ့ပါသည်။ ယနေ့တိုင် ကန်ထရိုက်တာသည် အမှတ် ၁၈၊ ၁၆၄ လမ်း၊ တာမွေကြီး(ခ) ရပ်ကွက်၊ တာမွေမြို့နယ်ဟု ခေါ်တွင်သော နေအိမ်အား ကတိစာချုပ်ပါအတိုင်း လိုက်နာဆောင်ရွက်ခြင်း မရှိခဲ့ပါ။

သို့ပါ၍ ကန်ထရိုက်တာ ဦးအောင်ခင်(ခ) ဦးမိုဟာမက်ရဖီးနှင့် မူလချုပ်ဆိုထားသော စာချုပ်နှင့် လွှဲအပ်ထားသော အထူးကိုယ်စားလှယ်လွှဲစာတို့အား ပြန်လည်ရုပ်သိမ်းလိုက်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ–

**ဦးစံတင်**
**B.A.,H.G.P.,R.L.**
**တရားရုံးချုပ်ရှေ့နေ(၂၉၉၃)**
**အမှတ်၂၊ ၁၆၆ လမ်း၊**
**တာမွေကြီး(ခ)ရပ်ကွက်၊တာမွေမြို့နယ်။**

**ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ**
**ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထား**

## ချိပ်ပိတ်တင်ဒါ (Sealed Tender)များခေါ်ယူခြင်း

၁။ မြန်မာ့မီးရထား၏ ရန်ကုန်မြို့ ရန်ကုန်ဘူတာကြီးနှင့် မန္တလေးမြို့ မန္တလေးဘူတာကြီးများအတွက် ဘူတာသန့်ရှင်းရေးလုပ်ငန်း ဆောင်ရွက်လိုသူ မြန်မာနိုင်ငံသားများထံမှ လျှောက်လွှာများအလိုရှိပါသဖြင့် ချိပ်ပိတ်တင်ဒါ (Sealed Tender) များ ပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

**ချိပ်ပိတ်တင်ဒါပိတ်ရက်နှင့်အချိန်** – ၂၈–၅–၂၀၀၄(သောကြာ) ၁၂း၀၀ နာရီ

**ချိပ်ပိတ်တင်ဒါဖွင့်ဖောက်မည့်ရက်နှင့်အချိန် –** ၂၈–၅–၂၀၀၄(သောကြာ) ၁၄း၀၀ နာရီ

၂။ တင်ဒါပုံစံသုံးမျိုးကို အောက်ပါဌာနတွင် ၁၈–၅–၂၀၀၄ ရက်မှစ၍ ရုံးချိန်အတွင်းဝယ်ယူနိုင်ပြီး အသေးစိတ်အချက်အလက်များကိုလည်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**ဒုတိယ အထွေထွေမန်နေဂျာ(ထောက်ပံ့ဌာန) မြန်မာ့မီးရထား**
**ကုန်သည်လမ်းနှင့် ၅၁ လမ်းထောင့်၊ ရန်ကုန်မြို့။**
**ဖုန်း–၂၉၁၉၈၂၊ ၂၉၁၉၉၄၊ ၂၀၁၅၅၅၊ လိုင်းခွဲ–၆၀၂၊ ၆၁၃**

## ဝန်ထမ်းအမြန်အလိုရှိသည်

**(ပြည်တွင်း၌သာခန့်ထားရန်)**

(၁) Quality Control ကျား/မ (၅) ဦး

– သိပ္ပံဘွဲ့ ရရှိသူဖြစ်ရမည်။
– နေ့/ညတာဝန် ထမ်းဆောင်နိုင်သူဖြစ်ရမည်။

လျှောက်ထားသူသည် လိုင်စင်ဓာတ်ပုံ (၁) ပုံ၊ နိုင်ငံသားစိစစ်ရေးကတ်ပြား မိတ္တူ၊ ပညာအရည်အချင်းအထောက်အထားမိတ္တူ၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ ကိုယ်ရေးရာဇဝင်အကျဉ်း၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်း ထောက်ခံချက်နှင့်တကွ ကြော်ငြာပါသည့်နေ့မှ ခုနစ်ရက်အတွင်း အမှတ် ၁၁၅/၁၁၇၊ မြေညီထပ်၊ လသာလမ်း၊ လသာမြို့နယ်ရှိ Smile World Co.,Ltd. သို့ လူကိုယ်တိုင်လာရောက်လျှောက်ထားနိုင်ပါသည်။

## ဘဏ်ချေးငွေ ပြေကျေဆုချီးမြှင့်

**ရန်ကုန် မေ ၁၉**

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ တောင်သူလယ်သမားများသို့ ၂၀၀၃ ခုနှစ် မိုးရာသီသီးနှံထုတ်လုပ်မှုဘဏ်ချေးငွေကျပ် ၁၇၈၆၅ ဒသမ ၁၅သန်းထုတ်ချေးပေးခဲ့ရာ သက်ဆိုင်ရာ ပြည်နယ်၊တိုင်းအလိုက် သတ်မှတ်ရက်အတွင်း အစောဆုံးပြေကျေသော ကယားပြည်နယ် ဘဏ်ခွဲ၊ သရက်ချောင်း၊ ဆင်ပေါင်ဝဲ၊ ညောင်တုန်း၊ သံဖြူဇရပ်၊ ပုဂံညောင်ဦး၊ လှည်းကူး၊ ညောင်ရွှေ၊ လှိုင်ကော်၊ ကသာ၊ ဖြူး၊ ဘုရားသီးတောင်၊ ကော့ကရိတ်၊ မိုးမိတ်၊ သုံးခွနှင့် ကျောက်တန်းမြို့နယ်ပေါင်း ၁၆ မြို့နယ်ဘဏ်ခွဲမှ မန်နေဂျာများအား ဦးဆောင်ညွှန်ကြားရေးမှူး ဦးတင်လွမ်းက ဒိုင်းဆုချီးမြှင့်သည့် အခမ်းအနားကို ပန်းဆိုးတန်းလမ်းရုံးချုပ်၌ ဧပြီ ၂၃ရက်က ကျင်းပကြောင်း သိရသည်။ **(က–ပ)**

## ဂျာနယ်ကျော်ဦးချစ်မောင် စာကြည့်တိုက်ဖွင့်ပွဲကျင်းပ

**အုတ်ဖို မေ ၁**

**ပဲခူးတိုင်း(အနောက်ပိုင်း) အုတ်ဖိုမြို့တွင် ဂျာနယ်ကျော် ဦးချစ်မောင် စာကြည့်တိုက်ဖွင့်ပွဲကို ဧပြီ ၂၂ရက်က မြို့နယ်မော်တော်ယာဉ်ရုံးခန်းမ (ယာယီအဆောက်အအုံ)တွင် ကျင်းပသည်။**

ရှေးဦးစွာ ဂျာနယ်ကျော် ဦးချစ်မောင် ဆိုင်းဘုတ်ဖဲကြိုးကို စာရေးဆရာ မိုးဟိန်း (သားဂျာနယ်ကျော်)၊ မြို့နယ်ဥက္ကဋ္ဌ ဦးကြည်မြ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး စာကြည့်တိုက်ဖြစ်မြောက်ရေးဥက္ကဋ္ဌ ဦးစောတင်ဝင်းတို့က ဖွင့်လှစ်ပေးပြီးနောက် ရန်ကုန်စာအုပ်တိုက်ကြီး သုံးတိုက်မှလှူဒါန်းသော စာအုပ် ၂၀၀ ကို စာကြည့်တိုက်ဥက္ကဋ္ဌ ဦးစောတင်ဝင်းနှင့် ရန်ကုန်သီဟရတနာစာအုပ်တိုက်မှ လှူဒါန်းသော စာအုပ် ၁၃၃ အုပ်ကို စာကြည့်တိုက်အတွင်းရေးမှူး ဦးမြင့်အေးက လက်ခံကြကြောင်း သိရသည်။

**(အပေါ်ပုံ)(၀၇၄)**

## အိမ်တွင်းမှုသင်တန်းကျောင်းများ ဖွင့်ပွဲကျင်းပ

ရန်ကုန် မေ ၁၉

**နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန ချင်းပြည်နယ် ဟားခါးမြို့ အမျိုးသမီး အိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း အခြေခံအိမ်တွင်းမှု သင်တန်းအမှတ်စဉ်(၂၅/၂၀၀၄)နှင့် အဆင့်မြင့် စက်ချုပ်သင်တန်း အမှတ်စဉ်(၈/၂၀၀၄) သင်တန်းဖွင့်ပွဲ အခမ်းအနားကို သင်တန်းကျောင်းခန်းမ၌ ယမန်နေ့က ကျင်းပသည်။**

အခမ်းအနားတွင် ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌက သင်တန်းဖွင့်အမှာစကား ပြောကြားပြီး အခြေခံအိမ်တွင်းမှု သင်တန်းသို့ သင်တန်းသူ ၂၈ဦး၊ အဆင့်မြင့်စက်ချုပ်သင်တန်းသို့ သင်တန်းသူနှစ်ဦး စုစုပေါင်း ၃၀ တက်ရောက်ကြသည်။

### တီးတိန်မြို့နယ်

ထို့အတူ တီးတိန်မြို့ အမျိုးသမီး အိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာ သင်တန်းကျောင်း အခြေခံအိမ်တွင်းမှုသင်တန်း အမှတ်စဉ်(၂/၂၀၀၄) သင်တန်းဖွင့်ပွဲအခမ်းအနားကို တီးတိန်မြို့ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း သင်တန်းခန်းမ၌ ယမန်နေ့က ကျင်းပသည့် အခမ်းအနားတွင် အထူးအရာရှိ ဗိုလ်မှူးကြီးသန်းရှိန်က သင်တန်းဖွင့် အမှာစကားပြောကြားပြီး သင်တန်းသို့ သင်တန်းသူ ၃၀ တက်ရောက်ကြသည်။

### ဖလမ်းမြို့နယ်

အလားတူ ဖလမ်းမြို့ အမျိုးသမီး အိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်း အခြေခံအိမ်တွင်းမှု သင်တန်း အမှတ်စဉ်(၂/၂၀၀၄) သင်တန်းဖွင့်ပွဲအခမ်းအနားကို သဇင်ခန်းမ၌ ယမန်နေ့က ကျင်းပသည်။ အခမ်းအနားတွင် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌက သင်တန်းဖွင့်အမှာစကားပြောကြားပြီး သင်တန်းသို့ သင်တန်းသူ ၃၀ တက်ရောက်ကြသည်။

သင်တန်းများ၏ သင်တန်းကာလမှာ ရက်သတ္တ ၁၄ ပတ် ကြာမြင့်မည်ဖြစ်ပြီး အခြေခံစက်ချုပ်ပညာ၊ လက်မှုပညာ၊ အချက်အပြုတ်ပညာရပ်များအပြင် အအေးပိုင်းဒေသလိုအပ်ချက်အရ သိုးမွေးစက်ဆွဲပညာရပ်ကို အဓိကထား သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

**မေ ၁၂ ရက်က ပဲခူးတိုင်း(အနောက်ပိုင်း)စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးလွင်၊ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးကျော်ဆွေနှင့် ပြည်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အင်ဂျင်နီယာမှူး ဦးစိုးသန်းတို့ ၂၀၀၄–၂၀၀၅ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်မည့် နဝင်း–တီတွဒ် ကျေးလက်လမ်း ကျောက်ချောခင်းရန် အတွက် ကျောက်များစုဆောင်းမှုကို ကြည့်ရှုစစ်ဆေးကြစဉ်။** (၄၀၃)

**တွံတေးမြို့နယ် စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ (လက်ထောက်ညွှန်ကြားရေးမှူး) ဦးသန်းလင်းထွန်းနှင့် အငယ်တန်း အင်ဂျင်နီယာ (၂) ဒေါ်နီနီသွင်တို့ အနီးကပ်ကြီးကြပ်ကွပ်ကဲ၍ မေ ၁၅ ရက်က ရေစီးရေလာကောင်းမွန်ရေးအတွက် ဈေးကြီးလမ်းနှင့် နဝဒေးအောက်လမ်းရှိ ရေနုတ်မြောင်းများကို ဝန်ထမ်းများနှင့်အတူ တူးဖော်ရှင်းလင်းကြစဉ်။** (၃၈၀)

## မြန်မာ့အသံ

**၂၁–၅–၂၀၀၄(သောကြာနေ့)**

**နံနက်ပိုင်း**

၀၇း၀၀ တရားတော်
(မင်းကွန်းဆရာတော်ကြီး၏ အာဋ္ဌာနာဋိယသုတ်)

**နေ့လယ်ပိုင်း**

၁၁း၁၅ နိုင်ငံ့စီးပွားလုပ်ငန်းဌာနများ
(မြောက်ဦးမြို့မှမြောက်ဦးဟိုတယ်)
၁၁း၃၅ သုတရေးရာဖြေကြားလွှာ
၁၂း၀၀ ကျန်းမာရေးနှင့်ဆေးပညာ
နို့ချိုတိုက်ကျွေးကမ္ဘာ့ရင်သွေး ငြိမ်းအေးမျှတ ကလေးသူငယ်ဘဝ)
၁၂း၃၀ ဓာတ်လမ်းပမာနားဆင်စရာ
(မိသားစု၏အိမ်)
၁၃း၁၀ ကမ္ဘာ့ဂီတ

**ညနေပိုင်း**

၁၆း၂၀ ကျေးလက်ဓာတ်လမ်း
(မမည်းတဲ့အသည်း)
၁၇း၃၀ ရေဒီယိုမဂ္ဂဇင်း
(၁) စကားအရာအရေးပါ(ခေါင်းကြီး)
(၂) မိသားစုညနေခင်းများ(ဆောင်းပါး)
၁၇း၅၀ နိုင်ငံတကာစီးပွားရေး သတင်းပဒေသာ
၁၈း၄၀ သိပ္ပံပညာသိကောင်းစရာ
(ဇရာကိုတိုက်ဖျက်ရန်အဆန်ခရီး မောင်ဆုရှင်)
၁၉း၁၅ ကာလပေါ်တူရိယာအဖွဲ့
(အေးရိပ်ညို၏ တံခါးမြို့–ကာလပေါ်အဖွဲ့)

# ထိမ်းမြားမင်္ဂလာကျေးဇူးတင်လွှာ

ဘီးလင်းမြို့နယ် တောင်စွန်းမြို့နေ
ဦးစိုးမြင့်(အလယ်တန်းပြ၊ ငြိမ်း)–ဒေါ်ခင်လေးနွယ်(မူလတန်းပြ)
တို့၏သား
**ဗိုလ်ထင်လင်းဇော်** B.Sc(Physics) D.S.A
နှင့်
ပုသိမ်မြို့
ဦးအေးကျော် (အလုပ်အမှုဆောင် မြန်မာနိုင်ငံစက်မှုကုန်ထုတ်လုပ်သူများအသင်း)–
ဒေါ်ခင်အေးမူ(အနန္တဂုဏ်ရည် သစ်ခွဲစက်နှင့်လျှာထိုးစက်လုပ်ငန်း)
တို့၏သမီး
**မယုဇနကျော်** B.A (English),A.G.T.I(Civil)

တို့၏ ၉–၅–၂၀၀၄ ရက် ပုသိမ်မြို့တော်ခန်းမ၌ ကျင်းပပြုလုပ်သည့် မင်္ဂလာညှော်ခံပွဲသို့ ကြွရောက်ချီးမြှင့်ပြီး မင်္ဂလာအောင်စံပယ်ပန်းကုံး ဆင်မြန်းပေးသည့် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်တင့်ဆွေနှင့်ဇနီး ဒေါ်ခင်သောင်း၊ မင်္ဂလာညှော်ခံပွဲသို့ မေတ္တာဖြင့် မင်္ဂလာလက်ဖွဲ့များပေးပို့သည့် တပ်မမှူးဗိုလ်မှူးကြီးခင်ဇော်ဦးနှင့်ဇနီး၊ တပ်မတော် အားကစားနှင့်ကိုယ်ခံပညာ ကျောင်းအုပ်ကြီး ဗိုလ်မှူးကြီးထိန်လင်းနှင့်ဇနီး၊ နည်းဗျူဟာမှူးဗိုလ်မှူးကြီးဟန်ညွန့်နှင့်ဇနီး၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်မှူးကြီး ဆန်းမြင့်နှင့်ဇနီး၊ မင်္ဂလာရွှေဆွဲကြိုး ဆင်မြန်းပေးသော ပုသိမ်ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးလှသွင်နှင့်ဇနီး၊ မင်္ဂလာလက်ထပ် လက်စွပ်ဆင်မြန်းပေးသော တပ်ရင်းမှူး ဒုတိယဗိုလ်မှူးကြီးသန့်ဇော်နှင့် ဇနီး၊ ဧရာဝတီတိုင်း ရဲတပ်ဖွဲ့မှူးရဲမှူးကြီးဦးသန်းထွန်းနှင့်ဇနီး၊ ဧရာဝတီတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ တွဲဖက်အတွင်းရေးမှူး ဗိုလ်မှူးချုပ်ဝင်းနှင့်ဇနီး၊ တွဲဖက်အတွင်းရေးမှူး ဗိုလ်မှူးထွန်းရှင်နှင့်ဇနီးအားလည်းကောင်း၊ မင်္ဂလာညှော်ခံပွဲသို့ ကြွရောက်ချီးမြှင့်ကြသည့် စစ်ဘက်နယ်ဘက်မှ ပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ဆွေမျိုးမိတ်သင်္ဂဟများ၊ အရိုးအထူးကုဆရာဝန်ကြီး ဒေါက်တာဦးတင့်အောင်နှင့်ဇနီး၊ အခမ်းအနားမှူး ဦးမောင်မောင်နိုင်(ရွှေသစ်မင်း)၊ မိတ်ကပ်ဇော်ဇော်(ထီလာ)၊ သတို့သမီးဝတ်စုံ ကိုမြင့်စိုး(ဗိုလ်ချုပ်ဈေး)၊ ပန်းအလှဖန်တီးရှင် နီနီပွင့်(ဗိုလ်ချုပ်ဈေး)၊ ဗီဒီယိုဓာတ်ပုံ ကိုဝင်းချိုနှင့်အဖွဲ့၊ မင်္ဂလာပန်းကြဲပေးသော မစုသစ္စာကျော်၊မအိဝင်းသူ၊မမေချိုဝင်း၊နော်လုလုထူး၊ နော်မုမုထူး၊ သတို့သားအရန် ဗိုလ်ရဲခေါင်၊ ဗိုလ်အောင်ကျော်မင်းနှင့်သတို့သမီးအရန် မအိမွန်ကျော်၊မမေသက်ခိုင်တို့နှင့် ရပ်ဝေးရပ်နီးမှ မင်္ဂလာလက်ဖွဲ့ပေးပို့ကြသော ဆွေမျိုးမိတ်သင်္ဂဟများနှင့် ကရုဏာလူမှုကူညီရေးအသင်းသားများ အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးကြသူများအား လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်း။

**နှစ်ဖက်သောမိဘများနှင့် ဗိုလ်ထင်လင်းဇော်–မယုဇနကျော်။**

B.A.(Hons) (English)

B.Sc (Maths)

Final Year (Maths)

## တိုက်ခန်းငှားမည်

ကန်တော်ကလေး ၉၃ လမ်း၊ သုံးလွှာ ၁၃ပေ ခွဲ x ပေ ၅၀ HT ရေမီးစုံ၊ Ph :ပါ။(ပွဲစားမလို) ညနေ ၆:၀၀နာရီမှ နံနက်၉:၀၀နာရီအတွင်း (Ph: 382569)

ရန်ကုန်မြို့နယ်အတွင်းရှိ တိုက်ခန်း၊ လုံးချင်း မြေကွက်များ ရောင်းဝယ်ငှားလိုပါက အမြန်ဆက်သွယ်ပါ။

**ဖုန်း–၇၂၀၇၇၉၊ ၂၀၀၅၂၆**

## MCC ၏ အကျိုးရှိရှိ ထိထိမိမိ သင်တန်းများ

◆ **Business English Course** (၁၀၀၀၀ိ/-)

◆ **Fidelio Hotel Management Software** (၃၀၀၀၀ိ/-)

**Fidelio Software**

**Certificate**

**MCC**

## ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
## ရထားပို့ဆောင်ရေးဝန်ကြီးဌာန
## မြန်မာ့မီးရထား
## ချိပ်ပိတ်တင်ဒါ (Sealed Tender)များခေါ်ယူခြင်း

၁။ မြန်မာ့မီးရထား၊ ဌာနခွဲအသီးသီးအတွက် 2Volt Battery များ၊ သံဘီရို၊ ဖိုင်ဘာလေးလုံးတွဲ ခုံတန်းရှည်လက်တန်းပါ ပလတ်စတစ်ထိုင်ခုံများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် ချိပ်ပိတ်တင်ဒါ(Sealed Tender)များပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

**ချိပ်ပိတ်တင်ဒါပိတ်ရက်နှင့်အချိန်** – ၂-၆-၂၀၀၄ (ဗုဒ္ဓဟူး) ၁၂:၀၀ နာရီ
**ချိပ်ပိတ်တင်ဒါဖွင့်ဖောက်မည့်ရက်နှင့်အချိန်** – ၂-၆-၂၀၀၄ (ဗုဒ္ဓဟူး) ၁၄:၀၀ နာရီ

၂။ တင်ဒါပုံစံသုံးမျိုးကို အောက်ပါဌာနတွင် ၁၉–၅–၂၀၀၄ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပြီး အသေးစိတ်အချက်အလက်များကိုလည်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**ဒုတိယအထွေထွေမန်နေဂျာ(ထောက်ပံ့ဌာန)**
**မြန်မာ့မီးရထား**
**ကုန်သည်လမ်းနှင့် ၅၁ လမ်းထောင့်၊ ရန်ကုန်မြို့။**
**ဖုန်း–၂၉၁၉၈၂၊ ၂၉၁၉၉၄၊ ၂၀၁၅၅၅–လိုင်းခွဲ–၆၀၂၊ ၆၁၃**

## စားပွဲနှင့်ကုလားထိုင်များ ငှားရန်

အလှူ၊ ထိမ်းမြားမင်္ဂလာ၊ အစည်းအဝေး အခမ်းအနားများတွင် ခေတ်မီပလတ်စတစ် စားပွဲနှင့် ကုလားထိုင်များ ဈေးနှုန်းသက်သာစွာဖြင့် ငှားရမ်းနေပါသည်။

နံနက် ၉:၃၀ မှ ညနေ ၄:၃၀ နာရီအတွင်း ဆက်သွယ်နိုင်ပါသည်။

**အမှတ် ၂၂၈၊ သိမ်ဖြူလမ်း၊**
**ဗိုလ်တထောင်မြို့နယ်၊**
**ဖုန်း–၂၄၅၆၄၅၊ ၂၄၅၆၄၂**

**EMPEROR**

**METAL ZONE**

**BIG BaG**

(BIG BaG)

## အမွေပြတ်စွန့်လွှတ်ခြင်း

**အမွေပြတ်စွန့်လွှတ်ခြင်း** ကျွန်မ၏သမီးဖြစ်သူ မယဉ်ယဉ်စိုးတင် ၁၀/မလမ(နိုင်)၁၄၇၇၅၂ သည် မိဘများ စိတ်ဆင်းရဲအောင်ပြုလုပ်သဖြင့် သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝကို တာဝန်မယူပါ။ **ဒေါ်သန်းသန်းဌေး ၁၀/မလမ(နိုင်)၀၈၇၁၆၀**

## အမည်ဖြည့်စွက်ခေါ်ပါရန်

ဦးသောင်းထွန်း ၃/ကကရ(နိုင်) ၀၃၅၂၈၇ ၏သမီး မမိချိုမော် ၁၂/တမန(နိုင်)၀၉၆၀၀၁ အား မမိချိုမော်(ခ)မနဒီလှိုင်ထွန်းဟု အမည် ဖြည့်စွက်ခေါ်ပါရန်။

**မမိချိုမော်(ခ)မနဒီလှိုင်ထွန်း။**

ZIN SATELLITE GROUP,
Tel: 727548

## ဖခင်အမည်မှန်

တွံတေးမြို့ အလက(မြို့မ) အထက်တန်းကျောင်းခွဲ နဝမတန်းမှ မောင်ဇော်မျိုးထွဋ်၏ ဖခင်အမည်မှန်မှာ ဦးတင့်လွင် ၁၂/တတန(နိုင်) ၀၀၄၉၉၃ ဖြစ်ပါသည်။

## သားအဖြစ်မှစွန့်လွှတ်ခြင်း

တနင်္သာရီတိုင်း၊ ကျွန်းစုမြို့၊ မြို့မ(၃)ရပ်ကွက်၊ဗိုလ်ချုပ်လမ်းနေ ဦးကြွက်နီ၏သား မောင်ထွန်းအေး(ခေါ်)မောင်နီ ၆/မအန(နိုင်) ၀၀၂၂၄၀ သည် မိဘ၏ ဆုံးမစကားကို နားမထောင်ဘဲ စိတ်ဆင်းရဲအောင် ဒုက္ခပေးနေပါသဖြင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင်လုံးဝတာဝန်မယူပါ။(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

**ဦးကြွက်နီ ၆/ကစန(နိုင်)၀၄၆၂၆၃**

## JOB VACANCY

**(Local Service Only/Salary in Kyat)**

We have the vacancies for the following positions.

1. Translator M/F (1) post
   can speak & write Japanese and English

Interested person should send C.V stating expected salary with a recent photo and labour registration card within 7 days from the date of this advertisement to:

**No.6(A), Inya Road, Kamayut T/S, Yangon**


## ဗိုလ်ကြီးကျော်ရီ (ငြိမ်း)
### (ဘီးလင်းမြို့)
### အသက်(၇၆)နှစ်

ထန်းတပင်မြို့နယ်၊ရခိုင်ရိုးကြီးကျေးရွာနေ (ဦးလှ-ဒေါ်မြသွေး)တို့၏ သားကြီး၊ (ဦးထွန်းကြည်)-ဒေါ်လှရှင်၊ (ဦးသန်းဝေ)-ဒေါ်သန်းကြွယ်၊ ဦးစိန်ထွန်း-ဒေါ်စောရီ၊ (ဦးကျော်မြင့်)-ဒေါ်သန်းအေးတို့၏အစ်ကိုကြီး၊ (ဦးမောင်ထွန်း-ဒေါ်အေးအေးမြင့်)တို့၏ဖခင်၊ ဘီးလင်းမြို့နေ(ဒေါ်သန်းကြည်)၏ခင်ပွန်း၊ မြေးလေးယောက်တို့၏အဘိုးသည် ၁၈-၅-၂၀၀၄ရက်(အင်္ဂါနေ့)နံနက် ၇ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၅-၂၀၀၄ရက် (ကြာသပတေးနေ့) မွန်းလွဲ ၁ နာရီတွင် ဘီးလင်းမြို့၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

## ဦးအုန်းတင် (ဟသ်ာတ)
### ရုံးအုပ်(ငြိမ်း)
### မြန်မာ့ဆိပ်ကမ်းအာဏာပိုင်အမှုဆောင်
### (မိုးကောင်း/သဲအင်းဂူဓမ္မာရုံ)
### အသက်(၇၃)နှစ်

ဟသ်ာတမြို့နေ (ဦးရွှေ-ဒေါ်စိန်တုတ်)တို့၏သား၊ ရန်ကုန်မြို့၊ အမှတ် ၂၆၂၊ ပုလောလမ်း၊ (၁၈-B)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)နေ (ဦးအေးရွှေ)-ဒေါ်ငွေကျင်တို့၏သားသမက်၊ ဒေါ်ခင်ညိုညိုတင်-ဦးသိန်းကျော်ဝင်း(A.B-Monsoon Shipping Co,Ltd.)၊ ဒေါ်ခင်စန္ဒာတင် - ဦးအောင်လွင်စိုး(Rhino Earth Work)၊ မမာမာခိုင်(ခ)ဒေါ်လီမာ၊ မခင်ဆွေတင့်(ခ)နီနီမာ၊ ကိုကျော်ဇေယျ၊မခင်မြတ်သူတို့၏ဖခင်၊ မြေးငါးယောက်တို့၏အဘိုးသည် ၁၉-၅-၂၀၀၄ရက် ညနေ ၄ နာရီတွင် အာရှတော်ဝင်အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့် ၂၁-၅-၂၀၀၄ရက်(သောကြာနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

## ဦးနေဝင်း (ဗဟန်း)
### အသက်(၆၈)နှစ်

ရန်ကုန်မြို့၊ ဗဟန်း ၃ လမ်း၊ အမှတ် ၁၅နေ (ဒေါ်အုန်းခင်)၊ ဒေါ်ဖြူဖြူဝင်း(ခ)ဒေါ်ချိုချို၏ခင်ပွန်း၊ ဦးအောင်ဇော်ဝင်း-ဒေါ်အေးအေးမြင့်၊ ဦးအောင်မင်းစိန်-ဒေါ်မာမာ၊ ဦးကျော်မင်းသိန်း-ဒေါ်မိုးကြည်ဝင်း၊ ဦးတင်ထွန်းနိုင်-ဒေါ်အုန်းအုန်းမြင့်တို့၏ဖခင်၊ မြေးခုနစ်ယောက်တို့၏အဘိုးသည် ၁၈-၅-၂၀၀၄ရက်(အင်္ဂါနေ့) ည ၈း၃၅ နာရီတွင် ကွယ်လွန်သွားပါ၍ ၂၀-၅-၂၀၀၄ရက် (ကြာသပတေးနေ့)နံနက် ၁၀ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

## ဘုရား၊ရဟန်းဒါယကာကြီး
## ဦးစိန်သွင် (ပျဉ်းမနား)
### လ/ထအထွေထွေမန်နေဂျာ(ငြိမ်း)
### (မြန်မာ့သစ်လုပ်ငန်း)
### အသက်(၆၅)နှစ်

ပျဉ်းမနားမြို့နေ (ဦးကြွယ်-ဒေါ်လှခင်)တို့၏သား၊ (ဦးဗကျော်-ဒေါ်ရွှေမြ)(သမာဓိသင်္ကန်းတိုက်)တို့၏သားသမက်၊ ပျဉ်းမနားမြို့၊ ၃/၂၈၊ ၉ လမ်း၊ ရွှေချီရပ်နေ (ဒေါ်ယဉ်ယဉ်မေ)၏ခင်ပွန်း၊ ကိုလွှမ်းမိုး-မထိုက်ထိုက်၊ကိုကျော်ကျော်ရှိန်-မဆင့်ဆင့်ဌေးတို့၏ဖခင်သည် ၁၈-၅-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၅-၂၀၀၄ရက် (ကြာသပတေးနေ့) ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

## ဦးလှတင်
### ကုန်သွယ်ရေးဝန်ကြီးဌာန
### (ဝန်ကြီးရုံး၊ငြိမ်း)
### အသက်(၇၂)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ အမှတ် ၁၃၅၉၊ (၄၁)ရပ်ကွက်၊ ၄၀၊မြိုင်လမ်းနေ(ကင်းရွာ)ဦးဖိုးချစ်-ဒေါ်နှင်းရင်တို့၏သား၊ ဒေါ်ငြိမ်းငြိမ်း၏ခင်ပွန်း၊ မောင်ရည်မွန်-မမူမူသန်း၊ မောင်မြင့်ကို-မအေးအေးခိုင်၊ မောင်ထွန်းထွန်းဦး-မမြင့်မြင့်ကြူ၊ မောင်နိုင်ဝင်း-မဌေးဌေးမြိုင်၊ မောင်သန့်ဇင်ထွန်းတို့၏ ဖခင်၊ မြေးခုနစ်ယောက်တို့၏ အဘိုးသည် ၁၉-၅-၂၀၀၄ရက် နံနက် ၄း၂၀ နာရီတွင် ရန်ကုန်ဆေးရုံကြီး နှလုံးအထူးကုသဆောင်၌ ကွယ်လွန်သွားပါသဖြင့် ၂၁-၅-၂၀၀၄ရက် မွန်းလွဲ ၂း၀၅ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

## ဦးရင်မောင် (ပဲခူး)
### ဒုတိယညွှန်ကြားရေးမှူး(ငြိမ်း)
### ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန
### အသက်(၆၉)နှစ်

ရန်ကုန်မြို့၊ အမှတ် ၁၆(အေ)၊ ပြည်လမ်း၊ ခြောက်မိုင်ခွဲ၊ လှိုင်မြို့နယ်နေ (ဦးကံသာ-ဒေါ်ကျင်ရွှေ)တို့၏ သား၊ (ဦးပေါက်တူး)-ဒေါ်ကျင်အေးတို့၏ညီ၊ ပဲခူးမြို့နေ ဦးယုရှိန်-(ဒေါ်ကျင်မြိုင်)၊ (ဦးကောက်)-ဒေါ်အေးညွှန့်တို့၏မောင်၊ ဦးရင်အောင်-ဒေါ်မြင့်မြင့်ကြည်တို့၏ အစ်ကိုသည် ၁၉-၅-၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂ နာရီတွင် အထက်ပါနေအိမ်၌ကွယ်လွန်သွားပါသဖြင့် ၂၁-၅-၂၀၀၄ရက်(သောကြာနေ့)နံနက် ၁၀ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၈း၃၀ နာရီတွင်ထွက်ပါမည်။)ကျန်ရစ်သူမိသားစု။

## ဦးတင်ဝင်း
### (ဂန့်ဂေါ-ဝါးပင်ရွာ)
### အသက်(၆၄)နှစ်

မကွေးတိုင်း၊ ဂန့်ဂေါမြို့နယ်၊ ဝါးပင်ရွာနေ (ဦးဇာကျယ်-ဒေါ်ရွှေနု)တို့၏ သား၊ စစ်ကွင်းမြို့၊ ဘုရားကြီးလမ်းနေ (ဦးစုကြည်)-ဒေါ်ကြွေတို့၏ သားသမက်၊ တိုက်အမှတ် ၄၊ အခန်း ၂၁၊ ပြည်တော်သစ်ရိပ်သာ၊ အောက်ပုဇွန်တောင်နေ ဒေါ်ဝင်းဝင်းကြည်(အထပြ၊ငြိမ်း၊အထက-၄၊ပုဇွန်တောင်)၏ခင်ပွန်းသည် ၁၈-၅-၂၀၀၄ရက် (အင်္ဂါနေ့) ၃း၂၀ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၀-၅-၂၀၀၄ ရက် (ကြာသပတေးနေ့) နံနက် ၁၀ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၈း၃၀ နာရီတွင်ထွက်ပါမည်။)ကျန်ရစ်သူမိသားစု။

## ဒေါ်ရှူတင်
### လက်ထောက်ကထိက(ငြိမ်း)၊
### ဘိုကလေး-ညောင်တုန်း
### သင်္ချိုင်းကျွန်းဆရာအတတ်သင်သိပ္ပံ
### အသက်(၆၁)နှစ်

ရန်ကုန်တိုင်း၊ သာကေတမြို့နယ်၊ (၄)မြောက်ရပ်ကွက်၊ မြို့မ ၁၀ လမ်း၊ အမှတ် ၃၃၃ နေ (ဦးယုဂီ-ဒေါ်ဖွားရှင်)တို့၏သမီး၊ ဦးမင်းသိုင်း၏ဇနီး၊ မောင်အောင်ကိုကိုသိုင်း-မနီလာအေး၊ မောင်ကျော်ညီညီသိုင်း-မသန္တာဝင်းချစ်၊ မောင်တေဇာသိုင်း၊ မသက်စုသိုင်းတို့၏မိခင်၊ မောင်အဲရစ်ကိုသိုင်း၏ အဘွားသည် ၁၈-၅-၂၀၀၄ရက် (အင်္ဂါနေ့) နံနက် ၆း၄၅ နာရီတွင် Green Cross ဆေးခန်း၌ကွယ်လွန်သွားပါ၍ ၂၀-၅-၂၀၀၄ ရက် (ကြာသပတေးနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင်ထွက်ပါမည်။)ကျန်ရစ်သူမိသားစု။

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ရှူမဝ ဒေါ်ကြည်သန်း
### (ရှူမဝရုပ်စုံမဂ္ဂဇင်းနှင့်ရုပ်ရှင်)
### အသက်(၈၈)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ အမှတ် ၁၊ ဗိုလ်ရာညွှန့်လမ်းနေ (ဦးမှတ်-ဒေါ်ငွေသင်)တို့၏သမီးကြီး၊ ရှူမဝဦးကျော်၏ဇနီး၊ ဦးဆွေတင့်-ဒေါ်ကြင်ကြင်ဆွေ၊ ဦးအောင်စိန်-ဒေါ်မြင့်မြင့်သန်း၊ ဦးဇော်ဝင်း(ကဗျာ-မောင်ဇော်ယု)-ဒေါ်စမ်းစမ်းယု၊ ဒေါ်တင့်တင့်သန်း၊ ဦးကျော်မြင့်-ဒေါ်အေးအေးသန်း၊ ဒေါ်ဝေဝေသန်း(ဝေမာ)တို့၏ကျေးဇူးရှင်မိခင်ကြီး၊ မြေး ၁၂ ယောက်၊ မြစ်နှစ်ယောက်တို့၏ ချစ်လှစွာသောဘွားဘွားကြီး ဒေါ်ကြည်သန်းသည် ၁၉-၅-၂၀၀၄ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၃း၄၃ နာရီတွင် နေအိမ်၌ကွယ်လွန်သွားပါ၍ ၂၁-၅-၂၀၀၄ရက်(သောကြာနေ့) နံနက် ၁၁ နာရီတွင် အထက်ပါနေအိမ်မှ ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။ (အမှတ် ၁၊ ဗိုလ်ရာညွှန့်လမ်း နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

## ဘုရား၊ ရဟန်း၊ ကျောင်းအမ
## ဒေါ်လှကြည် (တန်ရှောက်ဟုန်)
### အသက်(၇၅)နှစ်

ရန်ကုန်မြို့၊ ၁၅ လမ်း၊ အမှတ် ၂၀ နေ (ဦးတန်ဘွန်ကျန်-ဒေါ်ကျင်မြ)တို့၏သမီးကြီး၊ နတ်မောက်မြို့နေ (ဦးဟေးယား-ဒေါ်ကျင်မြ)တို့၏သမီးချွေးမ၊ ဒေါ်ကျင်စိန်၊ (ဦးဟင်းငါး)-ဒေါ်တင်ရွှေ(မကွေးမြို့)တို့၏တူမ၊ ရန်ကုန်မြို့၊ အမှတ် ၄၂၊ အင်းလျားလမ်းနေ ဦးတင်ဝင်း(နတ်မောက်)၏ဇနီး၊ ဦးနေဝင်း-ဒေါ်မို့မို့ထွန်း(စိန်ချယ်ပွဲရုံ၊ ဘုရင့်နောင်)၊ ဦးကြည်ဝင်း၊ ဦးမျိုးဝင်း-ဒေါ်ခင်မာလာ(Tri Star)၊ ဦးသိန်းဝင်း-ဒေါ်စောဥမ္မာ၊ ဦးနိုင်ဝင်း-(ဒေါ်စန်းစန်း)၊ ဦးစိုးဝင်း၊ မမဥ္ဇူသင်းတို့၏မိခင်၊ မမို့မို့နေဝင်း၊ အောင်ပြည့်ဖြိုး၊ အောင်ရဲဝင်း၊ ကောင်းရဲဝင်း၊ ဝင်းဝါအောင်တို့၏အဘွားသည် ၁၇-၅-၂၀၀၄ရက် နံနက် ၇ နာရီတွင် ကွယ်လွန်သွားပါ၍ ၂၁-၅-၂၀၀၄ရက် (သောကြာနေ့) နံနက် ၁၁ နာရီတွင် အင်းလျားလမ်းနေအိမ်မှ ရေဝေးဖူးကျန့်တရုတ်သုသာန်သို့ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

## ဘုရား၊ ရဟန်း၊ ကျောင်းအမ
## ဒေါ်လှကြည် (တန်ရှောက်ဟုန်)
### အသက်(၇၅)နှစ်

ရန်ကုန်မြို့၊ ၁၅ လမ်း၊ အမှတ် ၂၀ နေ (ဦးတန်ဘွန်ကျန်-ဒေါ်ကျင်မြ)တို့၏သမီးကြီး၊ ဦးမျိုးညွှန့်-ဒေါ်ရီရီ၊ (ဦးတင်ရှိန်)-ဒေါ်ခင်ဝင်းမြင့်၊ ဦးခင်ထွန်း-ဒေါ်ခင်သက်နိုင်၊ ဦးထွန်းအေး-ဒေါ်အဖွန်း၊ Dr. ကြင်ညွှန့်-ဒေါ်ဝင်းဝင်းကြည်၊ ဦးခင်ထွန်း-ဒေါ်ခင်သန်းလွင်၊ ဦးမြင့်သိန်း-ဒေါ်ဆွေဆွေဝင်း၊ ဒေါ်ညွှန့်ညွှန့်တင်တို့၏အစ်မကြီး၊ တူ တူမ ၂၄ ယောက်တို့၏ကြီးတော်သည် ၁၇-၅-၂၀၀၄ရက် နံနက် ၇ နာရီတွင် ကွယ်လွန်သွားပါ၍ ၂၁-၅-၂၀၀၄ရက် (သောကြာနေ့) နံနက် ၁၁ နာရီတွင် အင်းလျားလမ်းနေအိမ်မှ ရေဝေးဖူးကျန့်တရုတ်သုသာန်သို့ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

## ဦးရင်မောင် (ပဲခူး)
### ဒုတိယညွှန်ကြားရေးမှူး(ငြိမ်း)
### ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန
### အသက်(၆၉)နှစ်

ရန်ကုန်မြို့၊ အမှတ် ၁၆(အေ)၊ ပြည်လမ်း၊ ခြောက်မိုင်ခွဲ၊ လှိုင်မြို့နယ်နေ (ဦးကံသာ-ဒေါ်ကျင်ရွှေ)တို့၏ သား၊ ဒေါ်သိန်းရီ၊ ဦးဝင်းကြည်-ဒေါက်တာဒေါ်ခင်ခင်သက်၊ ဒေါ်ခင်ဝင်းရီ၊ ဦးဝင်းတီ-ဒေါ်သင်းသင်းနိုင်၊ ဒေါ်ခင်ဆွေလုံး၊ ဒေါက်တာဦးထွန်းထွန်း - ဒေါက်တာဒေါ်လဲ့လဲ့ကြည်၊ ဒေါက်တာဦးကျော်ဝင်း-ဒေါ်မော်မော်အေး၊ ဦးခင်မောင်ဝင်း-ဒေါ်ရီရီဦး၊ ဦးသိန်းဝင်းလေး၊ မဆုရတနာနွယ်၊ ဦးမောင်ပု-ဒေါ်ရင်ကြည်၊ ဒေါ်ကြူကြူဝင်း၊ ဦးအောင်ကြည်ဝင်း-ဒေါ်မျိုးမျိုးအေး၊ ဦးထူးအောင်-ဒေါ်နီနီဝင်း၊ မောင်မင်းမင်းစိုး၊ မအေးအေးအောင်၊ မသဥ္ဇာအောင်၊ မောင်အောင်ဇာဟိန်းတို့၏ဦးလေး၊ မြေး ၁၃ ယောက်တို့၏အဘိုးလေးသည် ၁၉-၅-၂၀၀၄ ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၁-၅-၂၀၀၄ရက် (သောကြာနေ့) နံနက် ၁၀ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၈း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

## ဘုရား၊ရဟန်းဒါယိကာမကြီး
## ဒေါ်မေမေညွှန့်(ခ)
## ဒေါ်စောညွှန့် (နတ်တလင်း)
### အသက်(၇၆)နှစ်

ပဲခူးတိုင်း၊နတ်တလင်းမြို့၊ ကြွက်နွယ်တောရွာနေ (ဦးကြွယ်-ဒေါ်ပု)တို့၏ သမီးကြီး၊ (ဦးစံလွင်-ဒေါ်ကြွယ်)တို့၏ သမီးချွေးမ၊ ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ အမှတ်(၂)ရပ်ကွက်၊ သမိုင်းဘူတာရုံလမ်း၊ ခြံအမှတ် ၉၅ (ဂျေ)နေ (ဦးမျိုးသိမ်း) (လွတ်လပ်ရေးမော်ကွန်းဝင်တတိယဆင့်၊ အယ်ဒီတာ၊ ပြည်သူ့တပ်မတော်စာစဉ်၊ ရုပ်ရှင်၊ဝတ္ထုနှင့်ဇာတ်ညွှန်းရေးဆရာ)၏ဇနီး၊ ဦးသိမ်းဦး-ဒေါ်ခင်မမ (စစ်တောင်း စက္ကူစက်)၊ ဦးဇော်မင်း(လက်ထောက်ဌာနမှူး၊ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီ)-ဒေါ်ခင်မျိုးညွှန့်၊ ဦးတင်မောင်ညွှန့်၊ ဦးတင်မောင်စော၊ ဦးချစ်ကိုကို၊ ဦးတင်အေး(ရဲတံခွန် FSO)-ဒေါ်ခင်မမသိမ်း၊ ဦးမျိုးကိုကိုစော-ဒေါ်ခင်ဌေးဦး၊ ဦးဝင်းကျော် (Geocomp Co., Ltd.)-ဒေါ်မျိုးသူဇာဟန်တို့၏ မိခင်၊ မြေး ၁၈ ယောက်တို့၏အဘွား၊ မြစ်ကိုးယောက်တို့၏အဘွားသည် ၁၈-၅-၂၀၀၄ရက်(အင်္ဂါနေ့)ည ၁၀း၃၅ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၀-၅-၂၀၀၄ရက် (ကြာသပတေးနေ့)မွန်းလွဲ ၁ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

## ခရစ်တော်၌အိပ်ပျော်ခြင်း
## Pu Lal Bik
### ဦးစီးအရာရှိ(သစ်တော၊ငြိမ်း)
### အသက်(၆၂)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊(၃၉-အေ)ရပ်ကွက်၊ သစ္စာ ၆ လမ်း၊ အမှတ် ၁၉၀ နေ Pi Kip Hlei ၏ခင်ပွန်း၊ Pu Len Ceu - Pi Sui Thluai တို့၏သားကြီး၊ Pu Sui Lian Thang၊ Pu Ral Lian Sum°၊ Pi Lal Biak Mawi°၊ Pi Sui Nei၊ Pu Van Duh Cuang Pastor Van Bawi Nawlတို့၏အစ်ကိုကြီး၊ Saya Thian Khaw Pau(ဓမ္မကထိက၊ METS)၊ (Bawi Lian Bik)-ဒေါ်ချိုချိုဦးတို့၏ဖခင်၊ Mr.Za Lian Sum(B.,Th.Final) Peter Van Biak Lalတို့၏အဘိုးသည် ၁၇-၅-၂၀၀၄ရက် ညနေ ၅ နာရီ၌ နေအိမ်တွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၂၀-၅-၂၀၀၄ရက်(ကြာသပတေးနေ့)မွန်းလွဲ ၁ နာရီတွင် ဒဂုံမြို့သစ်ရှိ Myanmar Bible Missions Church တွင် ဝတ်ပြုဆုတောင်းပြီး ရေဝေးခရစ်ယာန်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးရှိ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအားသိစေအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

## ခရစ်တော်၌အိပ်ပျော်ခြင်း
## ဆရာဦးဇော်မိုးထွန်း
### သင်းအုပ်ဆရာ(မကွေး)
### အသက်(၃၇)နှစ်

မကွေးမြို့၊နှစ်ခြင်းခရစ်ယာန်အသင်းတော် သင်းအုပ်ဆရာကြီး(ဦးထွန်းရွှေ-ဆရာမကြီး ဒေါ်ခင်ဖြူ)တို့၏ သား၊ ဒေါ်ခင်လှထွန်း၊ (စောမောင်ချို)၊ ဒေါ်ခင်မြထွန်း-ဦးထွန်းလင်း၊ ဦးထွန်းဦး၊ ဒေါ်ခင်နွယ်ထွန်း-စောလယ်ဝေး၊ ဒေါ်ဖြူဖြူထွန်း-ဦးစိုးနိုင်တို့၏မောင်၊ ဆရာဦးမျိုးထွန်း(တောင်ကြီး)၏အစ်ကိုသည် မကွေးမြို့နေအိမ်၌ ၁၉-၅-၂၀၀၄ရက်တွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၂၀-၅-၂၀၀၄ရက် နံနက် ၁၀ နာရီတွင် မြေမြှုပ်သင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမောင်နှမများ။

## လင်အိုက်ကျုံး(ခ)
## ဦးဟန်ချွန် (ဖျာပုံ)
### အသက်(၉၅)နှစ်

ဖျာပုံမြို့နှင့် ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ အမှတ် ၆၃၊ ၂၅ လမ်း၊ (၁)ရပ်ကွက်နေ (ဒေါ်ခင်စိန်)၏ခင်ပွန်း၊ ဦးစိုးလှ-ဒေါ်လီလီမြင့်၊ ဦးစံငြိမ်း(ဥက္ကဋ္ဌ ဈေးသာယာရေးအဖွဲ့၊ ဗိုလ်ချုပ်အောင်ဆန်းဈေး)-ဒေါ်လှကြည်၊ ဒေါ်ခင်မြမြ(အလယ်တန်းပြ-ငြိမ်း၊ အထက-၄၊ တာမွေ)၊ ဦးတင်ဝင်း-ဒေါ်ဌေးဌေးတို့၏ဖခင်၊ ကိုအောင်ကျော်ဦး၊ ဒေါက်တာရန်လင်း - ဒေါက်တာအေးအေးနှင်း၊ ကိုကျော်ကျော်အောင်၊ ကိုမျိုးအောင်-မသာယာသူဝင်း၊ကိုကျော်မင်းသူ(လဝက၊ရုံးချုပ်)-မအေးအေးမွန်(အာရှဓနဘဏ်ရုံးချုပ်)၊ ဒေါက်တာငြိမ်းသူဇာတင့်(ရန်ကုန်ပြည်သူ့ဆေးရုံကြီး)၊ မငြိမ်းအေးအေးကြွယ်(မြန်မာစိန်နှင့် မှိုက်စိန်ဖြန့်ချိရေး၊ သံဖြူရုံ ဗိုလ်ချုပ်ဈေး)၊ မောင်အောင်ရဲဗိုလ်(Discovery Digital Co., Ltd.)တို့၏အဘိုး၊ မောင်ငြိမ်းချမ်းစံ၊ မောင်ယုံရှမ်းတို့၏ ဘိုးဘိုးကြီးသည် ၁၈-၅-၂၀၀၄ရက်(အင်္ဂါနေ့) နံနက် ၇း၄၅ နာရီတွင် ကွယ်လွန်သွားပါ၍ ၂၀-၅-၂၀၀၄ရက်(ကြာသပတေးနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်၌မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (၂၅ လမ်း နေအိမ်မှကားများ နံနက် ၁၀း၃၀ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

## ဘုရား၊ရဟန်း၊သိမ်၊ကျောင်းအမ
## ဒေါ်ကျင်ရွှေ
### ဗဟန်း(ဦးမှန်းထမင်းဆိုင်)
### အသက်(၇၆)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရေတာရှည်လမ်းသစ်၊ အမှတ် ၃၉ နေ (ဦးချင်းယား-ဒေါ်အေးရင်)တို့၏သမီး၊ (ဦးမှန်း)၏ဇနီး၊ ဦးကျင်သိန်း-ဒေါ်ခင်အေးတို့၏အစ်မ၊ ဦးကျော်ထွန်း(ကြယ်ငါးပွင့်)-(ဒေါ်တင်တင်နွဲ့)၊ ဦးဝင်းထွန်း(မြန်မာ့လေကြောင်း၊ စက်မှုဌာန) - ဒေါ်မူမူ၊ ဦးအောင်မြိုင် - ဒေါ်အေးအေးမော်၊ ဦးကိုကိုနိုင်-ဒေါ်နုနုအေးတို့၏ မိခင်၊ မြေးခုနစ်ယောက်တို့၏ အဘွားသည် ၁၈-၅-၂၀၀၄ရက်(အင်္ဂါနေ့)ည၈း၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၅-၂၀၀၄ရက် ညနေ ၄ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ ညနေ ၃ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

## ဘုရား၊ရဟန်းဒါယကာကြီး
## ဦးမောင်ပွား(ခ)ဦးလီဂွမ်း
### (မော်လမြိုင်)
### အသက်(၇၆)နှစ်

ရန်ကုန်မြို့၊မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်တော်ကလေး တောင်ပိုင်းရပ်ကွက်၊ မြန်မာ့ဂုဏ်ရည်လမ်း၊ အမှတ် ၁၀၇ နေ ဒေါ်ညွှန့်၏ခင်ပွန်း၊ ဦးလှဝင်း-ဒေါ်ဌေးဌေးမြင့်၊ ဦးသိန်းကြည်(ခ) ဦးကေသရ၊ ဦးယုကြည်-ဒေါ်စမ်းစမ်းမော်၊ ဦးချိုသိန်း-ဒေါ်သန္တာဖြူ၊ ဦးဌေးအောင်၊ ဦးနေလင်းတို့၏ဖခင်၊ မြေးလေးယောက်တို့၏အဘိုးသည် အမှတ် ၆/၄၊ စည်ပင်သာယာလမ်း၊ မော်လမြိုင်မြို့သည် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ၁၆-၅-၂၀၀၄ရက် ည ၇း၁၅ နာရီတွင် ကွယ်လွန်သွားပါ၍ ၂၀-၅-၂၀၀၄ရက် နံနက် ၁၁း၃၀ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉း၃၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

## ခရစ်တော်၌အိပ်ပျော်ခြင်း
## Rev. Hrang Hu
### (ဝါယာလက်၊မင်္ဂလာဒုံမြို့နယ်)
### အသက်(၆၄)နှစ်

ထန်တလန်မြို့နယ်၊ တလန်ခွားကျေးရွာနေ (Pu That Luai)၊ (Pi Dawt Par)တို့၏သားကြီး၊ Pi Tanh Chingi ၏ ခင်ပွန်း၊ မောင်ကျော်ဆန်းဦး၊ မောင်ကျော်ဆန်းမြင့်၊ မောင်ကျော်ဆန်းနိုင်၊ မခင်စန်းဝင်း၊ မောင်ကျော်ဆန်းလင်းတို့၏ဖခင် Rev. Hrang Hu(သင်းအုပ်၊ BMCအသင်းတော်)သည် ၁၉-၅-၂၀၀၄ရက် ၅း၁၅ နာရီ၌နေအိမ်တွင် ခရစ်တော်၌အိပ်ပျော်သွားပါ၍ ၂၁-၅-၂၀၀၄ရက် မွန်းလွဲ ၂ နာရီတွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံသုသာန်၌ ဝတ်ပြုဆုတောင်းပြီး သင်္ဂြိုဟ်ပါမည်။ (အမှတ် ၅၆၊ ပလရအိမ်ခြံ ၂၀၊ ၂ လမ်း၊ ဝါယာလက် နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

## ဒေါ်စန်းမြင့်(ခ)ဒေါ်မာပု
### ကော့ဘိန်း(ကော့ပေါက်)
### အသက်(၈၅)နှစ်

ရွှေပေါက်ကံမြို့သစ်၊ အမှတ် ၁၂၂၊ (၂၀)ရပ်ကွက်၊ ဦးအောင်ဇေယျလမ်းသွယ် ၂ နေ (ဦးဘကျော်-ဒေါ်အုန်းမေ)တို့၏သမီးကြီး၊ ကော့ပေါက်ရွာနေ (ဦးဗေဒါ-ဒေါ်မှင်)တို့၏ သမီးချွေးမ၊ (ဦးမောင်ပိန်)၏ဇနီး၊ (ဦးဖိုးညွှန့်-ဒေါ်ခင်နု)တို့၏ညီမ၊ မောင်နှမ ၁၂ ယောက်တို့၏အစ်မကြီး၊ ဒေါ်ဝင်းကြည်၊ ဦးတင်ဝင်း-ဒေါ်အုန်းမြင့်တို့၏မိခင်၊ မြေး ၁၀ ယောက်တို့၏အဘွား၊ မြစ်နှစ်ယောက်တို့၏ဘွားဘွားကြီးသည် ၁၈-၅-၂၀၀၄ ရက် (အင်္ဂါနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၅-၂၀၀၄ရက် (ကြာသပတေးနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁း၃၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

## ဘုရား၊ရဟန်း၊သိမ်၊ကျောင်းဒါယိကာမကြီး
## ဒေါ်စိုး(ခ)ဒေါ်ဆိုး(တောင်သာ)
### အသက်(၇၉)နှစ်

ရန်ကုန်မြို့၊ တိုက် ၁၆၊အခန်း ၃၊ မင်းဒင်လမ်း၊သုဝဏ္ဏနေ(ဦးမောင်ဆောင်-ဒေါ်အေးကျော်)တို့၏သမီး၊(ဦးသာတင်-ဒေါ်ရွှေနု)တို့၏ချွေးမ၊ (ဦးထွန်းကြည်)၏ဇနီး၊ ဦးကြည်သိန်း(အဆောက်အအုံအထူးအဖွဲ့-၅)-ဒေါ်ခင်နှင်းဆွေ(ဆေးဘုရင်၊ ဗိုလ်ချုပ်ဈေးသစ်)၊ ဒေါက်တာဦးခင်မောင်ဝင်း - ဒေါ်ခင်ခင်ငြိမ်း၊ ဦးပိုက်ရ (အမက-၉၊ ကြည့်မြင်တိုင်)-ဒေါ်ခင်စမ်းလွင်(အမက-၅၊ ကြည့်မြင်တိုင်)၊ဒေါ်မေစီကြည်(J.A.T အထက-၁၊ ဒဂုံ)၊ ဒေါ်မေနီကြည်(စိုက်ပျိုးရေးရုံးချုပ်)တို့၏မိခင်၊ မအေးမင်းမင်းလှိုင်၊ မောင်သိန်းဆွေဦး၊မောင်နေမျိုးလှိုင်၊မရွှေရည်ဖြိုးတို့၏အဘွားသည်၁၈-၅-၂၀၀၄ရက်(အင်္ဂါနေ့) နံနက် ၂း၁၃ နာရီတွင် ကွယ်လွန်သွားပါ၍ ၂၀-၅-၂၀၀၄ ရက် (ကြာသပတေးနေ့)နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက်၉း၃၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

## ဦးမြအောင် (မတ္တရာ)
### ဦးစီးအရာရှိ(ငြိမ်း) လဝက
### အသက်(၇၆)နှစ်

မန္တလေးတိုင်း၊ မြစ်သားမြို့နေ ဦးသိန်းမောင်-ဒေါ်ဖွားမြစ်တို့၏သား၊ မတ္တရာမြို့နေ ဦးခင်သန်း-ဒေါ်တင်ကြည်(အထက)၊ ရန်ကုန်မြို့နေ ဒေါ်မြင့်မြင့်သန်း (သချာဌာန၊ ဒဂုံတက္ကသိုလ်)၊ မတ္တရာမြို့နေ ဦးခင်မောင်တင်(လဝက)-ဒေါ်ခင်မာစီ၊ ဦးအေးကြူ(ပြည်ထဲရေး)-ဒေါ်သိန်းသိန်းအေး(လဝက)၊ ဦးခင်မောင်ဆွေ(သစ်တောဦးစီးဌာန)-ဒေါ်သန်းသန်းထွေး(တရားရုံး)၊ ဒေါ်မိမိငယ်(Fisca မန္တလေး)၊ ဒေါ်ချိုချိုဆင့်(Super Lamp)၊ ဒေါ်တိုးတိုးအောင်၊ ဦးထက်မြက်အောင်-ဒေါ်မိုးမိုးအောင်တို့၏ဖခင်၊ မတ္တရာမြို့၊ အမှတ်(၂)နယ်မြေ၊ မြို့သစ်ရပ်နေ ဒေါ်ခင်ရွှေ၏ခင်ပွန်းသည် ၁၉-၅-၂၀၀၄ရက် နံနက် ၇း၁၅ နာရီတွင် ကွယ်လွန်သွားပါ၍ ၂၀-၅-၂၀၀၄ရက် မွန်းတည့် ၁၂ နာရီတွင် မတ္တရာမြို့၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု။

## ခရစ်တော်၌အိပ်ပျော်ခြင်း
## Pa Do Hmung
### အသက်(၃၄)နှစ်

ချင်းပြည်နယ်၊ ဟားခါးမြို့နယ်၊ ဆူရ်ခါးကျေးရွာနေ Pu Mang Hram- Pi Ni Phawng တို့၏ တတိယမြောက်သား၊ Nu Khin Mya Win၊ Pu San Tin Mang (GE-2၊ ဂြိုဟ်တုဆက်သွယ်ရေး)- Pi Tial Tang, Pu Thawng Kam Mang- Pi Run Hliang, Pi Cherry Mang(မူ/ပြ)- Pu Mg Mg တို့၏ ညီ/မောင်၊ Pa Za Len Hmung, Nu Hniang Men Tial (မူ/ပြ) တို့၏အစ်ကိုသည် ၁၈-၅-၂၀၀၄ရက် နံနက် ၆း၃၀ နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၂၀-၅-၂၀၀၄ ရက်(ကြာသပတေးနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေး ခရစ်ယာန်သုသာန်၌ ဝတ်ပြုစည်းဝေးပြီး ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (ကားများကို ဂြိုဟ်တုဆက်သွယ်ရေးဝင်း၊ တိုးကြောင်ကလေး၊ မ/ဒဂုံ မန္တလေးမှတ်တိုင်၊ ယုဇနဥယျာဉ်မြို့တော်၊ လှိုင်သီရိအိမ်ရာ၊ အင်းစိန် M.I.T တို့မှ နံနက် ၁၁ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

## ဘုရား၊ရဟန်းဒါယကာကြီး
## ဦးကျင်စိန် (ရင်းငြိမ်)
### အသက်(၈၀)

ပေါင်မြို့နယ်၊ ရင်းငြိမ်မြောက်ကျေးရွာ၊ ကားဂိတ်နေ(ဒေါ်စာပေါ)၏ခင်ပွန်း၊ (ဦးဘစိုး)-ဒေါ်ရီရီသန်း(ခ)ဒေါ်ကောက်တန်၊ ဦးသန်းထွန်း-ဒေါ်ညွှန့်တင်၊ ဒေါ်တင်တင်နွယ်၊ ဦးလှမြင့်-ဒေါ်တင်နု၊ ဦးမောင်အုန်း-ဒေါ်လှအေး၊ ဦးမင်တင်-ဒေါ်အေးအေး၊ ဦးမြင့်ထွန်း-ဒေါ်ခင်သိန်းကြည်၊ ဦးကျော်ဝင်း-ဒေါ်စမ်းစမ်းအေး၊ ဦးရဲထွန်း(ခ)ဦးတိုးပွား၊ ဒေါ်ကျင်လှိုင်၊ ဒေါ်ကျင်ထွေးတို့၏ဖခင်၊ မြေး ၂၅ ယောက်တို့၏အဘိုး၊ မြစ်လေးယောက်တို့၏ ဘိုးဘိုးကြီးသည် ၁၈-၅-၂၀၀၄ရက် (အင်္ဂါနေ့) နံနက် ၃း၁၅ နာရီတွင် ကွယ်လွန်သွားပါ၍ ၂၀-၅-၂၀၀၄ရက်(ကြာသပတေးနေ့)မွန်းလွဲ ၂ နာရီတွင် ရင်းငြိမ်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၂၄-၅-၂၀၀၄ရက်(တနင်္လာနေ့)တွင် အထက်ပါနေအိမ်၌ ရက်လည်ဆွမ်းကျွေးတရားနာမည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေး မိတ်ဆွေအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု။

## ဒေါ်လှ(ခ)ခေါ်ကြွေအင်
### (လက်ပံတန်း)
### အသက်(၈၀)

ပဲခူးတိုင်း၊ လက်ပံတန်းမြို့၊ အမှတ် ၂၊ လမ်းမတော် ၅ လမ်းထိပ်နေ (ဦးပါဝါး)၏ဇနီး၊ (ဦးဝမ်လှိုင်း-ဒေါ်တင်အောင်)၊ [ဦးဝမ်စွန်(ခ)ဦးဝင်းကြည်]-ဒေါ်သန်းသန်းမြင့်၊ ဦးသန်းဦး-ဒေါ်ရှုဟုန်၊ ဦးအောင်ထွန်း-ဒေါ်မွေဟုန်၊ ဦးဝမ်မင်း-ဒေါ်စန်းမူ၊ ဦးဝမ်လျုံး-ဒေါ်သီတာစမ်း၊ ဦးဝမ်လျှမ်း(ခ)ဦးဝင်းထိုက်-ဒေါ်သန်းသန်း၊ (ဦးသက်နိုင်ဦး)၊ ဒေါ်ရှုဝိုး၊ ဦးဝင်းထွဋ်တို့၏မိခင်၊ မြေး ၁၇ ယောက်၊ မြစ်လေးယောက်တို့၏ အဘွားသည် ၁၉-၅-၂၀၀၄ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၁၀ နာရီတွင် အထက်ပါ လက်ပံတန်းမြို့နေအိမ်၌ကွယ်လွန်သွားပါသဖြင့် ၂၁-၅-၂၀၀၄ရက် (သောကြာနေ့)မွန်းလွဲ ၂ နာရီတွင် လက်ပံတန်းမြို့ အရှေ့သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု။

## ဘုရား၊ရဟန်း၊ကျောင်းဒါယကာကြီး
## ဦးထွန်းတင် (ဖြူး၊သာဂရ)
### (ဖောင်ကြီးအပေါင်ဆိုင်)
### အသက်(၇၃)နှစ်

ရန်ကုန်တိုင်း၊ လှည်းကူးမြို့နယ်၊ ဖောင်ကြီးအနောက်၊ ပေတရာပိုင်းနေ ဒေါ်ငွေ၏ခင်ပွန်း၊ဒေါ်ခင်စောဦး(အထက၊ ဖောင်ကြီး)၊ ဦးသက်လွင်-ဒေါ်နီနီရွှေ (လှည်းကူးမြို့)၊ ဦးအေးလွင်-ဒေါ်ချိုချိုမာတို့၏ဖခင်၊မြေးလေးယောက်တို့၏အဘိုးသည် ၁၉-၅-၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့) တွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၅-၂၀၀၄ရက် (သောကြာနေ့)တွင် ဖောင်ကြီးသုသာန်သို့ပို့ဆောင်သင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

## ဘုရား၊ရဟန်း၊ကျောင်းဒါယကာကြီး
## ဦးသောင်းညွှန့်
### တပ်မတော်-ရေ(ငြိမ်း)
### ရွှေဖလားဆန်ဆိုင်၊ရေကျော်လမ်း
### အသက်(၆၅)နှစ်

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ ရွှေဘုန်းပွင့်ဘုရား၊ မင်္ဂလာစံကျောင်းဆရာတော် ဘဒ္ဒန္တကောဝိဒ၏ ရဟန်းဒါယကာကြီး၊ မအူပင်မြို့၊ ရေလဲကလေးကျေးရွာနေ ဦးဘိုးစော-ဒေါ်ကလေးမတို့၏သား၊ မအူပင်မြို့နေ ဦးလှ-ဒေါ်သန်းကြည်တို့၏သားသမက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ တောင်လုံးပြန်ရပ်ကွက်၊ရတနာလမ်း၊အမှတ် ၁၅ နေ ဒေါ်ခင်အေး၏ခင်ပွန်း၊ ကိုကျော်မောင်-မမူမူအေး ကိုသက်နိုင်ညွှန့် (AB°ဆာဘာကုမ္ပဏီ)၊ ကိုသက်လွင်ကို(AB° ဗစ်တိုးရီးယားကုမ္ပဏီ) - မကြည်ကြည်မြင့်၊ ကိုကျော်စွာဝင်း (AB ဂိုးဒင်းအီးဂဲလ်ကုမ္ပဏီ)တို့၏ဖခင်၊ မောင်ဟိန်းထက်စိုး-မမြတ်အိမ်လွင်၊ မောင်ဇေယျာလင်းတို့၏အဘိုးသည် ၁၈-၅-၂၀၀၄ရက် နံနက် ၇း၂၀နာရီတွင် အာရှတော်ဝင်ဆေးခန်း၌ကွယ်လွန်သွားပါ၍ ၂၀-၅-၂၀၀၄ရက် မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။)

၂၄-၅-၂၀၀၄ရက် (တနင်္လာနေ့)တွင် ကွယ်လွန်သူအားရည်စူး၍ အထက်ပါနေအိမ်၌ ရက်လည်ဆွမ်းကျွေးတရားနာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု။

**ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ နတ်မောက်လမ်းသွယ်(၁)၊ အမှတ်(၅၃)၊ မြန်မာ့အလင်းသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ် ၄၀၊ ကြေးနန်းလိပ် မြန်/လင်း၊ စာတည်းမှူး ၅၄၄၃၁၃၊ မန်နေဂျာ ၅၄၄၃၁၄၊ စာတည်းအဖွဲ့ ၅၄၄၃၀၉၊ စီမံ ၅၄၄၃၁၅၊ ငွေစာရင်း ၅၄၄၃၁၆၊ ဖြန့်ချိ ၅၄၄၃၁၇၊ ကြော်ငြာ ၅၄၅၈၃၄၊ ပုံနှိပ် ၅၄၄၃၁၈။** **R. 488**

အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စုခန်းမ၌ ဆက်လက်ကျင်းပစဉ်။ (သတင်းစဉ်)

# အမျိုးသားညီလာခံစုံညီအစည်းအဝေး မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်း၌ ဆက်လက်ကျင်းပ ညီလာခံအစည်းအဝေးတက်ရောက်သူ ၉၇ ဒသမ ၅၃ ရာခိုင်နှုန်းရှိ၍ အစည်းအဝေးအထမြောက် စီးပွားရေးကဏ္ဍ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍ၊ စွမ်းအင်၊ လျှပ်စစ်၊ သတ္တုနှင့် သစ်တောကဏ္ဍ၊ စက်မှုလက်မှုကဏ္ဍနှင့် ပို့ဆောင်ဆက်သွယ်ရေးကဏ္ဍများ လုပ်ငန်းကော်မတီကရှင်းလင်းတင်ပြ

ရန်ကုန် မေ ၁၉

**အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို ယနေ့နံနက် ၉နာရီတွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စုခန်းမ၌ ဆက်လက်ကျင်းပရာ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင်ပါဝင်မည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းများအတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများနှင့် စပ်လျဉ်း၍ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီက စီးပွားရေးကဏ္ဍ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍ၊ စွမ်းအင်၊ လျှပ်စစ်၊ သတ္တုနှင့် သစ်တောကဏ္ဍ၊ စက်မှုလက်မှုကဏ္ဍနှင့် ပို့ဆောင်ဆက်သွယ်ရေးကဏ္ဍတို့ကို ရှင်းလင်းတင်ပြသည်။**

ယနေ့ကျင်းပသည့် အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့ အမျိုးသား ညီလာခံကျင်းပရေး ကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်နှင့် ကော်မရှင်အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုးနှင့် လုပ်ငန်းကော်မတီအဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်နှင့် စီမံခန့်ခွဲမှုကော်မတီအဖွဲ့ဝင်များ၊ နိုင်ငံရေးပါတီများဖြစ်သည့် ကိုးကန့်ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီ၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ၊ ပြည်ထောင်စု ကရင် အမျိုးသားအဖွဲ့ချုပ်၊ ပြည်ထောင်စု ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်၊ မြို(ခ)ခမီ အမျိုးသားညီညွတ်ရေးအဖွဲ့၊ လားဟူအမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးပါတီ၊'ဝ' အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီတို့မှ ကိုယ်စားလှယ်များ၊

*စာမျက်နှာ ၃ ကော်လံ ၁* ■

အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စုခန်းမ၌ ဆက်လက်ကျင်းပရာ အခမ်းအနားမှူးအဖြစ် အမျိုးသားညီလာခံ ကျင်းပရေး ကော်မရှင်အတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ဆောင်ရွက်စဉ်။ (သတင်းစဉ်)

## အမျိုးသားညီလာခံသည် ကျွန်ုပ်တို့ တိုင်းရင်းသားအားလုံး၏ အရေးကိစ္စ ဖြစ်သည်။

အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စုခန်းမ၌ ဆက်လက်ကျင်းပရာ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရာတွင် ပါဝင်မည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းများအတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့် မူများနှင့်စပ်လျဉ်း၍ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုးက "စိုက်ပျိုးရေးနှင့် မွေးမြူရေး ကဏ္ဍ"ကို ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)